မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ( ) တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၇)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ တနင်္လာနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဒီမိုကရေစီစနစ်စတင်ကျင့်သုံးချိန်တွင် ပညာအခြေခံခိုင်မာမှ ဒီမိုကရေစီစနစ် ခိုင်မာမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယမန်နေ့ ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝဏ္ဏကျော်ထင် အမေထိန်းခန်းမ၌ကျင်းပသည့် ၂၀၁၂-၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပျော်ဘွယ်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဆင်းရဲနွမ်းပါး ပညာသင်ဆု ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆင်းရဲနွမ်းပါးပြီး ပညာရည်ထူးချွန်သည့် ကျောင်းသားကျောင်းသူများအား ပညာသင်ဆုထောက်ပံ့ငွေပေးအပ်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ပိုမိုတိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်၌ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနေချိန်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်နှင့် ဒေသတွင်းနိုင်ငံများကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ဆိုလျှင် အခြေခံအုတ်မြစ်မှာ ပညာရေးပင်ဖြစ်ကြောင်း၊ ပညာရေးတိုးတက်မှသာ နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများတွင် ဦးဆောင်နိုင်သူများထွက်ပေါ်လာမှာဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်၏ ပညာရေးကို သုံးသပ်ပါက အထိုက်အလျောက် မြင့်မားမှုရှိပါကြောင်း၊ သို့သော် နိုင်ငံတော်၏ စီးပွားရေးကျဆင်းလာသည်နှင့်အမျှ ပညာရေးဝန်ထမ်းများ၏ အားနည်းချက်ရှိလာပါကြောင်း။

ယနေ့ဒီမိုကရေစီစနစ် စတင်ကျင့်သုံးချိန်တွင် ပညာအခြေခံခိုင်မာမှ ဒီမိုကရေစီစနစ်ခိုင်မာမှာ ဖြစ်သည့်အတွက် ပညာရေးဝန်ထမ်းများက မိမိတို့၏ သင်ကြားရေးပိုင်းတွင် ကိုယ်ရောစိတ်ပါ နှစ်မြှုပ်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ▲

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော် ဝဏ္ဏသိဒ္ဓိ ပိုက်ကျော်ခြင်း အားကစားရုံ၌ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

လိုက်လံနှုတ်ဆက်

အဆိုပါ အခမ်းအနားသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာ သုံးနိုင်ငံဖိတ်ခေါ်၍ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ လေးရက်တိုင်တိုင် ပြိုင်ပွဲကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ယနေ့ မာတိကာ

တရုတ်နိုင်ငံအရှေ့ပိုင်း တိုင်ဖွန်းမုန်တိုင်းဝင်ရောက် ဖွယ်ရှိ၊ အနီရောင်အဆင့်ဖြင့် သတိပေးချက်ထုတ်ပြန်ထား — စာ - ၄

ကျွန်တော်နဲ့ အသေးစားချေးငွေ (ဆောင်းပါး) — စာ - ၆

အလုတွင် အယဉ်ဆင့်၍ အသွင်တင့်လာခဲ့သော ရန်ကုန်မြို့လယ်ရပ်ဝန်း တစ်နေရာ — စာ -၁၀

စီရိုနယ်ဒိုဂိုးနဲ့ သိက္ခာ ဆယ်နိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ် — စာ - ၁၄

ပြောက်အိုးတွေ ထာဝရ... ပပျောက်ပါစေကြောင်း — စာ - ၁၆

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ် ရှေးရိုးစဉ်လာမပျက် ရိုးရာပွဲတော်အဖြစ် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့တိုင် ဖြစ်သည်။

တူယှဉ်နွဲ့ပျော် ကျောက်ဆည်မြို့ရဲ့ ရိုးရာဆင်အလှူပွဲတော်

ကျောက်ဆည် အောက်တိုဘာ ၆

"ဆင်မြို့တော်"ဟူသော နာမည်နှင့်လိုက်ဖက်အောင် တောင်မြောက်ဝဲယာမှ ရောက်လာကြမည့် ရဟန်းရှင်လူ၊ ပြည်သူပြည်သားများကို ယဉ်ကျေးသိမ်မွေ့လှသည့် မြို့သူမြို့သားများကိုယ်စား မြန်မာမှု မြန်မာ့ဟန်ဖြင့် ရုပ်လုံးဖော်ထားသော ဆင်ဖြူတော်ကြီးနှစ်စီးက အသီးသီးနွေးထွေးစွာ မြို့အဝင်တွင် ကြိုဆိုနှုတ်ခွန်းဆက်သလျက်ရှိသည်။ ယင်းမြို့တော်ကြီးက မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့၏တောင်ဘက် မိုင် ၃၀ ခန့်အကွာတွင် တည်ရှိသည့် ဆင်မြို့တော်ခေါ် ကျောက်ဆည်မြို့ပင်ဖြစ်သည်။

ကျောက်ဆည်မြို့တွင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့်လပြည့်နေ့တို့တွင် ဆင်အကအလှနှင့် ဆင်ပြိုင်ပွဲများပါဝင်သော ဆင်လှူပွဲတော်ကို ကျင်းပလေ့ရှိသည်။ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် မည်သည့်အရပ်ဒေသတွင်မှ ကျင်းပခြင်းမရှိသော ထူးခြားသည့်ပွဲတော်တစ်ခုဖြစ်၍ ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်ရှိ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များပါမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပါ လာရောက်ကြသဖြင့် ကြက်ပျံမကျ စည်ကားလှသည်။ ယခုနှစ် ဆင်လှူပွဲတော်ကြီးကို အောက်တိုဘာ ၁၈ ရက်၊ ၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

ကြော်ငြာအချုပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သမ္မာအာဇီဝ

"ကောင်းစွာလယ်လုပ်ခြင်း၊ ကောင်းစွာရောင်းဝယ်ဖောက်ကားခြင်း၊ ကောင်းစွာအသက်မွေးဝမ်းကျောင်းပြုခြင်းတို့ကို သမ္မာအာဇီဝအလုပ်ဟု ဆို၏။ သမ္မာအာဇီဝကောင်းစွာအသက်မွေးဝမ်းကျောင်းပြုခြင်းအလုပ်သည် ယခုလက်ရှိပစ္စက္ခဘဝတွင်သာမက နောင်သံသရာအတွက်လည်း ကောင်းပေ၏။ အမှန်စင်စစ် ဤသို့အသက်မွေးဝမ်းကျောင်းခြင်း အလုပ်သည် အပြစ်ကင်းသောအလုပ်လည်းဖြစ်ပေ၏။

သို့သော် ဤလောက၌ သမ္မာအာဇီဝဖြင့် အသက်မွေးကြသူချည်းသာ ရှိကြသည်မဟုတ်။ မိမိဝမ်းဝရေး၊ မိမိကြီးပွားရေး၊ မိမိချမ်းသာရေးတို့ကိုသာ အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသူများလည်းရှိ၏။ ထိုသူများက ပိုမိုများပြားလှ၏။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသူများသာ များပြားလှ၏။ ထိုသူများသည် 'ပရ'မရှိ၊ 'အတ္တ'သာရှိ၏။ အရာရာမိမိအတွက်သာ အဓိကဖြစ်၏။ မိမိသာလျှင်ကြီးပွားချင်သည် ဆိုသူများပင်ဖြစ်၏။

မိမိတို့ကုန်ပစ္စည်းများရောင်းအားကောင်းရေးတစ်ခုတည်းကိုသာရှေးရှုပြီး မမှန်မကန် ပြုလုပ်ရောင်းချခြင်းသည် သမ္မာအာဇီဝအလုပ်မဟုတ်ပေ။ ဝိသမလောဘကိုသာ ဦးစားပေးလုပ်ကိုင်ခြင်းပင်ဖြစ်၏။ မမှန်မကန် အသက်မွေးဝမ်းကျောင်းပြုခြင်းအလုပ်သည် တာရှည်မခံနိုင်ပါ။ ခေတ္တအခိုက်အတန့်အားဖြင့်သာ ကြီးပွားတိုးတက်နိုင်၏။ ယနေ့ခေတ်တွင် အတုအယောင်တို့များပြားလာ၏။ အစစ်အမှန်တို့အပေါ် အတုအယောင်များက လွှမ်းမိုးရန် ကြိုးစားလာကြ၏။ သို့သော် အတုအယောင်သည် တာရှည်မခံနိုင်ပါ။ အစစ်သည်သာ တာရှည်ခံနိုင်စွမ်းရှိပေသည်။ အတုအယောင်လုပ်ပြီး ကြီးပွားခြင်းသည် ခေတ္တမျှသာကြီးပွားတိုးတက်နိုင်မည်ဖြစ်သည်။

သို့သော် ထိုအတုအယောင်လုပ်၍ ကြီးပွားခြင်းသည် ခေတ္တမျှဖြစ်သော်လည်း တစ်ဖန်ပြန်လည်ခံစားရမည့် အပြစ်သည်ကား သံသရာတစ်လျှောက်လုံးအတွက် ဖြစ်နိုင်သည်။ ကျွန်ုပ်တို့လူ့ဘဝသည်ကား တိုတောင်းလှ၏။ နှစ် ၆၀၊ ၇၀ ဆိုသည်မှာ ကြာသည်မဟုတ်ပါ။ လူ့သက်တမ်းအသက်ရှင်နေထိုင်ရစဉ်ကာလအတွင်း ကောင်းစွာအသက်မွေးခြင်းအလုပ်ကို မလုပ်နိုင်ပါမူ သံသရာတစ်လျှောက် အဖန်ဖန်တလဲလဲခံရမည့် ပြစ်ဒဏ်သည်ကား ကြီးမားလွန်းလှ၏။ ရယူမှုနှင့် ပေးဆပ်မှုတွင် ပေးဆပ်ရသည်က ပိုမိုများပြားပေ၏။ ထို့ကြောင့် လူ့ဘဝနေရအခိုက်အတန့်ကာလတွင် မမှန်မကန်ရောင်းဝယ်ဖောက်ကားခြင်းအလုပ်ကို ရှောင်ကြဉ်၍ သမ္မာအာဇီဝကောင်းစွာအသက်မွေးဝမ်းကျောင်းခြင်းအလုပ်ကိုသာ အစဉ်သဖြင့် နှလုံးသွင်းအပ်ပေကြောင်း။ ။

စက်တင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကတစ်ဆင့် ပေးအပ်ချီးမြှင့်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ပညာရေးထောက်ပံ့ငွေများကို လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယကမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်စိုး ပေးအပ်စဉ်။ (၁၂၂)

ပြည်တွင်းသတင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ ကျောင်းဆောင်သစ်ပန္နက်တင်

ရန်ကုန် အောက်တိုဘာ ၆

ဘွဲ့လွန်သင်တန်းများအတွက် လိုအပ်နေသည့် စာသင်ခန်းများ၊ လက်တွေ့ခန်း၊ သုတေသနခန်းများအဖြစ်ဆောင်ရွက်ရန် Human Resources Development Centre ကျောင်းဆောင်သစ် ခြောက်ထပ်အဆောက်အအုံကို ရွှေတောင်ဖွံ့ဖြိုးမှုအုပ်စုနှင့် အဖွဲ့ဝင်များက ဆောက်လုပ်လှူဒါန်းရာ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပသည်။

အခမ်းအနား၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ သုတေသနပြုရန်ခြောက်ထပ် အဆောက်အအုံတစ်ခုလှူဒါန်းပေးလိုက်ခြင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကဏ္ဍတွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရေးအတွက် များစွာအထောက်အကူ ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆောက်အအုံ၏ စုစုပေါင်းအကျယ်အဝန်းမှာ ၃၈၀၀၀ စတုရန်းပေဖြစ်ပြီး စာသင်ခန်း ၁၂ ခန်းနှင့်လူ ၂၀၀ ဆံ့ Assembly Hall တစ်ခန်း ပါဝင်မည်ဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၀၀၀၀ကျော် ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက "မြန်မာနိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှု မူဘောင်ပါ အဓိကနယ်ပယ် ၁၀ခုတွင် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍသည် ဦးစားပေးတွင်ရှိပါကြောင်း၊ ယခုကဲ့သို့ သုတေသနပြုရန် ခြောက်ထပ်အဆောက်အအုံတစ်ခု ပေါ်ပေါက်လာခြင်းကလည်း နိုင်ငံတကာတက္ကသိုလ်များ နည်းတူ သင်ကြားရေး အခြေပြုတက္ကသိုလ်အဖြစ်မှ သုတေသနအခြေပြုတက္ကသိုလ်အဖြစ် ကူးပြောင်းရေးတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ ဦးအောင်သန်းက ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆင့်မြင့်နည်းပညာတက္ကသိုလ်များ၏ ဦးစီးကော်မတီဥက္ကဋ္ဌ ပါမောက္ခဦးညီလှငယ်က ကျေးဇူးတင်စကား ပြောကြားသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်ကျောင်းဝင်းနှင့် အဆောက်အအုံနေရာကို ၁၉၆၀ ခုနှစ် ဇွန်လမှစ၍ ဗမာ့စက်မှုတက္ကသိုလ်ဟူသော အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ဆိုဗီယက်လက်ဆောင် ကျောင်းသစ်အသုံးချရေးကော်မတီထောက်ခံချက်ဖြင့် ၁၉၆၃ ခုနှစ် စောစောပိုင်းမှစ၍ ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology) အဖြစ်ပြောင်းလဲခေါ်တွင်သည်။ ၁၉၆၄ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေနှင့်အညီ ပညာရေးဝန်ကြီးဌာနလက်အောက်၌ ဖွဲ့စည်းထားသော တက္ကသိုလ်များအနက် ရန်ကုန်စက်မှုတက္ကသိုလ်လည်းပါဝင်သည်။ ၁၉၉၀ ခုနှစ်တွင် နိုင်ငံခြားအခေါ်အဝေါ်မှ မြန်မာအခေါ်အဝေါ်များသို့ ပြောင်းသောအခါ ရန်ကုန်စက်မှုတက္ကသိုလ်ကို အင်္ဂလိပ်ဘာသာအားဖြင့် Yangon Institute of Technologyဟု ပြင်ဆင်ခဲ့သည်။ ၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်အား ပညာရေးဝန်ကြီးဌာနလက်အောက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းခဲ့ပြီး ၂-၇-၁၉၉၇ ရက်တွင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ ကွပ်ကဲမှုလက်အောက်တွင်ထားရှိသည်။ ၂၂-၅-၁၉၉၈ ရက်က ကျင်းပခဲ့သော တက္ကသိုလ်များဗဟိုကောင်စီ အထူးအစည်းအဝေးနှင့် တက္ကသိုလ်များ ပညာရေးအဖွဲ့များကောင်စီ အထူးအစည်းအဝေးများတွင် တက္ကသိုလ်များအား အမည်ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်စက်မှုတက္ကသိုလ် (Yangon Institute of Technology)အစား ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University)ဟု အမည်ပြောင်းလဲခေါ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းဝေးစေရန် ဝိုင်းဝန်းထိန်းသိမ်းပေးစေလို

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးကို နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့မှ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ရေး၊ ဒေသများဖွံ့ဖြိုးရေး၊ ခရီးလမ်းပန်းလုံခြုံချောမွေ့ရေး၊ အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အကြီးမားဆုံး အထောက်အကူဖြစ်စေရေး ဆိုသည်ကို သာမန်လူတစ်ယောက် အတွေးနှင့်ပင်သိရှိနိုင်သည်။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး လမ်းဖောက်လုပ်နေဆဲ ကာလအပါအဝင်၌ပင် ကန့်သတ်ပိုင်းခြားမှုဖြင့် သွားလာခွင့်ပြုထားခဲ့သဖြင့် လမ်းဖောက်လုပ်ဆဲ သုံးနှစ်တာကာလအတွင်း ယာဉ်မတော်တဆမှု အကြိမ် ၂၄၀ ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၁၀၈ ဦး၊ ဒဏ်ရာရရှိသူ ၅၀၅ ဦးခန့်ရှိကြောင်း သိရသည်။ ယင်းနောက် နေပြည်တော်-မန္တလေး လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုလမ်းပိုင်းတွင် ယာဉ်မတော်တဆမှု ၅၀ ဖြစ်ပွားခဲ့ရာ လူ ၃၉ ဦး သေဆုံးကာ ၁၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်မတော်တဆဖြစ်မှုများ၏ ရာခိုင်နှုန်းအများဆုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် ပျက်ကွက်ခဲ့ကြသော ယာဉ်မောင်းများကြောင့် ဖြစ်သည်။ အထူးသဖြင့် ယာဉ်မောင်းများ အိပ်ငိုက်မှုကြောင့် ဖြစ်ရမှုကများပြား၍ ယခုအခါ ယာဉ်မောင်းများအိပ်ငိုက်ခြင်းမဖြစ်စေရန် သတိပေးသည့် ဆိုင်းဘုတ်များကို စိုက်ထူကာ သတိပေးထားကြောင်း တွေ့ရပေသည်။ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ ခရီးသွားနိုင်ရေးအတွက်လည်း အမြန်လမ်းတွင်ရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကို အထူးဆောင်ရွက်လျက်ရှိပြီး ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် လိုအပ်သည့် နေရာတိုင်းတွင် လမ်းညွှန်အမှတ်အသား သတိပေးဆိုင်းဘုတ်များကို စိုက်ထူခြင်း၊ တံတားအဝင်လမ်းကွေ့များတွင် ဆိုလာမီးတိုင်များ လဲခြင်း၊ လမ်းများကို ပြုပြင်ခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ လမ်းမပေါ်မတက်ရန် လမ်းကင်းများချ၍ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများဘက်ကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုပါသည်။ ယခုအခါ တာဝန်ရှိသူများဘက်က တာဝန်ကျေစွာ လုပ်ဆောင်သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာဘဲ ကုန်တင်ယာဉ်ကြီးများက လမ်းအသုံးပြုခရှောင်ရှားလို၍ ခိုးခိုးဝှက်ဝှက်တက်ရောက်မောင်းနှင်နေသဖြင့် မူလအနေအထားအတိုင်း မပျက်မယွင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးသည် လူတိုင်းအတွက် တာဝန်ရှိလာသည့်အတွက် ကိုယ်စီတာဝန်ယူတတ်စေရန် အကြံပြုရေးသားလိုက်ပါသည်။

ကျော်ကျော်(မလှိုင်)

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု



ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပျော်ဘွယ်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဆင်းရဲနွမ်းပါးပညာသင်ဆု ထောက်ပံ့ငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ကျောင်းသားဗဟိုပြုပညာရေးလုပ်ငန်းစဉ်ကို ကျင့်သုံးကြရန်လိုအပ်ပါကြောင်း၊ ကျောင်းသားများကိုယ်တိုင်က ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဆောင်ရွက်တတ်မှသာ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ယခင်ဘတ်ဂျက်ထက် လေးဆတိုးမြှင့် ချထားပေးခဲ့ပါကြောင်း၊ ယင်းသို့ တိုးမြှင့်ပေးမှုသည် ပညာရေးကဏ္ဍအတွက် ပြည့်စုံလုံလောက်မှုမရှိနိုင်သော်လည်း ယခင်ထက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဆရာ ဆရာမများ၏ သင်ကြားရေးလုပ်ငန်းများ အရည်အသွေးမြင့်မားစေရန်အတွက် သင်တန်းပေးရန် လိုအပ်ပါကြောင်း။

သို့မှသာ ပညာရေးဝန်ထမ်းတိုင်းသည် ပညာရှင်များဖြစ်လာမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ မိဘပြည်သူများကလည်း နိုင်ငံတော်၏ ပညာရေးစနစ်ကို နားလည်ရန်လိုအပ်ပါကြောင်း၊ အရွယ်ရောက်သူတိုင်း ပညာသင်နိုင်စေရန်နှင့် ပညာရည်ထူးချွန်ပြီး ကျောင်းမနေနိုင်သည့် ကလေးများအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများကလည်း လူမှုရေးအသိစိတ်ဖြင့် ကူညီစောင့်ရှောက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ပညာဖြင့်သာ ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်နိုင်မှာဖြစ်ပြီး နိုင်ငံသားတိုင်း ပညာရည်မြင့်မားမှသာ မိမိတို့နှင့်ထိုက်တန်သည့်အစိုးရ ရရှိမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူအားလုံးက မိမိဒေသသာမက တစ်နိုင်ငံလုံး ကျောင်းနေရွယ်ကလေးများ ပညာသင်ကြားနိုင်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပျော်ဘွယ်မြို့နယ်မှ ပညာရည်ချွန် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေ ၁၀ သိန်း လှူဒါန်းပြီး တစ်မြို့နယ်လုံးတွင် အောင်ချက်အကောင်းဆုံး ပထမဆုရ အရှေ့လျှော်ဖြူကုန်း အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ မြောက်ညောင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တတိယဆုရ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင် စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသူနှစ်ဦးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရပ်မိရပ်ဖများ၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာတို့ဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ဆင်းရဲနွမ်းပါးပညာသင်ထောက်ပံ့ငွေ သိန်း ၁၀၀ ကို ဒုတိယအကြိမ်အဖြစ် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အောက်တိုဘာ ၄ ရက် ညပိုင်းတွင် ပျော်ဘွယ်မြို့နယ် ဝဏ္ဏကျော်ထင် အမေထိန်းခန်းမ၌ ကျင်းပသည့် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး စာပေဟောပြောပွဲ၌ စာရေးဆရာကျော်ဝင်းက "ကမ္ဘာပြားပြီ" ခေါင်းစဉ်နှင့် စာရေးဆရာ ချစ်စံဝင်းက "လူ့ဘဝတန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

(သတင်းစဉ်)

နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၆

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt.Hon. David Carter နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၇-၁၀-၂၀၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

❐ ကျောဖုံးမှ

ယင်းပြိုင်ပွဲတွင် မြန်မာ(က)အသင်းနှင့်(ခ)အသင်း၊ ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရိုးရာလှေပြိုင်ပွဲတစ်မျိုးတည်းသာ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။ နံနက်ပိုင်းကျင်းပသော ပွဲစဉ်များတွင် မီတာ (၅၀၀)၁၂ တက် အမျိုးသားပြိုင်ပွဲ၌ မြန်မာ(က)က ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ်၊ မြန်မာ(ခ)က ကြေးတံဆိပ်၊ မီတာ ၅၀၀ ငါးတက်အမျိုးသားပြိုင်ပွဲ၌ မြန်မာ(က)က ရွှေတံဆိပ်၊ မြန်မာ(ခ)က ငွေတံဆိပ်၊ ထိုင်းက ကြေးတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲ၌ မြန်မာ(က)က ရွှေတံဆိပ်၊ မြန်မာ(ခ)က ငွေတံဆိပ်၊ ထိုင်းက ကြေးတံဆိပ်၊ မီတာ (၅၀၀) ၁၂တက် အမျိုးသား အမျိုးသမီးပြိုင်ပွဲ၌ ထိုင်းက ရွှေတံဆိပ်၊ မြန်မာ(ခ)က ငွေတံဆိပ်၊ မြန်မာ(က)က ကြေးတံဆိပ်တို့ဆွတ်ခူးရရှိခဲ့သည်။

ညနေပိုင်းကျင်းပသော ပွဲစဉ်များတွင် မီတာ(၁၀၀၀) ၁၂ တက်အမျိုးသားပြိုင်ပွဲတွင် မြန်မာ(က)က ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားက ကြေးတံဆိပ်၊ မီတာ(၁၀၀၀)၁၂ တက် အမျိုးသား အမျိုးသမီးပြိုင်ပွဲ၌ မြန်မာ(က)က ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ်၊ မြန်မာ(ခ)က ကြေးတံဆိပ်တို့ ရရှိခဲ့သည်။ ဆုများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် နိုင်ငံအလိုက် ဆုရရှိမှု၌ မြန်မာ(က)အသင်းက ရွှေငါးခု၊ ကြေးတစ်ခုဖြင့် ပထမ၊ ထိုင်းအသင်းက ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် ဒုတိယ၊ မြန်မာ(ခ)က ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် တတိယ၊ ကမ္ဘောဒီးယားအသင်းက ကြေးတစ်ခု တို့ရရှိကြသည်။

အထက(၂)ဗဟန်း ထူးချွန်ကျောင်းသားများအားဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၂-၂၀၁၃ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ထူးချွန်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းအားကစားခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ နာယကနှင့် အမှုဆောင်များ၊ စေတနာရှင် အလှူရှင်များနှင့် မိဘများ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရသူ ၁၄ ဦးအပါအဝင် စုစုပေါင်း ၂၉၅ ဦးတို့ကို တာဝန်ရှိသူများက ရွှေသားဆုများ၊ ဆုတံဆိပ်များနှင့် ငွေသားဆုများကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

(အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတကာသတင်း

အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား အနည်းဆုံး လူ ၇၈ ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၆

အီရတ်နိုင်ငံတစ်ဝန်း ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်က အသေခံဗုံးဖောက်ခွဲမှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများ အနှံ့အပြားဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသတွင်း မီဒီယာက ပြောကြားခဲ့သည်။

အောက်တိုဘာ ၅ ရက် ညနေခင်းက ဖြစ်ပွားသော အသေခံဗုံးဖောက်ခွဲမှုတစ်ခုမှာ မြို့တော်ဘဂ္ဂဒက်မြောက်ပိုင်း အက်ဟမ်မီးယားဒေသ ရှီးယိုက်ဘုရားဖူးဧည့်သည်များကို ပစ်မှတ်ထား ဖောက်ခွဲခဲ့ရာ အနည်းဆုံး လူ ၅၁ ဦး သေဆုံးခဲ့ပြီး အခြား ၁၀၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟုသိရသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၈၀ ကီလိုမီတာအကွာ ဘလက်မြို့ ကော်ဖီဆိုင်တစ်ဆိုင် အနီး၌လည်း ကားဗုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပေါ်ခဲ့ရာ အဆိုပါ ဖြစ်စဉ်မှ အနည်းဆုံး ၁၁ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

၎င်းအပြင် အဆိုပါနေ့မှာပင် ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း ကော်ဖီဆိုင်တစ်ဆိုင်အနီး လမ်းဘေးဗုံးဖောက်ခွဲမှုတစ်ခုကြောင့် အရပ်သားတစ်ဦးနှင့် အခြား ၁၀ ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံသည် မကြာသေးသောနှစ်များက စတင်ခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများမှာ ဆိုးရွားနေဆဲဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်က ပြည်တွင်းပဋိပက္ခများဖြစ်ပေါ်မှု အဆိုးရွားဆုံးအချိန်ကို ဖြတ်ကျော်ခဲ့ရသည်။

ထိုအချိန်က သေဆုံးမှုနှုန်းမှာ တစ်လအတွင်း ရံဖန်ရံခါ လူဦးရေ ၃၀၀၀ ကျော်အထိရှိခဲ့သည်။ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ အထောက်အပံ့အဖွဲ့ ပြောကြားချက်အရ ယခုနှစ်တွင် ဇန်နဝါရီမှ စက်တင်ဘာအထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူ အရပ်သားဦးရေ ၆၀၀၀ နီးပါးနှင့် အခြားဒဏ်ရာရရှိသူ ၁၄၀၀၀ ကျော်ရှိခဲ့သည်ဟု သိရသည်။ **(ဆင်ဟွာ)**

သေနတ်သမားများ၏ စက်သေနတ်တပ်ဆင်ထားသော ယာဉ်တစ်စီးကို တွေ့ရစဉ်။

လစ်ဗျားမြို့တော်၌ စစ်စခန်းတိုက်ခိုက်ခံရ ပြည်တွင်းစစ်အပြီး အကြီးမားဆုံးသော တိုက်ခိုက်မှုဖြစ်

ထရီပိုလီ အောက်တိုဘာ ၆

လစ်ဗျားနိုင်ငံ၏ မြို့တော်ထရီပိုလီမြို့အရှေ့တောင်ပိုင်း စစ်တပ်စစ်ဆေးရေးဂိတ်တစ်ခုကို သေနတ်သမားများက တိုက်ခိုက်ခဲ့သဖြင့် စစ်သား ၁၅ ဦးသေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ်က ခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီထောက်ခံသူများ၏ ခံတပ်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက် တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် စစ်သားအတော်များများ ဒဏ်ရာရရှိသွားသည်။

ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးဟု ဆိုသည်။

သို့သော်လည်း အစိုးရသည် လက်နက်ကိုင်အုပ်စုများကို ထိန်းချုပ်ရန် ရုန်းကန်ကြိုးစားနေရဆဲဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုသည် ဘာနီဝါလစ်မြို့နှင့်တာဟောနားမြို့ ကြား လမ်းပေါ်၌ ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ တပ်ဖွဲ့ဝင်များသည် စက်သေနတ်များ တပ်ဆင်မောင်းနှင်လာသော ယာဉ်များမှ ပစ်ခတ်တိုက်ခိုက်ခြင်းခံရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဝစ်တာတာခရိုင် တိုက်ပွဲတွင် တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားသည်။ ယင်းတိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ် ပြည်တွင်းစစ်အပြီး စစ်တပ်ကို တိုက်ခိုက်ခဲ့သည့် အကြီးဆုံးသော ဖြစ်စဉ်ဖြစ်သည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံအရှေ့ပိုင်း တိုင်ဖွန်းမုန်တိုင်းဝင်ရောက်ဖွယ်ရှိ အနီရောင်အဆင့်ဖြင့် သတိပေးချက်ထုတ်ပြန်ထား

ပေကျင်း အောက်တိုဘာ ၆

တိုင်ဖွန်းမုန်တိုင်း ဖစ်တောသည် တရုတ်နိုင်ငံသို့ဦးတည်ချဉ်းကပ်လာနေသဖြင့် မုန်တိုင်းကြောင့် ဒီရေမြင့်တက်မှုနှင့် လှိုင်းလုံးများ ဝင်ရောက်လာမှုကြုံရဖွယ်ရှိကြောင်း၊ စိုးရိမ်ဖွယ်အဆင့်သတိပေးမှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း တရုတ်နိုင်ငံရေကြောင်းဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၆ ရက်က သတိပေးထားသည်။

တိုင်ဖွန်းမုန်တိုင်း ဖစ်တောသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ဝင်ရောက်လာသည့် ၂၃ ခုမြောက် မုန်တိုင်းဖြစ်သည်။ တရုတ်ပြည်အရှေ့ပိုင်း ဖူချန်းပြည်နယ်နှင့် ကျဲကျန်းပြည်နယ်အကြား အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဝင်ရောက်လာနိုင်မည်ဟု အမျိုးသားရေကြောင်းဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစင်တာမှ ပြောကြားထားသည်။ ဖူချန်းနှင့်ကျဲကျန်းပြည်နယ် ကမ်းရိုးတန်းများ၌ တိုင်ဖွန်းမုန်တိုင်းရိုက်ခတ်မှုကြောင့် ဒီရေအမြင့် နှစ်မီတာအထိ တက်လာနိုင်သဖြင့် အနီရောင်အဆင့်အဖြစ် သတိပေးထားခြင်းဖြစ်သည်။

အရှေ့တရုတ်ပင်လယ်တောင်ပိုင်းနှင့် ဒိုင်အောယု ကျွန်းတစ်ဝိုက်တွင်မူ မုန်တိုင်းအရှိန်ကြောင့် ရေအမြင့် ၁၀ မီတာအထိ ရောက်ရှိမည်ဟု သိရသည်။ ပင်လယ်သွားငါးဖမ်းရေလုပ်သားများကို ကမ်းခြေသို့ ပြန်လာရန် တိုက်တွန်းထားပြီး ပင်လယ်ကမ်းခြေခရီးသွားဧည့်သည် လည်ပတ်ရာ နေရာများ ပိတ်ထားကာ အချို့ကမ်းရိုးတန်းနေရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုကို တားမြစ်ထားသည်။ **(ဆင်ဟွာ)**

နိုင်ရိုဘီရှော့ပင်းစင်တာတိုက်ခိုက်မှု ပါဝင်သူလေးဦးအမည်ကိုဖော်ထုတ်

နိုင်ရိုဘီ အောက်တိုဘာ ၆

ပြီးခဲ့သည့်လက နိုင်ရိုဘီမြို့ရှိ ရှော့ပင်းစင်တာတိုက်ခိုက်မှုတွင် ပါဝင်သည်ဟု ယုံကြည်ရသူလေးဦးကို အမည်ဖော်ထုတ်လိုက်ပြီဖြစ်သည်။ အဆိုပါ အမည်လေးဦးမှာ အဘူဘာရာအယ်လ်ဆူဒါနီ၊ အိုမာနက်ဟမ်း၊ ခါတက်အယ်လ်ကိန်း၊ အူမာယာတို့ဖြစ်ကြောင်း၊ ယင်းတို့ကို စီစီတီဗွီမှတ်တမ်းအရ ဖော်ထုတ်နိုင်ခဲ့ကြောင်း ကင်ညာစစ်တပ်ကပြောကြားသည်။

ကနဦးသတင်းတွင် အဆိုပါတိုက်ခိုက်မှု၌ စစ်သွေးကြွ ၁၀ ဦးမှ ၁၅ ဦးအထိပါဝင်ကြောင်း ကင်ညာနိုင်ငံက ပြောကြားသည်။ သို့သော် ယင်းစာရင်းသည် လေးဦးမှ ခြောက်ဦးအထိ ဖြစ်ဖွယ်ရှိကြောင်း ရဲချုပ်က ပြောသည်။

လူပေါင်း ၆၇ ဦးသေဆုံးခဲ့ရသည့် စက်တင်ဘာ ၂၁ ရက် ဝက်စ်ဂိတ်ရှော့ပင်းမော တိုက်ခိုက်မှုသည် ယင်းတို့လက်ချက်ဖြစ်ကြောင်း အယ်လ်ရှာဘတ်အဖွဲ့က ပြောကြားသည်။ **(ဘီဘီစီ)**

ဗြိတိန်အိမ်ရှေ့မင်းသား ဟယ်ရီ ရေတပ်တာဝန်ထမ်းဆောင် ဆစ်ဒနီဆိပ်ကမ်း၌ ရေတပ်ဝင်ရောက်ခြင်းအခမ်းအနားကျင်းပ

ဆစ်ဒနီ အောက်တိုဘာ ၆

အိမ်ရှေ့မင်းသား ဟယ်ရီသည် ဆစ်ဒနီဆိပ်ကမ်းရှိ ၎င်း၏ရေတပ်သို့ရောက်ရှိ တာဝန်ထမ်းဆောင်မှု အထိမ်းအမှတ်အခမ်းအနားသို့ ပါဝင်တက်ရောက်ကာ ဩစတြေးလျနိုင်ငံတွင် ၎င်း၏ ပထမဆုံးသော တရားဝင်ခရီးကိုစတင်လိုက်သည်။

သူသည် ဆစ်ဒနီမြို့ ဥယျာဉ်ကျွန်း ရေတပ်အခြေစိုက်စခန်းရှိ စူးစမ်းလေ့လာရေးသင်္ဘော HAMAS Leeuwin ပေါ်သို့ တက်ကာ ဂုဏ်ပြုမှုကိုခံယူပြီး များပြားလှသော ပရိသတ်များက သူကိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ စစ်သင်္ဘောအုပ်စုတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ စစ်သင်္ဘော ၄၀ ခန့်ပါဝင်သည်။ ဘုရင်မကြီးကို ကိုယ်စားပြုသော မင်းသားဟယ်ရီသည် စီစဉ်သည့်အတိုင်း အခမ်းအနားကိုကျင်းပခဲ့သည်။

ယင်းအခမ်းအနား စတင်ခြင်း အထိမ်းအမှတ်အဖြစ် သေနတ်အချက် ၁၀၀ ပစ်ဖောက်ခဲ့သည်။

မင်းသားဟယ်ရီ **(ယာပုံ)**ကို ဩစတြေးလျ ဘုရင်ခံချုပ် ကွမ်တင်ဘရိုက်ဆေးက သင်္ဘောပေါ် တက်ရောက် နှုတ်ဆက်ခဲ့သည်။ မင်းသားဟယ်ရီ ရေတပ်တာဝန်ထမ်းဆောင်ခြင်း အခမ်းအနားတွင် ကမ္ဘာတစ်ဝန်းမှ သင်္ဘောများနှင့် သင်္ဘောသား ၈၀၀၀ ပါဝင်သည်။ အမေရိကန်၊ တရုတ်၊ ပြင်သစ်နှင့် အိန္ဒိယနိုင်ငံတို့မှ စစ်သင်္ဘောများ ပါဝင်သည်။ ဗြိတိန်က တော်ဝင်ရေတပ်ကို ကိုယ်စားပြုသည့် အကြီးဆုံး သင်္ဘောကြီးတစ်စင်းဖြစ်သည့် Type 45 ဖျက်သင်္ဘောကြီးတစ်စင်း စေလွှတ်ခဲ့သည်။ **(ဘီဘီစီ)**

ဗြိတိန်အိမ်ရှေ့မင်းသား ဟယ်ရီ

သူနာပြုသင်တန်းဆင်းအောင်လက်မှတ်ရရှိထားသူများအတွက် Scholarship အစီအစဉ်အား
Tokyo University of Social Welfare Myanmar Japanese Language Office မှ
စတင်လိုက်ပါသည်။

- သူနာပြုလုပ်ငန်းအား အမှန်တကယ်စိတ်ဝင်စားသူဖြစ်ရမည်။
- သူနာပြုသင်တန်းဆင်းလက်မှတ်ရှိရမည်။
- အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ထားရမည်။
- ဂျပန်စာ Level အနည်းဆုံး N3 နှင့်အထက်ရှိသူဖြစ်ရမည်။
- အသက် (၁၉)နှစ် မှ (၃၀)နှစ်အထိဖြစ်ရမည်။

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ တနင်္လာနေ့မှ စနေနေ့အထိ
နံနက် (၉း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
Building No. A-3-2, Room (102), Myanma Gonyi Housing, Upper Pansodan Road,
Mingalar Taung Nyunt Township, Yangon, Myanmar
Tel : (95-1) 393-370, 09-4211-470-70, Email : tokyo.fukushi.myanmar@gmail.com

မဟာချိုင် ထိုင်းလုံးစီ ငါးသေတ္တာအလုပ်ရုံမှ သေဆုံးသွားသော မြန်မာအလုပ်သမားလျော်ကြေးရ

ဗန်ကောက် အောက်တိုဘာ ၆

ဗန်ကောက်မြို့အနီး မဟာချိုင် ထိုင်းလုံးစီ ငါးသေတ္တာအလုပ်ရုံမှ မြန်မာအလုပ်သမားတစ်ဦးကို ထိုင်းအလုပ်သမားနှစ်ဦးက ဓားဖြင့် ထိုးသတ်သေဆုံးမှုအတွက် နစ်နာကြေးဘတ်ငွေ သုံးသိန်းကျော်ကို အောက်တိုဘာ ၃ ရက်က ရရှိပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ MAT အဖွဲ့မှ ပြောပြချက်အရ သိရသည်။

ဇူလိုင် ၃၁ ရက် နံနက်က အလုပ်ရုံသို့အသွား အလုပ်ရုံအနီး အရောက်တွင် အချင်းများခဲ့ဖူးသည့် ထိုင်းအလုပ်သမားနှစ်ဦးက မောင်အာကာစိုး (၁၉ နှစ်) ကို ဓားဖြင့် ထိုးခဲ့ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

သေဆုံးသူ၏ ဦးလေးတော်စပ်သူ ဦးသန်းထွန်းနိုင်က "ထိုင်းအလုပ်သမားနှစ်ဦးနဲ့ အလုပ်ထဲမှာ နည်းနည်းစကားများထားကြတယ်။ ကလေး အလုပ်ကိုသွားတဲ့ နံနက်ပိုင်း အလုပ်ရုံရောက်ခါနီးမှာ ဓားနဲ့ ထိုးသတ်ခံရတာဖြစ်တယ်။ ရဲထွက်ဆိုချက်လည်း ဒီအတိုင်းပဲဖြစ်တယ်။ ဒီကိစ္စကို အစအဆုံး အကူအညီပေးတဲ့ MAT အဖွဲ့ မဟာချိုင်တာဝန်ခံ ကိုခိုင်ကြီးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ပကန်ချိဝစ်ခေါ် အသက်အာမခံကုမ္ပဏီမှ ဘတ်ငွေသုံးသိန်းနှင့် ပကန်စာခွန်းခေါ် လူမှုဖူလုံရေးဌာနက ဘတ်ငွေ ၄၀၅၇၂ ဘတ်အပြင် အလုပ်ရုံမှ ဘတ်ငွေ ၂၀၀၀ ရရှိခဲ့သည်။

အလုပ်သမားသေဆုံးမှုကို အစအဆုံး လိုက်လံကူညီပေးခဲ့သူ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မဟာချိုင်တာဝန်ခံ ကိုခိုင်ကြီးက "ခုဟာက ဒီကလေးဟာ တရားဝင်အလုပ်သမားဖြစ်နေတယ်။ သူ့မှာ စာရွက်စာတမ်းတွေ အပြည့်အစုံရှိနေတယ်။ အလုပ်ရုံမှာလည်း ပကန်စာခွန်း မှန်မှန်ကန်ကန်လုပ်ထားတယ်။ ကျွန်တော် အချိန်မီလုပ်သင့်တာတွေ လုပ်လိုက်တယ်။ ကံကောင်းတယ်ပြောရမှာပေါ့ဗျာ"ဟု ပြောသည်။

ပကန်စာခွန်း(လူမှုဖူလုံရေး)နှင့် ပကန်ချိဝစ်(အသက်အာမခံ)တို့သည် မူအားဖြင့် ကောင်းမွန်သည့်စနစ်ဖြစ်သည်။ သို့ရာတွင် အဆိုပါပကန်စာခွန်း၊ ပကန်ချိဝစ်ဟူသည့် ခေါင်းစဉ်ဖြင့် အလုပ်ရုံအတော်များများတို့တွင် မြန်မာအလုပ်သမားများထံမှ ဖြတ်တောက်နေသော်လည်း အစိုးရထံသို့ ထိုဖြတ်တောက်ငွေများ မရောက်ရှိဘဲ အလုပ်ရုံတာဝန်ရှိသူများ ဖြတ်စားနေခြင်းများရှိသဖြင့် ထိုပကန်စာခွန်းနှင့် ပကန်ချိဝစ်ကို မြန်မာအလုပ်သမားများက အယုံအကြည်မရှိဖြစ်နေကြသည်။ အချို့အလုပ်ရုံတို့တွင် ရာပေါင်းများစွာသော မြန်မာအလုပ်သမားများအား Work Permit (အလုပ်လုပ်ခွင့်လက်မှတ်) အတုများ ပြုလုပ်ထားကြောင်းလည်း သိရသည်။ သို့ရာတွင် မည်သည့်အဖွဲ့အစည်းကမျှ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် အလုပ် ပြောင်းရွှေ့သွားပါကလည်း အလုပ်သမားများထံမှ ဖြတ်တောက်ထားသည့် အဆိုပါငွေများမှာ ဆုံးရှုံးခံခဲ့ရခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ကြောင်း MAT အဖွဲ့က သုံးသပ်ပြောကြားသည်။

စိုးဝင်း(SP)

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး မြို့နယ်နှင့် ခရိုင်တရားစီရင်ရေးလုပ်ငန်းများ စစ်ဆေး

စစ်တွေ အောက်တိုဘာ ၆

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးသိန်းအောင်နှင့် ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်တို့သည် အောက်တိုဘာ ၃ ရက်က ဘူးသီးတောင်မြို့နယ် တရားရုံး၊ မောင်တောမြို့နယ်တရားရုံးနှင့် မောင်တောခရိုင်တရားရုံးတို့၏တရားစီရင်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး မောင်တောခရိုင်အတွင်းရှိ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်တရားရေး)**

တက္ကသိုလ်ပညာသင်ဆုချီးမြှင့်

မုဒုံ အောက်တိုဘာ ၆

မုဒုံမြို့ ရှင်အရဟံအထက်တန်းကျောင်း(ယခုအထက-၁) မှ ကွယ်လွန်သူ ဆရာကြီးဦးမြင့် တက္ကသိုလ်ပညာသင်ဆုရန်ပုံငွေမှ တက္ကသိုလ်ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီက မုဒုံမြို့ အထက(၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။

ထောက်ပံ့

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဆရာကြီးဦးမြင့်၏ တက္ကသိုလ်ပညာသင်ဆုရန်ပုံငွေ ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးဖြူဝင်းတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူတို့က ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားနေကြသူ ငါးဦးနှင့် ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်သို့ တက်ရောက်မည့် ကျောင်းသားတစ်ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ခြောက်ဦးတို့ကို ဆရာကြီးဦးမြင့် တက္ကသိုလ်ပညာသင်ဆု ရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီတို့ကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါကျောင်းသား ကျောင်းသူများကို ဘွဲ့ရသည်အထိ နှစ်စဉ် ထောက်ပံ့သွားမည်ဖြစ်သည်။

ကိုချစ်

ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေး

ဗန်းမော် အောက်တိုဘာ ၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ အတွင်းရှိ ပြည်သူများ ကျန်းမာရေးနှင့်အညီ ကောင်းစွာအိပ်စက်အနားယူနိုင်ရန် အလှူရှင် 3DF က ပေးအပ်လှူဒါန်းသည့် ဆေးစိမ်ခြင်ထောင်အလုံးပေါင်း ၂၆၅၀ ကို ဒေသခံပြည်သူ နှစ်ဦးလျှင် တစ်လုံးနှုန်းဖြင့်လည်းကောင်း၊ ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများအတွက် တစ်ဦးလျှင် တစ်လုံးစီကို လက်ထောက်ကျန်းမာရေးမှူး ဦးနေဝင်းနိုင်၊ ကျန်းမာရေးဆရာမ ဒေါ်ခင်အေးခန့်၊ သားဖွားဆရာမ ဒေါ်လုဂျာနှင့်အဖွဲ့တို့ဦးဆောင်၍ စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အခမဲ့ ဖြန့်ဝေပေးခဲ့ကြပြီး ကျန်းမာရေးပညာပေး အချက်အလက်များကို ဟောပြောဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျန်းမာရေးအဖွဲ့သည် ငှက်ဖျားပိုးရှိ မရှိ သွေးစစ်ကုသပေးခြင်းများကို မိုးမောက်မြို့နယ် ငှက်ဖျားဌာနနှင့် ပူးပေါင်း၍ ဗန်းမော်-မြစ်ကြီးနားလမ်း ဒေါ့ဖုန်းယန်မြို့နယ်ခွဲရှိ ငှက်ဖျားရောဂါ စောင့်ကြည့်စစ်ဆေးကုသရေးစခန်း၌ ဆရာ ဆရာမများ အလှည့်ကျဆေးခန်းထိုင် အခမဲ့ စစ်ဆေးခြင်းကို အောက်တိုဘာ ၅ ရက်မှစ၍ ငှက်ဖျားပိုးစစ်ဆေးလိုသူများအား စစ်ဆေးပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၇-၁၀-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၅ SEA Games Go for Gold (ဘောလုံး)(အပိုင်း-၂)

နေ့လယ်ပိုင်း

၁၁း၀၀ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **တစ်ခါက ရောဝတီညများ** လွင်မိုး၊ ညွှန့်ဝင်း၊ မင်းဟိန်း၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု (ဒါရိုက်တာ-မီးပွား)

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
၁၇း၃၅ SEA Games ဇာတ်လမ်းတို "Road to SEA Games" (Part-6) သရုပ်ဆောင်-ထွန်းထွန်း (Example) (ဒါရိုက်တာ-ဟိဏ်း)
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၄၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -အိန္ဒိယရုပ်ရှင် **သူမတူတဲ့မေမေ** (အပိုင်း-၁)

ထောက်ကြန့်လမ်းဆုံကားမှတ်တိုင်တွင် ခါးပိုက်နှိုက်တစ်ဦး ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၆

အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံကားမှတ်တိုင်တွင် ခါးပိုက်နှိုက်ဖမ်းဆီးရေးသတင်းစုံစမ်းဆောင်ရွက်နေစဉ် မှော်ဘီ-ရန်ကုန်ခရီးသည်တင် ဟိုင်းလပ်ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ အုံးကြိုင်(ခ)ခေါင်းဖြူ စမ်းချောင်းပေါက်ကျေးရွာ မှော်ဘီမြို့နယ်နေသူ**(ယာပုံ)** ကို တွေ့ရှိရသဖြင့် ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၉၀၀၀ ကိုတွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းကို ဆက်လက်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက်(၄၅ နှစ်) ခန့် အမျိုးသားတစ်ဦးထံမှ နှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်းသိရသဖြင့် ပြန်လည်သိမ်းဆည်းပြီး ထောက်ကြန့် နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

အရှိန်မထိန်းနိုင်သောယာဉ် တောင်ကမ်းပါးယံ ဝင်တိုက်

နေပြည်တော် အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၅၅/၁-၂ အကြားတွင် အောက်တိုဘာ ၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇေယျာဝတီကုန်းအမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဝင်းကျော်သူ (၂၅ နှစ်) မောင်းနှင်လာသော ၅၄/. . . ပရိုဘောက်စ်အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြေသားလမ်းမှတစ်ဆင့် တောင်ကမ်းပါးယံကို ပွတ်တိုက်မိပြီး တစောင်းအနေအထားဖြင့် ရပ်တန့်သွားခဲ့ကြောင်း တွေ့ရှိရသည်။ **(ယာပုံ)** ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဦးလှမျိုးအောင်(၄၄ နှစ်)၊ ယာဉ်မောင်း ဝင်းကျော်သူနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မကြည်ပြာ (၃၁ နှစ်) တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးမျိုးသန့်(၄၁ နှစ်) မှာ ဒဏ်ရာရရှိခြင်းမရှိဘဲ ယာဉ်မှာ ရှေ့လေကာမှန်ကွဲအက်၊ ယာဘက်ဘောနက်ဖုံးနှင့် ယာဘက်တံခါးပိန်ချိုင့်၊ တန်ဖိုးငွေကျပ် ၄၀၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးသွားသောကြောင့် ဒဏ်ရာရသူများကို တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့ကာ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဝင်းကျော်သူအား ဇေယျာဝတီကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ရွှေ့ပြောင်းသွားလာဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ အသေးစားချေးငွေ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တစ်လောက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် နေပြည်တော်မှာ သမဝါယမအသင်းတွေနဲ့ အသေးစားချေးငွေကိစ္စနဲ့ ပတ်သက်ပြီး တွေ့ဆုံခဲ့ပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် သမဝါယမအသင်းများနဲ့ အသေးစားချေးငွေဟာ သော့ချက်ဖြစ်တယ်လို့ မိန့်ကြားခဲ့တယ်။ ဝမ်းနည်းစရာကောင်းတာက သမဝါယမအသင်းများနဲ့ ပတ်သက်ပြီး ဦးစားပေးမှုကို ဂျာနယ်တွေမှာ ဝေဖန်မှုတွေမျိုးစုံ ဖတ်လိုက်ရပါတယ်။

ဝေဖန်တဲ့သူတွေဟာလည်း ပညာရှင်တွေဆိုပြီး ကိုယ့်ကိုယ်ကိုယ်ကင်ပွန်းတပ်ထားတဲ့သူတွေ၊ အခုခေတ်မှာ ပညာရှင်တွေကလည်း ဟိုနေရာ၊ ဒီနေရာမှာပေါလိုက်တာ။ လူတိုင်းပညာရှင်တွေဖြစ်နေကြတယ်။ အံ့သြစရာပါပဲ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က နေပြည်တော်အစည်းအဝေးတစ်ခုမှာ ကျွန်တော်တို့ရင်ဘတ်မှာ ချိတ်ဖို့ ကတ်ပြားလေးတစ်ခုလာပေးတယ်။ ကတ်ပြားပေါ်မှာ ပညာရှင်ဆိုပြီးရေးထားတယ်။ ဒါနဲ့ ကျွန်တော်က ရယ်စရာအဖြစ် ဆရာ့ကို ပညာရှင်လို့မခေါ်ပါနဲ့ "ပညာသေ"လို့ပဲ ခေါ်ပါလို့ နောက်ပြောင်ပြီးပြောမိတယ်။ အမှန်တော့ ကျွန်တော်နှစ်သက်တဲ့ အသုံးအနှုန်းက "ပညာရှာ"ဖြစ်တယ်။ ကျွန်တော်ကအမြဲပညာကိုရှာချင်တယ်။ ပညာဆိုတာ ဆုံးခန်းတိုင် မတတ်နိုင်ကြပါဘူး။ ရှာဖွေလို့ မကုန်ပါဘူး။ လေ့လာစရာတွေ သိသင့်တာတွေက မျိုးစုံ။

"ယိုသူမရှက်၊ မြင်သူရှက်"ဆိုတဲ့စကားကို ကျွန်တော် သွားသတိရမိတယ်။ အယောင်ဆောင်ပညာရှင်တွေဟာ အစွန်းရောက်နေတဲ့ အတွေးအခေါ်၊ အယူအဆတွေနဲ့ သမဝါယမလှုပ်ရှားမှုကို ပြစ်တင်ဝေဖန်တာကို ဖတ်လိုက်ရတော့ ပညာရှင်တွေ ရှက်စရာကောင်းလိုက်တာလို့ သုံးသပ်မိတယ်။

ပညာရှင်ရယ်လို့ သတ်မှတ်ထားတဲ့သူတွေဟာ သမဝါယမလှုပ်ရှားမှုအပေါ် ဝေဖန်တဲ့အခါ ပြည့်စုံမှုမရှိတဲ့ အတွေးအခေါ်တွေနဲ့ လုပ်နေကြတာတွေ့ရတယ်။ သမဝါယမလှုပ်ရှားမှုဟာ ဆိုရှယ်လစ်နိုင်ငံတွေအတွက်သာ ပတ်သက်ပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့မသက်ဆိုင်ဘူးလို့ ပြောကြတယ်။ ဒါက သူတို့ရဲ့ ပညာအခြေခံနည်းမှုကို ဖော်ပြခြင်းသာဖြစ်တယ်။ အရင်းရှင်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါနိုင်ငံတွေမှာ သမဝါယမလှုပ်ရှားမှုဟာ ကြီးထွားအောင်မြင်နေကြတယ်။ ဂျာမနီနိုင်ငံမှာရှိတဲ့ ဘဏ်ကြီးတွေဟာ သမဝါယမဘဏ်တွေဖြစ်တယ်။

ဒါကြောင့် ကျွန်တော်လူငယ်တွေကိုမှာကြားချင်ပါတယ်။ အကြောင်းအရာတစ်ခုနဲ့ပတ်သက်လို့ မဝေဖန်မီ ဒီအကြောင်းအရာကို ပြီးပြည့်စုံသိရှိအောင်လေ့လာပါ။ ဆည်းပူးပါ။ ဖတ်ရှုပါ။ ဆွေးနွေးပါ။ ပြီးမှဝေဖန်ပါ။ သုံးသပ်ပါလို့ သတိပေးချင်ပါတယ်။ ဝေဖန်တယ်ဆိုတာ လွယ်ပါတယ်။ အခုခေတ် မီဒီယာဖွံ့ဖြိုးချိန်မှာ လူတိုင်းပြောခွင့်၊ ဆိုခွင့်ရှိနေတာမို့ စိတ်ကြိုက်ပြောခွင့်ရှိပါတယ်။ ဒီအခွင့်အရေးတွေရှိတာနဲ့အတူ တာဝန်တွေရှိတယ်ဆိုတာကိုလည်း သတိထားစေချင်တယ်။ တာဝန်သိသိနဲ့ ဝေဖန်နိုင်ဖို့ အရေးကြီးပါတယ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားချေးငွေရဲ့ အရေးပါမှုကို ဖွံ့ဖြိုးဆဲနိုင်ငံအမြောက်အမြားမှာ သက်သေသာဓကအမျိုးမျိုးတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုလို အသေးစားချေးငွေထုတ်ချေးနိုင်ဖို့ အဆင်သင့်ရှိတဲ့ ယန္တရားက သမဝါယမလှုပ်ရှားမှုဖြစ်တယ်။ သမဝါယမလှုပ်ရှားမှုကို အခြေခံပြီး အသေးစားချေးငွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပါတယ်။ အသေးစားချေးငွေ (Micro-Credit) လှုပ်ရှားမှုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀လောက်က စတင်ခဲ့ပါတယ်။

စခဲ့တဲ့သူက စစ်တကောင်းတက္ကသိုလ်က ပါမောက္ခ Yunuus ဆိုသူ ဖြစ်ပါတယ်။ သူက စီးပွားရေးပါမောက္ခ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆင်းရဲနွမ်းပါးသူတွေရဲ့ အခြေအနေတွေကို သုတေသနလုပ်ခဲ့တယ်။ သူ့ရဲ့တွေ့ရှိချက်အရ ဆင်းရဲသားတွေဟာ ဘဏ်တွေနဲ့ ထိတွေ့မှုမရှိကြဘူး။ မရှိတာလည်း မဆန်းပါဘူး။ ဘဏ်နဲ့ဆက်ဆံဖို့ အပေါင်ခံပစ္စည်းတွေရှိဖို့လိုတယ်။ ဒါပေမယ့် ဆင်းရဲသားမှာ ပေါင်နှံစရာ ဘာမျှမရှိကြဘူး။ ဒါကြောင့်လည်း ဘဏ်တွေနဲ့ကင်းကွာနေကြတယ်။

ပါမောက္ခ Yunuus ရဲ့ တွေ့ရှိချက်အရ ဆင်းရဲသားတွေမှာ ပေါင်စရာပစ္စည်းတွေ မရှိလည်း အပေါင်ပစ္စည်းတွေနဲ့ တန်းတူတန်ဖိုးရှိတဲ့ အရာရှိပါတယ်။ ဒါကတော့ လူမှုရေးအရင်းအနှီး Social Capital ဖြစ်ပါတယ်။ အဓိပ္ပာယ်က ဆင်းရဲသားတွေဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးကြတယ်။ ခင်မင်ကြတယ်။ တစ်ဦးနဲ့တစ်ဦး အားပေးထောက်ပံ့ကြတယ်။ ဒါကိုသိရှိပြီး ပါမောက္ခ Yunuus က ၂၅ ဒေါ်လာစိုက်ပြီး Grameen ဘဏ်တည်ထောင်ခဲ့တယ်။

ဘဏ်ဆိုပေမယ့် အမှန်တော့ ဝိုင်းကြီးချုပ်စနစ်နဲ့ ဆင်းရဲသား အမျိုးသမီး ၁၀ ဦးကို အသေးစားချေးငွေထုတ်ပေးခြင်းဖြစ်တယ်။ ဝိုင်းကြီးချုပ်အဖွဲ့ဝင် ၁၀ ဦးက ချေးငွေပြန်ဆပ်ဖို့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အာမခံရတယ်။ တစ်ယောက်က ချေးငွေကိုပြန်မဆပ်ရင် ကျန်တဲ့သူတွေက ဝိုင်းပြီးဆပ်ရတယ်။ ပါမောက္ခ Yunuus စတင်ခဲ့တဲ့ Grameen Bank ဟာ အခုဆို တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့နေခဲ့ပြီ။ အမေရိကန်နိုင်ငံမှာရှိတဲ့ ဆင်းရဲသားတွေအတွက် သမ္မတ Clinton က ပါမောက္ခ Yunuus ကို အမေရိကန်ကို ဖိတ်ကြားပြီး ဘဏ်တည်ထောင်စေခဲ့တယ်။ သူ့ရဲ့ဆောင်ရွက်မှုတွေကြောင့် ပါမောက္ခ Yunuus ဟာ နိုဘယ်လ်ဆုကို ရရှိခဲ့တယ်။

ကျွန်တော် လူငယ်တွေကိုမှာကြားချင်ပါတယ်။ အကြောင်းအရာတစ်ခုနဲ့ပတ်သက်လို့ မဝေဖန်မီ ဒီအကြောင်းအရာကို ပြီးပြည့်စုံသိရှိအောင် လေ့လာပါ။ ဆည်းပူးပါ။ ဖတ်ရှုပါ။ ဆွေးနွေးပါ။ ပြီးမှဝေဖန်ပါ။ သုံးသပ်ပါလို့ သတိပေးချင်ပါတယ်။ အခုခေတ် မီဒီယာဖွံ့ဖြိုးချိန်မှာ လူတိုင်းပြောခွင့်၊ ဆိုခွင့်ရှိနေတာမို့ စိတ်ကြိုက်ပြောခွင့်ရှိပါတယ်။ ဒီအခွင့်အရေးတွေရှိတာနဲ့အတူ တာဝန်တွေရှိတယ်ဆိုတာကိုလည်း သတိထားစေချင်တယ်။

အခုလိုအသေးစားချေးငွေကို ဆင်းရဲတဲ့အမျိုးသမီးတွေကို ဦးတည်ပြီး ငွေချေးခဲ့တဲ့အတွက် ရလာတဲ့အကျိုးကျေးဇူးကတော့ ဆင်းရဲသားတွေဟာ အတိုးနှုန်းကြီးကြီးပေးပြီး ငွေချေးစရာမလိုအပ်တော့ဘူး။ အတိုးနှုန်းကို နင့်အောင်ယူကြတဲ့ ငွေတိုးချေးစားတဲ့သူတွေရဲ့အန္တရာယ်က ကင်းလွတ်ခွင့်ရခဲ့တယ်။ အသေးစားချေးငွေတွေ ချေးတဲ့အမျိုးသမီးတွေဟာ ရလာတဲ့ငွေနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေကို တည်ထောင်လာကြတယ်။

ဒီအသေးစားလုပ်ငန်း (Micro-Enterprise)တွေ ဖန်တီးနိုင်ဖို့က အဓိကကျပါတယ်။ ချေးတဲ့ငွေကို စီးပွားရေးတွက်ခြေကိုက်မယ့် အလုပ်တွေမှာ အသုံးချနိုင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် အသေးစားချေးငွေလုပ်ငန်းဟာ ငွေချေးရုံသက်သက်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းတည်ထောင်မှုနဲ့ ဆက်စပ်နေတယ်။ စီးပွားရေးလုပ်ငန်းနဲ့ ဆက်စပ်ဖို့ဆိုရင်လည်း ဈေးကွက်စနစ်နဲ့ ထိတွေ့ရင်းနှီးနိုင်ဖို့ဟာ အလွန်အရေးကြီးလှတယ်။ ဒါကြောင့်လည်း အသေးစားချေးငွေလုပ်ငန်းကို ငွေချေးတဲ့ လုပ်ငန်းသက်သက်လို့ ယူဆရင် မှားယွင်းမှာဖြစ်ပါတယ်။

Grameen ဘဏ်နမူနာကိုယူပြီး မြန်မာပြည်မှာ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေက အသေးစားချေးငွေလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတွေ့အကြုံတွေအခြေခံပြီး အခုလိုရွာတိုင်း၊ ရပ်ကွက်တိုင်းမှာ ရှိပြီးဖြစ်တဲ့ သမဝါယမအသင်းတွေနဲ့ အသေးစားချေးငွေအလုပ် ချိတ်ဆက်ပေးခြင်းဟာ အင်မတန်မှ သင့်လျော်တဲ့အလုပ်ဖြစ်ပါတယ်။

အခုလိုဆောင်ရွက်တဲ့နေရာမှာ Risk Management လို့ ခေါ်တဲ့ စွန့်စားမှုနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုကို စနစ်တကျလုပ်ရမှာဖြစ်တယ်။ သမဝါယမအသင်းသားတွေ၊ အမှုဆောင်တွေ၊ ဝန်ထမ်းတွေကို စနစ်တကျပညာပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ စီမံခန့်ခွဲမှုပညာတွေ၊ စီးပွားရေးပညာတွေကို ပေးဖို့လိုအပ်ပါတယ်။ တစ်ဖက်ကလည်း သက်ဆိုင်တဲ့ သမဝါယမဝန်ကြီးဌာနက လိုအပ်တဲ့ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ နည်းပြမှုတွေ လုပ်ပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။

မကြာသေးခင်က ခွင့်ပြုလိုက်တဲ့ ဆယ်သွယ်ရေးကုမ္ပဏီကြီးနှစ်ခုရဲ့ လုပ်ငန်းတွေ အကောင်အထည်ဖော်ပြီးတဲ့အချိန်မှာ အသေးစားချေးငွေလုပ်ငန်းဟာ ပိုပြီးပျံ့နှံ့လာမှာဖြစ်တယ်။ Mobile Banking ကို ဆောင်ရွက်သွားပြီး အသေးစားချေးငွေလုပ်ငန်းကို လက်ကိုင်ဖုန်းတွေသုံးပြီး လွယ်လင့်တကူ လုပ်သွားမှာဖြစ်ပါတယ်။ ဆင်းရဲသားတွေဟာ ဆင်းရဲတွင်းသံသရာက လွတ်မြောက်ဖို့ လိုအပ်တယ်။

အခုလို ထွက်ပေါက်ရှာတဲ့နေရာမှာ အသေးစားချေးငွေဟာ ပဓာနကျတဲ့အခန်းက ပါဝင်ပါတယ်။ ရလာတဲ့ချေးငွေနဲ့ စီးပွားရေးလုပ်ငန်းငယ်တွေ ဖန်တီးပြီး ဆောင်ရွက်နိုင်မှာဖြစ်တယ်။ တစ်ယောက်တည်း ရုန်းကန်နေမယ့်အစား အကျိုးတူ၊ ဆန္ဒတူ၊ စေတနာတူတဲ့သူတွေ ပေါင်းစပ်ထားတဲ့ သမဝါယမအသင်းတွေ ဖွဲ့စည်းပြီး လှုပ်ရှားနိုင်ဖို့ ဖြစ်ပါတယ်။

သမဝါယမအသင်းတွေအပေါ် အမြင်လွဲနေတာတွေကို လက်တွေ့အလုပ်လုပ်ပြပြီး ချေဖျက်နိုင်အောင်ကြိုးစားဖို့ အရေးကြီးလှပါတယ်။ ပြောတဲ့သူကတော့ ပြောနေမှာပါပဲ။ ဒါတွေကို အလေးမထားဘဲ လုပ်သင့်လုပ်ထိုက်တာကိုသာ သပ်သပ်ရပ်ရပ်လုပ်ဖို့သာ လိုအပ်တာပါ။

အလုပ်နဲ့သက်သေပြပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းတွေကို သမဝါယမအသင်းတွေက တာဝန်ယူ၊ တာဝန်ခံဖို့သာ အဓိကဖြစ်ပါတယ်။

ရန်ကုန်မြို့နှင့် မိုင် ၃၀ ရာသီမပြတ်စိမ်းလန်းစိုပြည်ရေးနှင့် စပါးစိုက်ကေများရေငန်မဝင်ရေး တားဆီးပေးနေသည့် ခရမ်းရေထိန်းတံခါး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ချောင်းဝရွာအနီး ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးထားသော ခရမ်းရေထိန်းတံခါးကြီးကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ခြမ်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များ၌ မိုးတွင်းကာလ လယ်မြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေး၊ ပင်လယ်ရေငန်များ တားဆီးရေး၊ ရေချိုများထိန်းသိမ်း၍ မိုးစပါးအောင်ရေပေးဝေရေး၊ ဆောင်းသီးနှံများအတွက် အစိုဓာတ်ရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် ခရမ်းရေထိန်းတံခါးကြီးကို ဆည်မြောင်းဦးစီးဌာနက ခရမ်းချောင်းအတွင်း တည်ဆောက်ပေးခဲ့ရာ ထိုရေထိန်းတံခါးကြီး၏ အကျိုးကျေးဇူးကြောင့် ယခုအခါ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်တို့၌ မိုးစပါးနှင့် ဆောင်းရာသီနှံစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကောင်းမွန်လျက်ရှိနေကြောင်း သိရသည်။

ခရမ်းရေထိန်းတံခါးကြီး တည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ချောင်းဝကျေးရွာအနီး (မြေပုံညွှန်း 94D/5-715425) ခရမ်းချောင်းပေါ်၌ဖြစ်ပြီး ရေထိန်းတံခါးအမျိုးအစားမှာ သံကူကွန်ကရစ်တံခါးပေ(၆၀×၁၆) နှင့် တံခါးအပေါက် ၄၀ ပါရှိသည်။ ရေခေါ်မြောင်းမကြီး အလျားပေ ၄၀၀၀နှင့် ရေထုတ်မြောင်းမကြီး အလျားပေ ၂၅၀၀ ရှိ၍ အကျိုးပြုရေနုတ်နိုင်မည့် ဧကမှာ ၃၀၀၀၀ ဖြစ်သည်ဟု သိရသည်။

ဟံသာဝတီခရိုင်ရှိ ခရမ်းနှင့် သုံးခွမြို့နယ်တို့မှာ ယခင်ကနှစ်စဉ်မိုးရာသီစပါးစိုက်ပျိုးရေးတွင် ရေကြီးကွင်း ရေနက်ကွင်းတို့၌ နှစ်စဉ် မိုးစပါးများနှစ်ကြိမ်၊ သုံးကြိမ်ပြန်လည် စိုက်ပျိုးရသော အခြေအနေဖြစ်သည်။

ယခုတည်ဆောက်ပေးထားသော ခရမ်းရေထိန်းတံခါးကြီး ကျေးဇူးကြောင့် ခရမ်းမြို့အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ ရေကြီးကွင်းများအတွင်းသို့ မိုးရေများဝင်ရောက်ခြင်းမှ ကာကွယ်ပြီး ရေပိုရေလျှံများကို ထုတ်ပေးခြင်း၊ နွေအခါလယ်မြေများအတွင်း ပင်လယ်ဆားငန်ရေများ ဝင်ရောက်မှုကို တားဆီးပေးနိုင်သဖြင့် လယ်မြေများ၌ ဆားငန်ဓာတ်ပေါ့လာသောကြောင့် သီးနှံများအထွက်ကောင်းလာသည်ဟု သိရသည်။ ထို့အပြင် ရေထိန်းတံခါးကြီးအထက်ဘက်ရှိချောင်းများ တိမ်ကောမှုကိုလည်း အကာအကွယ်ပေးနိုင်သလို မိုးနှောင်းကာလ ရေချိုများ ထိန်းထားနိုင်သဖြင့် ဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် လယ်မြေများ၌ အစိုဓာတ်များရစေသည်ဟု သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ နှစ်ပိုင်းခွဲခြားလျက်ရှိရာ ပဲခူးမြစ်အနောက်ခြမ်းတွင် ရေအရင်းအမြစ် ဆည်တမံများတည်ဆောက်ထားသဖြင့် စိုက်ပျိုးရေးအတွက် ရေအခက်အခဲမရှိသော်လည်း ပဲခူးမြစ်အရှေ့ခြမ်းနှင့်ထိစပ်နေသော ရန်ကုန်တိုင်းဒေသကြီးသည် ပထဝီအနေအထားအရ မြေနိမ့်လွင့်ပြင်များသာဖြစ်ပြီး ပျမ်းမျှမြေပြင်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃ ပေခန့်သာရှိသဖြင့် ရေအရင်းအမြစ်နည်းပါးပြီး ဆည်တမံများ တည်ဆောက်နိုင်ခြင်းမရှိဟုသိရသည်။

သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းမှ စိုက်ဧက ၁၀၀၀၀နှင့် ရန်ကုန်တိုင်းဒေသကြီးအရှေ့ခြမ်းမှ စိုက်ဧက ၅၅၀၀၀ စုစုပေါင်း စိုက်ဧက ၆၅၀၀၀ အတွက်လိုအပ်သောရေကို ပဲခူး စစ်တောင်းတူးမြောင်းအတွင်း စီးဝင်လာသောရေများကို သနပ်ပင်အနီး စစ်တောင်းတူးမြောင်းပေါ်ရှိ ပုဂံ-ညောင်ပင်သာ ရေလွှဲပေါက်မှ ခရမ်းချောင်းအထိ တူးမြောင်းဖောက်၍ ရေများချပေးမည်ဟု သိရသည်။

ထိုသို့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ဆည်များမှရရှိမည့် ပိုလျှံ ရေချိုများကို ခရမ်းချောင်းတွင် ထိန်းသိမ်း၍ ခရမ်းချောင်းမှတစ်ဆင့် ရေသွယ်ခြင်းများတူးဖော်ပြီး ဆောင်းရာသီတွင် ဟံသာဝတီခရိုင် အရှေ့ခြမ်းမြို့များသို့ ပေးဝေသွားမည်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး မိုင်၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များ၌ နွေစပါးအပါအဝင် ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးရေးကို အထောက်အကူပြုလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ကျိုင်းတုံမြို့ရှိ အိမ်တွင်းမှု လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူလေးများ၏ အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လူငယ်သင်တန်းကျောင်းနည်းပြများနှင့် တွေ့ဆုံကာ **(အပေါ်ယာပုံ)** တိုင်းရင်းသားကလေးငယ်များအား မိမိတို့၏ ဆွေမျိုးသားချင်းများသဖွယ် သဘောထားကာ စောင့်ရှောက်ကြရန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးဝိုင်းဝန်းကြိုးပမ်းကြရန်၊ နိုင်ငံတော်မှ အားထားရသည့် သားကောင်းရတနာများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ကျောင်းဝင်းအတွင်း ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်၍ အမျိုးကောင်း သားသမီးများပီသစွာ ပြုမူနေထိုင်ကြရန်၊ သင်တန်းကျောင်းမှ သင်ကြားပေးသော အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကြိုးစားလေ့လာသင်ယူ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်နိုင်သည်အထိ ရည်မှန်းဆောင်ရွက်ကြရန်၊ မိမိတို့၏ တိုင်းရင်းသားရိုးရာဝတ်စုံများကို ရှေးမူမပျက်စေဘဲ ခေတ်မီဆန်းသစ်သည့် လက်ရာများဖြင့် ပေါင်းစပ်တီထွင်လျက် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းသင်တန်းကျောင်းတွင် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၆၄)၌ သင်တန်းသူ ၃၂ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၃၅)၌ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းပြင်းနှင့် မိုင်းယန်းမြို့နယ်များမှ လာရောက်သင်ယူကြခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ကျိုင်းတုံ)သို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာ၍ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ကျန်းမာရေးနှင့်ညီညွတ်ခြင်းရှိ/မရှိ အမြဲကြပ်မတ်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၆

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အဏ္ဏဝါဒေဝီပင်လယ်ငါးဖမ်းကုန်ထုတ်လုပ်ငန်းသမဝါယမအသင်း လီမိတက်သို့ အောက်တိုဘာ ၅ ရက်က ရောက်ရှိရာ အသင်းဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကအသင်းကို သမဝါယမဝန်ကြီးဌာနက စီစဉ်ပေးသည့်ချေးငွေဖြင့် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်နေမှု၊ ကကတစ်ငါးအသားလွှာ တစ်နေ့လျှင် သုံးတန်ကုန်ချောထုတ်လုပ်မှု၊ တစ်လလျှင်တန် ၂၀ နှုန်းဖြင့် ဩစတြေးလျ၊ မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချနေမှု၊ ကုန်ကြမ်းများပိုမိုရရှိပါက တစ်လလျှင် တန် ၄၀ နှုန်းအထိ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်နေမှု၊ လက်ရှိတွင် GMP (Good Manufacturing Practices) ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဘေးအန္တရာယ်ကင်းရှင်းကြောင်း နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် HACCP (Hazard Analysis Critical Control Point) ရရှိမည့်အခြေအနေ၊ တီလားပီးယား ငါးကုန်ကြမ်းများရရှိပါက EU နိုင်ငံများထိ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်ကြမ်းများ ရရှိနိုင်မည့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ငါးကုန်ထုတ်သမဝါယမအသင်းများ ဖြစ်ပေါ်လာရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ အအေးခန်းစက်ရုံကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ရန်နှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ ထားရှိပြီး အမြဲသုတေသနပြု မြှင့်တင်ရေး၊ ပြည်ပသို့ သင်တန်းနှင့်လေ့လာရေးများ စေလွှတ်ပြီး အရည်အသွေးမြှင့်တင်ရေး၊ သမဝါယမအသင်းများက ရှယ်ယာများပါဝင်စေပြီး ငါးကုန်ထုတ်သမဝါယမအသင်းစုချုပ်ဖြစ်လာအောင် မျှော်မှန်းဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း အောက်မြန်မာပြည်(ရုံးခွဲ)သို့သွားရောက်ခဲ့ရာ ညွှန်ကြားရေးမှူးဦးရဲထိုက်က ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းရှင်ပေါင်း ၇၈၁၀ လုပ်ငန်း မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ပေးနိုင်ခြင်း၊ စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းများ ဖွင့်လှစ်နိုင်မှုနှင့် လုပ်ငန်းရှင်များအတွက် ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုပေးခြင်း အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ပေးခြင်းများကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုကြောင်း၊ ၎င်းအပြင် မိမိတို့က မှတ်ပုံတင်ပေးထားသော လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချနေသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်းရှိ/မရှိ အမြဲကြပ်မတ်စစ်ဆေးပေးရန်လိုကြောင်း၊ မိမိတို့ဝန်ထမ်းများအတွက် ငွေစုငွေချေးသမဝါယမအသင်းများ ထူထောင်ဆောင်ရွက်ကြရန်နှင့်ဝန်ကြီးဌာန သက်တံရောင်သမဝါယမအသင်းမှ အရင်းမပျောက်မတည်ငွေများ ထုတ်ပေးမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ကျောက်ဆည်မြို့ဆင်လှူပွဲတော်၌ ရိုးရာဆင်အက ကပြမှုကို အားပေးသူပရိသတ်များဖြင့် စည်ကားစွာ တွေ့ရစဉ်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ပေါ်ပေါက်လာရခြင်းသမိုင်းအကျဉ်းမှာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ကျောက်ဆည်ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်း၊ ကန်ချောင်းတို့ကို တည်ဆောက်ဆယ်ဖို့တော်မူစဉ်ကာလဖြစ်သည်။ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင်၊ ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံသြဝါဒဖြင့် ဆင်မယဉ်သာ (ဆင်ဖြူတော်)ပေါ်သို့တင်၍အဓိဋ္ဌာန်ပြု စေလွှတ်တော်မူရာ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ်ကျောက်ဆည်တည်ရာသာလျောင်းတောင်ထိပ်သို့တက်၏။ တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ ခရွေတောင်ထက်သို့ တက်၍ဝပ်လေ၏။

သက္ကရာဇ် ၃၉၅ ခုနှစ်တွင် သာလျောင်းတောင်ထက်နှင့် ခရွေတောင်ထက်တို့တွင် တစ်ပြိုင်တည်း စေတီတစ်ဆူစီကို တည်တော်မူ၏။ သာလျောင်းတောင်ထက်၌ တည်သောစေတီကို ရွှေသာလျောင်းစေတီဟုအမည်တွင်၏။

အနော်ရထာမင်းကြီးက သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့၏။ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူ)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော်အမျှပေးဝေကြစေရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လ၌ ဆွမ်းတော်ကြီးကပ်ပွဲနှင့်အတူ ဆင်လှူပွဲတော်ပြုလုပ်ရခြင်း ဖြစ်လေသည်။ ဆင်လှူပွဲတော်ဆွမ်းတော်ကြီး ကပ်လှူပွဲတွင် မုန့်ရုပ်ဆင်များ ထည့်ဝင်လှူဒါန်းရာမှ အရုပ်ဆင်များ ပါဝင်လှူဒါန်းလာကြသည်။ ကနဦး အရုပ်ဆင်များမှာ (၁)ထမ်းစင်ပေါ်တွင် တင်၍ ထမ်းသွားရသော ဝပ်ဆင်၊ ထိုဝပ်ဆင်ဖြူတော်သည် ခေါင်းမလှုပ်နိုင်၊(၂) ထမ်းစင်ပေါ်တွင် ဆင်ဖြူတော်ခေါင်းလှုပ်၊ နားရွက်လှုပ်သော ဆင်၊ (၃)ထမ်းစင်ပေါ်တွင်မတ်တတ်ရပ်ဆင်း ခေါင်းနှာမောင်းလှုပ်တို့မှ ရွှေဆင်၊ ငွေဆင်စသည်ဖြင့် တီထွင်ပူဇော်ခဲ့ကြသည်။ လူဝင်၍ ကရသောဆင် (မြေနင်းဆင်)ကို ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ် “ဆရာငယ်”မှ စတင်တီထွင်၍ “နွဲ့ဆိုး” ဟူသော အမည်ဖြင့် ၁၉၂၅ ခုနှစ်ခန့်က စတင်ပွဲထုတ်ခဲ့သည်။

ဆင်လှူပွဲတော်ကြီးတွင် ဆင်ကပွဲနှင့် ဆင်အကပြိုင်ပွဲများကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပလျက်ရှိသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက် နံနက် ၈ နာရီခန့်တွင် ဆင်အကပြိုင်ပွဲ ဖွင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်ဆင်တိုင်း တက်ရောက်ကြရသည်။ ထို့နောက် မြို့မဈေးကြီးကို သုံးပတ်ပတ်ကာ ဆင်ပွဲတော်လာ ပရိသတ်များနှင့် ဈေးပတ်ပတ်လည်၌ရှိသော အမှတ်ပေးဒိုင်သုံးဒိုင်တို့တွင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရသည်။

ယခင်က ရိုးရာဆင်အကတစ်မျိုးတည်းသာ ယှဉ်ပြိုင်ကြရပြီး နောက်ပိုင်းတွင် ရိုးရာဆင်အက၊ ဘော်ကြယ်ဆင်အက၊ ကလေးဆင်အက စသည်ဖြင့် ဆင်ပြိုင်ပွဲကို သုံးမျိုးသုံးစားကျင်းပခဲ့ကြသည်။ ဆင်အကပြိုင်ပွဲဝင်ရာတွင်လည်း ရိုးရာမပျက်အစဉ်အလာအတိုင်း ဘုရားကန်တော့ခန်း၊ ဆင်ဖမ်း၊ အယိုင်က စသည်ဖြင့် စည်းဝါးကျကျ ကပြပြိုင်ပွဲဝင်ပြီးမှ မိမိတို့ကြိုက်နှစ်သက်ရာ ပြိုင်ပွဲဝင်သီချင်းများဖြင့် ကပြကြရသည်။ ဆင်အဖွဲ့များကလည်း အဖွဲ့လိုက်သူ့ထက်ငါ အပြိုင်ကျဲကြသဖြင့် ကျောက်ဆည်သူ ကျောက်ဆည်သားများအဖို့ ဆင်ပွဲတော်ကြီးသည် ဂုဏ်ယူစရာကောင်းလှသလို ဆင်ပွဲတော်လာပရိသတ်ကြီးမှာလည်း ပြိုင်ပွဲကြီးတွင် ကြက်ပျံမကျစည်ကားလှသည်။

သီတင်းကျွတ် လပြည့်နေ့တွင် ဆွမ်းတော်ကြီးပွဲများ၊ ဆီမီးဖယောင်းတိုင်များ၊ ရွှေသက်န်း၊ ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်များဖြင့် ရွှေသာလျောင်းတောင်ထိပ်သို့တက်၍ ရွှေသာလျောင်းစေတီဘုရားကို လက်ျာရစ်သုံးပတ်ပတ်ပြီး လှူဒါန်းကာ အနော်ရထာမင်းကြီးနှင့်တကွ ဆင်မယဉ်သာ(ဆင်ဖြူ)ကိုပါ ရည်မှန်း၍ အမျှအတန်းပေးဝေကြသည်။ နယ်သူနယ်သားများသည် အနော်ရထာမင်းကြီး၏ကျေးဇူးတော်ကိုစောင့်သိသောအားဖြင့် ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်များကို လှူဒါန်းမှသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မလှူဒါန်းပါက သီးနှံများ မအောင်မြင်ဟု ယုံကြည်လျက်ရှိကြသည်။

ယခုနှစ် ရိုးရာဆင်အကပြိုင်ပွဲတွင် ဆုရရှိ ဆင်အဖွဲ့အား ဆုငွေ ကျပ်ရှစ်သိန်း၊ ခြောက်သိန်း၊ လေးသိန်း၊ ဘော်ကြယ်ဆင်အကပြိုင်ပွဲတွင် ဆုရရှိသောဆင်အဖွဲ့ကို ဆုငွေကျပ်ခုနစ်သိန်း၊ ငါးသိန်း၊ သုံးသိန်းနှင့် ကလေးဆင်အကပြိုင်ပွဲတွင် ဆုရရှိသော ဆင်အဖွဲ့ကို ဆုငွေ ကျပ်ငါးသိန်း၊ သုံးသိန်း၊ တစ်သိန်းတို့ ချီးမြှင့်မည်ဖြစ်သည်။ ထို့အပြင် နှစ် ၃၀ အထက် နှစ်စဉ်မပျက်ပါဝင် လှည့်လည်ကြသော သက်ကြီးဆင်များကို “ဇွဲဆု”၊ ပြိုင်ပွဲဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ဒိုး၊ နှဲ၊ လင်ကွင်း၊ မောင်း၊ ဝါးလက်ခုပ် စသည်တို့ဖြင့် ရှေးရိုးရာအတိုင်း ရိုးရိုးအက၊ အယိုင်အကများဖြင့် မြို့မဈေးကြီး သုံးပတ်ပြည့်အောင် မြေပေါ်တွင်သာ လှည့်လည်ကပြသော ဆင်အဖွဲ့ကိုလည်း ရှေးရိုးရာဆုများ ချီးမြှင့်မည်ဖြစ်သည်။ ယခုနှစ်တွင် ပြိုင်ပွဲကျင်းပရေးကော်မတီအနေဖြင့် ဆင်ပြိုင်ပွဲတော်သည် စည်ကားလွန်းလှ၍ ကားကြီးများဖြင့် လှည့်လည်ရာတွင် ကားအဝင်အထွက် ခက်ခဲသဖြင့် ယခုနှစ်တွင် ခြောက်ဘီးအထက်ကားများဖြင့် လှည့်လည်ခြင်းကို ခွင့်မပြုတော့ကြောင်း သိရသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရှေးရိုးစဉ်လာမပျက် ရိုးရာပွဲတော်အဖြစ် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်း ၉၀၀ ကျော် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ရှေးရိုးစဉ်လာမပျက် နှစ်စဉ်ကျင်းပခဲ့သော ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာတွင်သာမက ကမ္ဘာကပါလူသိများ ကျော်ကြားလှသော ကျောက်ဆည်မြို့ ဆင်လှူပွဲတော်သို့ လာရောက်နွှဲပျော်ကြရန် ကျောက်ဆည်သူ၊ ကျောက်ဆည်သားတို့က လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်လျက်ရှိပါကြောင်း။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ပြည်တွင်းသတင်း

‘ဝ’ ဒေသ ဖွံ့ဖြိုးတိုးတက်ရန် အပြန်အလှန်ယုံကြည်မှု အခိုင်အမာတည်ဆောက် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးတွင် ပူးပေါင်းပါဝင်ကြ

ပန်ဆန်း အောက်တိုဘာ ၆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်ခေါင်းဆောင်သော အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း “ဝ” အထူးဒေသ(၂)ပန်ဆန်းမြို့ “ဝ” အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးပေါက်ယူချန်နှင့်တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ (ယာပုံ)

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် “ဝ” အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ ဦးဆောင်သောအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို “ ဝ ” အထူးဒေသ(၂) အစည်းအဝေးခန်းမ၌ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး “ဝ” အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျောက်ကျိုးသန်း၊ ဦးပေါက်ယူလျှံ၊ ဦးကျောက်ကော်အမ်း၊ ဦးအောင်မြင့်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရန် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းအားထုတ်နေသော လုပ်ငန်းစဉ်များအတွက် “ဝ” ဒေသ “ဝ” တိုင်းရင်းသားများ အားလုံးအတူတကွလက်တွဲပူးပေါင်း ဆောင်ရွက်သွားရန် လိုပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ခြင်းဖြစ်စဉ်များတွင် “ ဝ ” တိုင်းရင်းသားများ အားလုံး ပူးပေါင်းပါဝင်ရေးကို ခေါင်းဆောင်များကိုယ်တိုင်ဦးစီးပြီး စံနမူနာပြ ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း အတူတကွပူးပေါင်းလက်တွဲကာ အားကြိုးမာန်တက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အဆင့် အမျိုးသားသန်းခေါင်စာရင်း ကောက်ယူရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် ကိစ္စတစ်ရပ်ဖြစ်ပြီး “ဝ” ဒေသအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်နှင့်အတူတကွ ပူးပေါင်းရန်လိုအပ်ပါကြောင်း၊ “ဝ” ဒေသဖွံ့ဖြိုးတိုးတက်ရန် အပြန်အလှန်ယုံကြည်မှု အခိုင်အမာတည်ဆောက်ပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတွင် ပူးပေါင်းပါဝင်ကြရန် ဖိတ်ကြားပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိရေး၊ ဒေသတွင်းလူနေမှုဘဝများ မြင့်မားတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲတွင် ပူးပေါင်းပါဝင်နိုင်ရေး ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် “ဝ” အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံက “ဝ” အဖွဲ့အစည်းအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ရှမ်းပြည်နယ်အစိုးရတို့၏ ငြိမ်းချမ်းရေးစာချုပ်ပါအချက်များကို ဆက်လက်စောင့်ထိန်းသွားမည် ဖြစ်ပါကြောင်း၊ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးစာချုပ်ပါ အချက်များ အကောင်အထည်ဖော်ဆောင်ရန် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းသည့်အဖွဲ့ကို ဖွဲ့စည်းထားရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် “ ဝ” တိုင်းရင်းသားတို့ ပေါင်းစည်း၍ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ မတ်လ ၃၀ မှ ဧပြီလ ၁၀ ရက်နေ့အထိ နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက “ဝ” ဒေသ လျှပ်စစ်မီးရရှိရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က “ဝ”ဒေသ၏ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးဆိုင်ရာများတွင် ပြည်ပနိုင်ငံများမှ နည်းပညာနှင့် အရင်းအနှီးများ ဆက်စပ် လုပ်ကိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် “ ဝ ” အထူးဒေသ(၂) ပန်ဆန်းမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုပြီး ပန်ဆန်း အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီအဖွဲ့နှင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ ပြည်သူလူထုများတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ စီးပွားရေးကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးမြင့်သိန်းနှင့်ကော်မတီအဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တောင်ညို-ချောင်းနက်လမ်း မိုင်တိုင်အမှတ်(၄၀/၅)နှင့်(၄၀/၆)အကြား မိုးရွာသွန်းမှုများပြားပြီး တောင်ပြို၍ လမ်းသား နိမ့်ကျနေမှုအခြေအနေများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ခန်းမ၌ သရက်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများနှင့်တွေ့ဆုံရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်သူလူထုအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များတင်ပြရန် ပြောကြားသည်။

ထို့နောက် သရက်မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်မြင့်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင် ဦးအောင်ကျော်စိုးက ကံမမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးမျိုးကျော်ဆွေ၊တာဝန်ရှိသူအဆင့်ဆင့်မှ လုပ်ငန်းဆိုင်ရာများ ကြပ်မတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ပို့ဆောင် ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ (Delivery-Unit) အနေဖြင့် ပထမဆုံးခရီးစဉ်ဖြစ်သည့် သရက်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ လူထုလူတန်းစားအသီးသီးနှင့် မြို့မိမြို့ဖများတွေ့ဆုံ၍ ပွင့်လင်းစွာ ထိတွေ့ဆွေးနွေးခဲ့ရာတွင် ဒေသခံပြည်သူတို့၏ လတ်တလော လိုအပ်ချက်များ၊ ၎င်းတို့၏ဆန္ဒများ၊ ဝန်ကြီးဌာနများ၏ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအား ပြုပြင်ပေးစေလိုမှုများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်များအား လက်တွေ့သိရှိခဲ့ရပြီး ချက်ချင်းဖြေရှင်း၍ရသည်များကို ချက်ချင်းဖြေရှင်းပေးခဲ့ကြသည်။ အခမ်းအနားတွင်မကွေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်က မကွေးမြို့တွင် ခေတ်မီလေယာဉ်ကွင်းရှိသော်လည်း လေယာဉ်များ မဆင်းနိုင်သဖြင့် မည်သည့်အချိန် စတင်ဆောင်ရွက်ပေးနိုင်မည်၊ မကွေးမြို့အနီးရှိ ရွာများသို့သွားသည့် ထော်လာဂျီကဲ့သို့ ရပ်ရွာသုံးယာဉ်များ ကတ္တားချိန်တွယ်မှု ကင်းလွတ်ခွင့်ပြုရေး နေပြည်တော် - တောင်တွင်းကြီး - မကွေး ရထား ခရီးအဆင့်မြှင့်ပေးရေး၊ မကွေးမြို့ မြို့မိမြို့ဖ ဦးသံချောင်းက မော်တော်ယာဉ်များ နာမည်ပြောင်းကိစ္စ၊ Auto ဖုန်းများကြိုတင်ငွေကိစ္စ စီမံဆောင်ရွက်နေမှု၊ ချောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ကျေးရွာ လျှပ်စစ်မီးလင်းရေး၊ မကွေးမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးညိုထွန်းက ပုဂ္ဂလိကဆိုင်မှ စက်သုံးဆီများ၊ ရေနံချောင်း မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်ဦးက ရေနံချောင်းမြို့သို့ ရထားလမ်းဖောက်ပေးရေးနှင့် ရေနံချောင်းမြို့ဆိပ်ကမ်း သောင်ထွန်း၍ ရေလမ်းသောင်တူးပေးရန် တောင်တွင်းကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်းက ကုက္ကိုကုန်းဘူတာတွင် ရထားစကြိုလုပ်ပေးကိစ္စ၊ ကုန်းဆောက်ဘူတာတွင် RBE ရထားရပ်ပေးရန်၊ ကုန်းဆောက်နှင့် ကုက္ကိုကုန်းရွာ ဘူတာကြားရထားလမ်းတာပေါင်ရေတိုက်စားနေ၍ ပြုပြင်ပေးရန် ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် မင်းဘူးခရိုင် မင်းဘူးမြို့တော်ခန်းမတွင် ဒေသခံပြည်သူလူထု၊ ရပ်မိရပ်ဖဒေသဖွံ့ဖြိုးရေး အထောက်အကူပြုဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာအခမ်းအနားတွင် မင်းဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က မင်းဘူး-မင်းလှလမ်းပေါ်ရှိ ရေကျော်သည် ရေသွားရေလာများ၍ တံတားတည်ဆောက်ပေးရန်၊မင်းဘူးမြို့အမှတ်(၃) ရပ်ကွက်မှ ဦးအုန်းလှိုင်က တန်ဖိုးနည်းဖုန်းများ မည်သည့်အချိန်တွင် လွတ်လပ်စွာ ဝယ်ခွင့်ရနိုင်မည်၊ မင်းဘူးမြို့နယ် ကုန်သွယ်မှု အထောက်အကူပြု ကော်မတီဝင် ဦးမောင်မောင်သန်းက မင်းဘူး-ကျွန်းဖျားကျေးရွာဖွံ့ဖြိုးရေး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းက မုန်းချောင်းတံတားကို ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေးနှင့် မင်းဘူး-သရက် ရထားလမ်းကို ကုန်တွဲ တစ်တွဲတပ်ပေးနိုင်ရေး မင်းဘူးမြို့နယ် ပုဂ္ဂလိကဆောက်လုပ်ရေးကော်မတီမှ ဦးစိန်ဝင်းက မြို့အဝင်မန်းချောင်းတံတား အဆင့်မြှင့်တင်ပေးရန်၊ စလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ဧရာဝတီမြစ်ရေကမ်းပါး ရေတိုက်စားမှုကာကွယ်ပေးရန်၊ မင်းဘူး-စလင်း-တညောင်လမ်းပေါ်ရှိ လက်ပကျင်း ရေကျော်ပြုလုပ်ပေးရန်နှင့် လမ်းပခုံးများပြုပြင်ပေးရန်၊ စေတုတ္တရာမှ ကံပြားအထိ ကတ္တရာလမ်းခင်းပေးရန်၊ ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့ပေးရန်၊ စေတုတ္တရာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်အောင်က ဆက်သွယ်မှုခက်ခဲ၍ GSM လိုင်းများကောင်းမွန်အောင် ပြုလုပ်ပေးရန်၊ Auto ဖုန်းတပ်ဆင်ပေးရန်၊ မင်းဘူးမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေးအဖွဲ့(မထသ) ဥက္ကဋ္ဌက အမှတ်(၃)ကားကြီးဝင်းတွင် ကားကြပ်၍ ကြက်တဲကားဝင်းသို့ ပြောင်းရွှေ့ပေးရန်၊ မင်းဘူး(စကု) ပုဂ္ဂလိကပို့ဆောင်ဆက်သွယ်ရေး ကော်မတီအဖွဲ့ဝင်က နိမ္မာန်ရွာ ကမ်းပါးပြို၍ ကာကွယ်ရေးကိစ္စ၊ မင်းဘူးမြို့နယ် ဆောက်လုပ်ရေး ကော်မတီမှအဖွဲ့ဝင် ဦးကိုကိုအေးမင်းက စိုက်ပျိုးရေးဘဏ်နှင့် မွေးမြူရေးဘဏ်များကဲ့သို့ ဆောက်လုပ်ရေးနှင့် သစ်တောနှင့်ပတ်သက်၍ ဘဏ်များဖွင့်လှစ်ပေးရန် ရှိမရှိ၊ မင်းဘူးမြို့မှ ဦးလှိုင်ဝင်းက ADSL မြန်နှုန်းဖြင့် Internet လိုင်းများ လုပ်ပေးနိုင် မှု ရှိ၊ မရှိ၊ ငဖဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က GSM ဖုန်းများ ပြောဆိုရခက်ခဲ၍ ဆောင်ရွက်ပေးရေးနှင့်ငဖဲလမ်းပေါ်ရှိ လတိန်ချောင်းတံတားအား ကွန်ကရစ် ဦးစိန်ဝင်းက မြို့အဝင် မန်းချောင်းတံတားတည်ဆောက်ပေးရန်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။

(သတင်းစဉ်)

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေးဟောပြော

မြို့သစ် အောက်တိုဘာ ၆

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ မြို့မ(၅) ရပ်ကွက်နှင့်ကျေးရွာများရှိ အမျိုးသမီးများ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာအကြောင်းအရာများ ဟောပြောဆွေးနွေးပွဲနှင့် သက်ကြီးရွယ်အို အဘိုး အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ အရန်သားဖွားသင်တန်းသူများနှင့် ကျောင်းသူလေးများ အသိပညာပေးဆွေးနွေးပွဲကို မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လူမှောင်ခိုတားဆီးကာကွယ်ရေးအဖွဲ့၊ ရဲအုပ်ကြည်ကြည်ဌေးက အမျိုးသမီးများ လူမှောင်ခိုလူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့သစ်မြို့နယ် ဥပဒေအရာရှိ ဒေါ်လှလှအေးက အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာဥပဒေ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ အဘိုးအဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများအတွက် ဆေးဝါးကုသမှုများပြုလုပ်ဆောင်ရွက်ခဲ့ပြီး အားဖြစ်စေသော အစားအစာများနှင့်ငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ဇော်ဇော်(iprd)

မန္တလေးချမ်းမြသာစည်လေဆိပ် ... လမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေ...

နေပြည်တော် အောက်တိုဘာ ၆

ချမ်းမြသာစည် လေယာဉ်ကွင်းသည် အလျားပေ ၆၅၀၀၊ အကျယ်ပေ ၁၀၀ ရှိ နိုင်လွန်ကတ္တရာခင်းထားသည့် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် သမိုင်းဝင်လေယာဉ်ကွင်းတစ်ကွင်း ဖြစ်သည်။ လွတ်လပ်ရေးရပြီးချိန်တွင် အောက်မြန်မာပြည်၌ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် အထက်မြန်မာပြည်၌ ချမ်းမြသာစည်လေယာဉ်ကွင်းတို့ကို တည်ဆောက်ဖွင့်လှစ် အသုံးပြုခဲ့သည်။ အထက်မြန်မာပြည်၏ အချက်အချာကျသော လေယာဉ်ကွင်းအဖြစ် လွတ်လပ်ရေးရပြီးချိန်မှ ၂၀၀၀ ပြည့်နှစ်အထိ ၅၂ နှစ်သက်တမ်းအသုံးပြုခဲ့သော သမိုင်းဝင် တန်ဖိုးကြီးမားသည့် လေယာဉ်ကွင်းတစ်ကွင်းလည်း ဖြစ်သည်။

ယခင်အစိုးရ လက်ထက်တွင် မန္တလေးမြို့အနီး တံတားဦးမြို့၌ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ လေဆိပ်အသစ်ကြီးတွင် နိုင်ငံတကာ လေကြောင်းလိုင်းများ ဆင်းသက်စေပြီး ချမ်းမြသာစည်လေယာဉ်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကျေးလက်မီးလင်းရေးအတွက် LED မီးသီးများနှင့် Solar ပြားများ အဓိကကဏ္ဍမှပါဝင်

နေပြည်တော် အောက်တိုဘာ ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၏ LED စက်ရုံခွဲ(လှိုင်)သို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံ၏ခန်းမ၌ စက်ရုံ၏သမိုင်းအကျဉ်း၊ ကုန်ထုတ်လုပ်နိုင်မှု စက်စွမ်းအား၊ ကုန်ချော/ကုန်ကြမ်း လက်ကျန်များအခြေအနေ၊ LED မီးသီးထုတ်လုပ်ပုံအဆင့်ဆင့်၊ ထုတ်လုပ်သည့် မီးသီးအမျိုးအစားများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၏ Solar ပြားအလုပ်ရုံသို့ ရောက်ရှိရာ စက်ရုံ၏ခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ လက်ရှိစက်ရုံအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက် မီးလင်းရေးအတွက် LED မီးသီးများနှင့် Solar ပြားများသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေကြောင်း၊ မိမိတို့စက်ရုံ/အလုပ်ရုံများက ထုတ်လုပ်နိုင်သော ပစ္စည်းများ၏ အခြေအနေကို အသေးစိတ်သိရှိလို၍ လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ မိမိတို့ ထုတ်ကုန်များသည် ဈေးကွက်တွင် အရည်အသွေးရော ဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်ကြရမှာဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်အောင် တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျဖြင့် စေ့စပ်သေချာစွာ လုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း၊ မိမိတို့အလုပ်အပေါ် စိတ်ရင်းစေတနာကောင်းများဖြင့် စိတ်ဝင်တစားအလေးအနက်ထား လုပ်ဆောင်ကြဖို့လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး ကြိုးစားကြရမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းရှိထုတ်လုပ်ပြီး Solar ပြားနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ CIGS Solar ပြားထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ LAT WAR Co.,Ltd. မှ Ever Stand တံဆိပ်ဖြင့် စက္ကူကတ်ထူပုံးထုပ်ပိုးပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် ဇာဝေယာလမ်းရှိ သဃ်န်းကျွန်းစောင်စက်ရုံခွဲ အမှတ်(၂၁)၏ အဆောက်အအုံများကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းရှိ အထည်စက်ရုံအမှတ်(၁၀) ရုံခွဲ(၄)မှ အဆောက်အအုံများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်အသင်းများ စည်းဝေးမည်

ရန်ကုန် အောက်တိုဘာ ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှကြီးမှူး၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ထမ်းနှင့် မိသားစုဝင်များအနေဖြင့် အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ အသိပညာတိုးပွားစေရန် ရည်ရွယ်၍ ကျင်းပသည့် ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်သက်သက်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က မိခင်နှင့်ကလေး ပညာရေးဆိုင်ရာကဏ္ဍ၊ မေတ္တာစမ်းရေဆေးခန်းမှ ဒေါက်တာ ဒေါ်စန်းစန်းလှိုင်က မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍ၊ မေတ္တာစမ်းရေဆေးခန်းမှ ဒေါက်တာထွေးယဉ်အေးက အမျိုးသမီးများနှင့် ကင်ဆာရောဂါအကြောင်း၊ အသင်း၏နိုင်ငံတကာ မိသားစုစီမံချက်ဌာနခွဲမှ ဒေါက်တာဦးကိုကိုမောင်က ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးအသိပေးနှင့် မိဘနှင့် သားသမီးဆက်ဆံရေးအကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာဌာနကြီးမှ ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်သန်းနွဲ့က အမျိုးသမီးများနှင့် ဥပဒေရေးရာအကြောင်း စသည့်ခေါင်းစဉ်တို့ဖြင့် ဟောပြောပို့ချကြသည်။

အဆိုပါ ဟောပြောပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ချမ်းမြသာစည်လေယာဉ်ကွင်းကို အခြေပြုကာ မြန်မာ့လေကြောင်းမှ လေယာဉ်အသစ်လေးစင်းဖြင့် ဆက်သွယ်မှုခက်ခဲသောဒေသများရှိပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရန် ခရီးစဉ်များတိုးချဲ့ပျံသန်းရန်စီစဉ်

ကွင်းကို ပြည်တွင်းလေယာဉ်များ ဆက်လက်အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ထိုစဉ်ကဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများအရ နိုင်ငံတကာလေယာဉ်များ ဆင်းသက်မှု အလွန်နည်းပါးသည့်အတွက် ပြည်တွင်းလေယာဉ်များပါ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆင်းသက်စေခဲ့သည်။

ယခုအခါ နိုင်ငံတကာလေယာဉ်များ ဆင်းသက်မှုပိုမိုများပြားလာသည့်အတွက် ချမ်းမြသာစည်လေယာဉ်ကွင်းအား နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်း၏ လေယာဉ်ငယ်များ အခြေပြုပျံသန်းပြေးဆွဲရန် စီစဉ်ထားပြီး ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံပေါ်မှ နေ့စဉ်ဖြတ်ကျော် ပျံသန်းလျက်ရှိသော အပြည်ပြည်ဆိုင်ရာလေယာဉ် ၁၅၀ စင်းခန့်၏ ဆုံရပ်/သတင်းပို့ရပ်အဖြစ် ချမ်းမြသာစည်လေယာဉ်ကွင်းတွင် လေကြောင်းလမ်းညွှန် စက်ကြီးများ တပ်ဆင်ထားရှိ၍ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ICAO မှ အတည်ပြုသတ်မှတ်ထားရှိသည်။

အဆိုပါ လေယာဉ်ကွင်းတွင် အထက် မြန်မာနိုင်ငံတစ်ခုလုံး၏ ရာသီဥတုအခြေအနေကို စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ဧရိယာ အချင်း ၉၀၀ ကီလိုမီတာအထိ လွှမ်းခြုံကြည့်ရှုနိုင်သော အမေရိကန်ဒေါ်လာ ၁၂ သန်း တန်ဖိုးရှိ မိုးလေဝသရေဒါစခန်းကြီး တစ်ခုအားလည်း ဂျပန်နိုင်ငံ JICA အကူအညီဖြင့် တည်ဆောက်သွားရန်လည်း စီစဉ်ထားပြီးဖြစ်သည်။

သို့ဖြစ်၍ ချမ်းမြသာစည်လေယာဉ်ကွင်းတွင် လေယာဉ်ငယ်များ အခြေပြုပျံသန်းပြေးဆွဲရန်အတွက် မြန်မာ့လေကြောင်းမှ ကွင်းတို ဆင်းသက်ပျံသန်းနိုင်ပြီး ခရီးသည် ၁၄ဦးမှ ၁၉ဦးအထိ သယ်ဆောင်နိုင်သည့် ခေတ်မီ Beech Craft- 1900 D လေယာဉ်နှစ်စင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဝယ်ယူပြီး ပျံသန်းအသုံးပြုခဲ့သည်။ ယခုထပ်မံ၍ အမေရိကန်နိုင်ငံထုတ်ခရီးသည် ၁၂ ဦး တင်ဆောင်နိုင်သည့် Grand Caravan 208 B အမျိုးအစားလေယာဉ်နှစ်စင်းကို ဝယ်ယူခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် ရောက်ရှိလာတော့မည်ဖြစ်သည်။

၎င်း Beech Craft-1900 D လေယာဉ်နှစ်စင်း၊ Grand Caravan 208 B လေယာဉ်နှစ်စင်း စုစုပေါင်း လေယာဉ်လေးစင်းဖြင့် မန္တလေးမြို့ ကျက်သရေဆောင် ချမ်းမြသာစည်လေယာဉ်ကွင်းကို အခြေပြုကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများရှိ ပြည်သူလူထုများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်၍ ခရီးစဉ်များပျံသန်းပြေးဆွဲရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့သည် သံတွဲမြို့ အမှတ်(၄)ရပ်ကွက်ရှိ သိမ်ကုန်းကျောင်းတိုက်သို့ရောက်ရှိကာ ဆရာတော်အား လက်ရှိသံတွဲမြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် အမှတ်(၆)ရပ်ကွက်ရှိ မဟာဗောဓိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်အား သံတွဲမြို့ ပဋိပက္ခဖြစ်စဉ်နှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းလျှောက်ထားခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ကြီးမှူးဖွင့်လှစ်ပေးသော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်း အမှတ်စဉ် (၂)ဆင်းပွဲကို အောက်တိုဘာ ၆ ရက် က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တိုင်းလူမှုဝန်ထမ်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းသူ ၆၂ ဦး တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းသူများကိုယ်စား သင်တန်းသူမယုယငြိမ်းအေးက ကျေးဇူးတင်စကား ပြောကြားသည်။ သင်တန်းကာလမှာ ၂၁ ရက်ကြာမြင့်ပြီး ရက်သတ္တတစ်ပတ်လျှင် သောကြာ၊ စနေ၊ တနင်္ဂနွေသုံးရက်၌ နံနက် ၉ နာရီမှညနေ ၄ နာရီအထိ သင်ကြားပေးပြီး မြန်မာနိုင်ငံကြက်ခြေနီ သင်တန်းနည်းပြ Save the Children မှ သင်တန်းဆရာ၊ လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းနည်းပြဆရာများက မွေးကင်းစမှ အသက်ရှစ်နှစ်အရွယ်အထိ ကလေးသူငယ်

သင်တန်းသူ မလားလောမ်ဇွာလီး
(မီဇိုချင်းလူမျိုး)
ကလေးမြို့ စမ်းမြို့ရပ်ကွက်

များ ပြုစုပျိုးထောင်ရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်သင်တန်းသူအချို့နှင့် စကားပြောခွင့်ရခဲ့သည့် မြစ်ကြီးနားမြို့နယ် ဖားကန့်ရွှေခါကျေးရွာနေ ကချင်အမျိုးသမီးငယ် သင်တန်းသူ မကိုင်လင်းက "ကျွန်မက တက္ကသိုလ်ဝင်တန်းကျောင်းသူပါ။ ကလေးတွေကို အလွန်ချစ်ပါတယ်။ ကျွန်မတို့ဒေသကကလေးငယ်တွေကို ပြုစုပျိုးထောင်ပေးချင်တယ်။ ဒီသင်တန်းက သင်ပေးတဲ့ပညာတွေနဲ့ ကလေးငယ်တွေကို ထိန်းသိမ်းပြုစုပေးမှာပါ။ ရွာရောက်ရင်လည်း ကျွန်မလိုဝါသနာတူတဲ့ အမျိုးသမီးတွေကို ထပ်ဆင့်ဖြန့်ဝေသင်ကြား ပေးသွားမှာဖြစ်ပါတယ်" ဟု ဝမ်းမြောက်စကားဆိုသည်။

ကလေးမြို့ စမ်းမြို့ရပ်ကွက်နေ မြန်မာစာဘာသာရပ်ဖြင့် ဘွဲ့ရကျောင်းပြီးနေသည့် မီဇိုချင်းလူမျိုး သင်တန်းကျောင်းသူ မလားလောမ်ဇွာလီးက "ကျွန်မတို့ဒေသ ဖွံ့ဖြိုးမှုအားနည်းပါတယ်။ ကလေးဆိုတာ တစ်ချိန်လူကြီးဖြစ်လာပြီး နိုင်ငံ့တာဝန်ကို ကျရာနေရာက ထမ်းဆောင်ရမယ့် အနာဂတ်သူရဲကောင်းလေးတွေပါ။ သူတို့လေးတွေ ကြီးပြင်းအရွယ်ရောက်လာတဲ့အထိ ကျန်းမာ ဖွံ့ဖြိုးသန်စွမ်းစေချင်ပါတယ်။ ဒီသင်တန်းက ကလေးဘဝ ပြုစုပျိုးထောင်ရေးကို နည်းစနစ်ကျကျသင်ကြားပေးလို့ အလွန်ကျေးဇူးတင်ပါတယ်။ ဒေသပြန်ရောက်ရင်လည်း ဒီသင်တန်းကရလာတဲ့ ပညာတွေကို ထပ်ဆင့်ဖြန့်ဖြူးပေးသွားမှာပါ။ ကျွန်မကိုယ်တိုင်လည်း မူလတန်းကြိုကျောင်းဖွင့်ဖို့ ကြိုးစားမှာပါ" ဟု ကြည်နူးပီတိဖြစ်ဖွယ် ပြောကြားသည်။

သင်တန်းသူ မကိုင်လင်း
(ကချင်အမျိုးသမီး)
မြစ်ကြီးနား
ဖားကန့် ရွှေခါကျေးရွာ

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှ သင်တန်းသူ မခင်ဌေးနွဲ့၊ ရွှေပြည်သာမြို့နယ်မှ သင်တန်းသူ မသန္တာမြင့်တို့ကလည်း ပညာတတ် ဘွဲ့ရသူများဖြစ်ပြီး လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ဝင်တစားရှိကာ မူလတန်းကြိုကျောင်းများတွင် တာဝန်ထမ်းဆောင်နေသူများ ဖြစ်သည်။

အောင်သန်း (မင်္ဂလာတောင်ညွန့်)

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ပြည်တွင်းသတင်း

တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့်ကတ် ITC ဖြင့် တမူးနယ်စပ်မှ ၆၆၉ သန်းကျော် ကုန်သွယ်မှုပြု

တမူး အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အိန္ဒိယ-မြန်မာနယ်စပ် တမူး-ကလေး-ကလေးဝမြို့များတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက နယ်စပ်နေပြည်သူများ၊ အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်ကုန်သည်များအတွင်း အဆင်ပြေချောမွေ့စေရန် တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့်ကတ် ITC ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှစတင်၍ ကုန်သွယ်ခွင့်ပြုခဲ့ရာ ယခုဆိုလျှင် လုပ်ငန်းရှင်ပေါင်း ၉၆ ဦးဖြင့် ၆၆၉ သန်းကျော် ကုန်သွယ်မှုပြုပြီးဖြစ်ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

ITC ကတ်ဖြင့် မှတ်ပုံတင်ထားသူ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးလျှင် တစ်ရက်တန်ဖိုး ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငါးရက်အတွက် စုစုပေါင်း တစ်ကြိမ်တည်း ငွေကျပ် သိန်း ၅၀ ဖိုးအထိ ကုန်သွယ်ခွင့်ပြုထားကာ ကုန်သည်များအနေဖြင့်လည်း လိုင်စင်ဆောင်ရွက်ရန်မလိုဘဲ တိုက်ရိုက်တင်ပို့ တင်သွင်းခွင့်ပြုရာတွင် မြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ခွင့်ပြုထားကြောင်း သိရသည်။

"တစ်ပိုင်တစ်နိုင် ကုန်သွယ်ခွင့် ITC ကတ်နဲ့ ဆောင်ရွက်ခွင့်ပြုရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်တဲ့ ၁၈ နှစ်ပြည့်ပြီးသား အမျိုးသားမှတ်ပုံတင်ရှိပြီးတဲ့သူတိုင်း ITC ကတ်လုပ်ခွင့်ရှိတယ်။ ITC ကတ် လျှောက်မယ်ဆိုရင် လက်ရေးလျှောက်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာရဲစခန်းရဲ့ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တွေနဲ့ ကလေး-တမူး-ကလေးဝ ကုန်သည်ကြီးများအသင်းဝင် မိတ္တူအားလုံး ပြည့်စုံရင် အစိုးရရုံးပိတ်ရက်မှအပ ချက်ချင်းလုပ်ပေးပါတယ်။ နယ်စပ်ကုန်သွယ်ရေးက ခွင့်ပြုထားတဲ့ ကုန်ပစ္စည်းတွေမှန်သမျှ မြန်မာကျပ်ငွေနဲ့ တစ်ရက်ကို ငွေကျပ် ၁၀ သိန်းဖိုး၊ ငါးရက်ကို ငွေကျပ် သိန်း ၅၀ ဖိုး တစ်ခါတည်း ကုန်သွယ်ခွင့်ပြုထားပါတယ်" ဟု တမူးနယ်စပ်ကုန် သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တမူးနယ်စပ်ကုန်သွယ်ရေးမှ ယခုလို တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့် ITC ကတ်ဖြင့် ကုန်သွယ်မှုခွင့်ပြုလိုက်သည့်အတွက် နယ်စပ်ဒေသကုန်သည်များအနေဖြင့် လွတ်လပ်စွာကုန်သွယ်မှု ပြုလုပ်လာနိုင်သလို နိုင်ငံတော်မှလည်း ဘဏ္ဍာငွေဆုံးရှုံးမှု လျော့နည်းလာကြောင်း သိရသည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက သွင်းကုန် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၈၀၄၁ ဒသမ ၁၉၆ တန်ဖိုးကို တင်သွင်းနိုင်ခဲ့ပြီး ပို့ကုန်ပစ္စည်းများအတွက် မြန်မာငွေ ၁၁၆၆၂၄၄၇၃၅ ဒသမ ၀၀ တန်ဖိုးကို ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း တမူးနယ်စပ်ကုန်သွယ်မှု စာရင်းများအရ သိရသည်။

နေစု(ချင်းရိုးမ)

အလှတွင်အယဉ်ဆင့်၍ အသွင်တင့်လာခဲ့သော ရန်ကုန်မြို့လယ်ရပ်ဝန်းတစ်နေရာ

ကိုကြီးတင်

ယခင်က ထိုရှေ့မျက်နှာစာတွင် ဘတ်စ်ကားဂိတ်များ၊ ဆိုင်ငယ်များ၊ ဘေးတွင် စားသောက်ဆိုင်ကြီးငယ်နှင့် ဈေးဆိုင်များက ဝိုင်းရံထားခြင်းနှင့်အတူ ပန်းခြံကြီးအတွင်း ပြုပြင်မွမ်းမံမှု အားနည်း၍ အလှမဲ့နေခဲ့သော ရန်ကုန်မြို့လယ်ကောင်မှ သမိုင်းဝင် အထင်ကရပန်းခြံကြီးတစ်ခု။

၎င်းပန်းခြံကြီး၏ရှေ့တွင် ကျယ်ဝန်းသော ကွက်လပ်နှင့် သေးငယ်တိုတောင်းသော လမ်းလယ်ကျွန်းတစ်ခု ရှိခဲ့ရာ ဌာနဆိုင်ရာမှ အချို့သောယာဉ်များ၊ အငှားတက္ကစီယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များက စည်းကမ်းနှင့်မညီ ပိတ်ဆို့ရပ်တန့်နေသော နေရာတစ်ခု။ လမ်းသွားပြည်သူများအဖို့ သွားရေးခက်ခက်၊ လာရေးမလွယ် အန္တရာယ်များခဲ့သော ရန်ကုန်မြို့လယ်ကောင် ရပ်ဝန်းတစ်နေရာ။

ယခုအခါ အသွင်ပြောင်း စနစ်ပြောင်း၊ စီမံချက်ကောင်းများကြောင့် ယင်းမြို့လယ်ကောင် ရပ်ဝန်းမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီကို တွေ့မြင်ခဲ့ရသည်။

ကြည်လင်အေးမြ ပသာဒဖြစ်ဖွယ် ရေကန်နှင့် ရေပန်း၊ စိမ်းစိမ်းစိုစို မြက်ခင်းပြင်။ ဆန်းသစ်လှပခြင်းနှင့်အတူ ချစ်စဖွယ် ပုံဖော်အပင်ငယ်များ၊ ကလေးကစားကွင်းငယ်တို့ဖြင့် ပြန်လည် စည်ကားစိုပြည်လာသော မဟာဗန္ဓုလပန်းခြံကြီး။

ထိုရှေ့တွင်လည်း ယခင်နှင့်မတူ ခြောက်ပေအကျယ် လူသွားစင်္ကြံရှည်ကြီးတစ်ခုကို ခင်းထားပြီးဖြစ်သည်။ ထိုစင်္ကြံတစ်လျှောက် အရိပ်သဖွယ် အုပ်မိုးပေးနိုင်သည့် သံဖရိန်ထီးဝိုင်း သဏ္ဌာန် ၁၁ ခုကိုလည်း **(အပေါ်ပုံ)** အလှဆင်ခဲ့ပြီး ထိုသံဖရိန်များအကြားတွင် အုန်းနဲ့ပင်များကို ထည့်သွင်းစိုက်ပျိုးထားခဲ့သည်ကို တွေ့ရသည်။ နောင်နှစ်နှစ်၊ သုံးနှစ်ကာလအရောက်တွင် ထိုသံဖရိန်များတွင် အပင်များက အုပ်မိုးလျက် ထီးသဖွယ် ဖြန့်ကြက်ထားမည်ဖြစ်သည့်အတွက် လမ်းသွားခရီးသည်များအဖို့ ခေတ္တ အမောအပန်းဖြေနားခိုရာတစ်ခုအဖြစ်လည်း ရှိလာမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့ရောက် နိုင်ငံခြားသားဧည့်သည်တို့ မြို့တွင်းလှည့်လာရာခရီးစဉ် စုရပ်တစ်ခုလည်း ဖြစ်ခဲ့ပြီး မြို့တော်၏ အလှကျက်သရေကို လှစ်ဟပြရာ မြို့လယ်ရပ်ဝန်းတစ်ခုအဖြစ် ဂုဏ်ယူနိုင်မည်ဖြစ်သည်။

ထိုရပ်ဝန်း၏ အနီးဝန်းကျင်တွင် ခံ့ညားထည်ဝါသော မြို့တော်ခန်းမ၊ ကြည်ညိုဖွယ် ဆူးလေစေတီတော်နှင့် သမိုင်းဝင် လွတ်လပ်ရေးကျောက်တိုင်ကြီးကို ဝန်းရံလျက် လှပသော မဟာဗန္ဓုလပန်းခြံ၊ တည်ငြိမ်အေးချမ်းမှုအသွင်ကို ဆောင်နေသော မောန္ဓေလဘုရားကျောင်း. . ။ ထိုထိုတို့၏ ဗဟိုမြို့လယ်ကောင် ရပ်ဝန်းသည်ကား ယခင်ကာလများနှင့်မတူ အလှတွင် အယဉ်ဆင့်၍ အသွင်တင့်လာခဲ့ပြီကို မှတ်တမ်းတင်ရေးသား ဖော်ပြလိုက်ရပါသည်။

နောင်ချို၌ ဘိန်းဆီခဲများဖမ်းဆီးရမိ

လားရှိုး အောက်တိုဘာ ၆

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု၊ နောင်ချိုလှုပ်ရှားမှု ရဲအုပ်တင်ဌေး ဦးစီးအဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၇၈/၅)တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းဖောက်ခွဲပစ္စည်းများ ရှာဖွေစစ်ဆေးနေစဉ် သီပေါမှ မန္တလေးသို့ ယာဉ်မောင်း စိုးဝင်း မောင်းနှင်သည့် ဒုဠ၀တီမန်း ခရီးသည်တင်ယာဉ်အမှတ်၈၉/. . . ကို သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ပစ္စည်းသိုလှောင်သည့် ယာဉ်ဝမ်းဗိုက်အတွင်း ပိုင်ရှင်မပါ(ပါဆယ်) လက်ဖက်ခြောက်အိတ်အတွင်း၌ သိုဝှက်ထားသည့် ပလတ်စတစ်ဖြင့်ထုပ်ပိုးလျက် ဘိန်းဆီအခဲ အလေးချိန် ၈၀၀ ဂရမ်ကို တွေ့ရှိပြီး ယာဉ်နောက်လိုက် ဟန်ဝင်းအောင်အား စစ်မေးရာ ၎င်းလက်ဖက်ခြောက်အိတ်မှာ သီပေါမြို့ ဒုဠ၀တီမန်းဂိတ်တွင် လာအပ်သည့်ပစ္စည်းဖြစ်ပြီး ပြင်ဦးလွင်မြို့ စံပြထမင်းဆိုင်သို့ ပို့ပေးရမည်ဖြစ်ကြောင်းနှင့် ပိုင်ရှင်မှ ကိုယ်တိုင်လာရွေးမည် ဖြစ်ကြောင်း သိရှိရသဖြင့် ဘိန်းဆီခဲများပါသည့် လက်ဖက်ခြောက်အိတ် ပေးပို့သူအား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိရေးအတွက် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုး တပ်ဖွဲ့စုမှူးမှ မူးယစ်တပ်ဖွဲ့စု(၁၇)၊ မန္တလေးတပ်ဖွဲ့စုမှူးထံသို့ ကြိုတင်ဆက်သွယ်၍ နောင်ချိုလှုပ်ရှားအဖွဲ့မှ ရဲအုပ်ဇော်မျိုးထွန်း ဦးစီးအဖွဲ့သည် ခရီးသည်အသွင်ယူ၍ ပြင်ဦးလွင်မြို့ စံပြထမင်းဆိုင်တွင် အမှတ်(၁၇) မန္တလေးမူးယစ်တပ်ဖွဲ့စု ပြင်ဦးလွင်လှုပ်ရှားမှု ဒုတိယရဲမှူးဇော်ဝင်း ဦးစီးအဖွဲ့နှင့်ပူးပေါင်း၍ စောင့်ဆိုင်းခဲ့ရာ နံနက် ၁၁ နာရီတွင် အဆိုပါ ပါဆယ်လက်ဖက်ခြောက်အိတ် လာရွေးသူ နန်းဆွေလင်း ဆိုင်ကယ်အမှတ် ၃၀ယ/---- ရောက်ရှိလာသဖြင့် သိမ်းဆည်းရမိခဲ့ပြီး ၎င်းအား ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဘိန်းဆီခဲပါ လက်ဖက်ခြောက်အိတ်အား သီပေါမြို့မှ တင်ပို့ပေးခဲ့သူ နန်းမြနီအား သီပေါမြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ နန်းမြနီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်ပါ၍ ဘိန်းဆီခဲများ သယ်ဆောင်ရောင်းဝယ်သူ နန်းဆွေလင်း (၃၃နှစ်) နယ်မြေ(၁၀) ရပ်ကွက်ကြီး(၁) ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီးနှင့် နန်းမြနီ သီတာလမ်း မြို့လယ်ရပ် သီပေါမြို့နယ်နေသူနှစ်ဦးပေါ် ပြင်ဦးလွင် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဆိုင်ကယ်သက်တမ်းတိုး ဖြေလျှော့သောနည်းလမ်းများဖြင့် လုပ်ဆောင်ပေး

မန္တလေး အောက်တိုဘာ ၆

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ရုံးချုပ်၏ညွှန်ကြားချက်အရ မော်တော်ဆိုင်ကယ် သက်တမ်းတိုး ဆောင်ရွက်ပါက ယာဉ်စစ်ဆေးရန်မလိုဘဲ ဖြေလျှော့သောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။

"မန္တလေးတိုင်းဒေသကြီး ခရိုင်ရုံးရှိရာမှာ လိုအပ်ချက်အရ မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်တွေကို တစ်နှစ်လေးကြိမ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ နယ်လှည့်ပြီး လိုင်စင်လုပ်ပေးတယ်။ သက်တမ်းတိုးပေးတယ်။ ရုံးစရိတ်နဲ့ လုပ်ပေးခဲ့တာပါ" ဟု ကညနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ သက်တမ်းတိုးဆောင်ရွက်ရာ၌ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်မှု လွယ်ကူစေရန်၊ ဆိုင်ကယ်များ နှစ်လဲသက်တမ်းတိုးရာတွင် ယာဉ်စစ်ဆေးခြင်းမပြုတော့ဘဲ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများဖြင့်သာ လုပ်ဆောင်ပေးခဲ့ကြောင်း၊ နယ်လှည့် ဆောင်ရွက်ပေးခဲ့ရာတွင် သာမန်သက်တမ်းတိုးဆိုင်ကယ် ကိုယ်ပိုင် ငွေကျပ် ၂၀၀၀၊ သုံးဘီး ဆိုင်ကယ် ကိုယ်ပိုင် ငွေကျပ် ၃၀၀၀၊ အငှား ငွေကျပ် ၃၅၀၀၊ ယာဉ်လတ် ကိုယ်ပိုင် ငွေကျပ် ၃၀၀၀ နှင့် အငှား ငွေကျပ် ၃၅၀၀၊ ယာဉ်ကြီး ကိုယ်ပိုင် ငွေကျပ် ၄၀၀၀ နှင့် အငှား ၆၅၀၀ ကျပ်ဖြစ်ပြီး နယ်လှည့်သွားရောက်ရာ၌ ဒေသများတွင် ဗီနိုင်းဖြင့်ချိတ်ဆွဲဖော်ပြ၍ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မော်တော်ယာဉ် ၃၅၉ စီး၊ ဆိုင်ကယ် ၁၂၈၇၇စီး၊ ဝမ်းတွင်းမြို့နယ်တွင် မော်တော်ယာဉ် ၆၈၅ စီး၊ ဆိုင်ကယ် ၁၉၁၆၆ စီး၊ မလှိုင်မြို့နယ်တွင် မော်တော်ယာဉ် ၃၄၈ စီး၊ ဆိုင်ကယ် ၁၃၀၁၄ စီးတို့ကို နယ်လှည့်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် မေလအထိ ကညနစာရင်းများအရ လူစီးမော်တော်ယာဉ် ၅၀၂၈၉ စီး၊ ကုန်တင်ဝန်ပေါ့ ၅၃၆၉ စီး၊ ကုန်တင်ဝန်လေး ၁၁၃၆၁ စီး၊ ခရီးသည်တင်ယာဉ် ၂၂၆၉ စီး၊ အခြားယာဉ် ၁၁၃၇ စီး၊ ဆိုင်ကယ် ၉၂၈၁၂၉ စီး၊ သုံးဘီးယာဉ် ၁၄၁၅၁ စီး၊ ထော်လာဂျီယာဉ် ၇၉၅၇ စီး၊ စက်ယန္တရားယာဉ် ၁၀၅ စီး စုစုပေါင်း စက်တပ်ယာဉ် ၁၀၂၀၇၇၉ စီး ရှိကြောင်း သိရသည်။ **(ဝ၄၀)**

ဝန်ထမ်းအိမ်ရာများမှ ပိုက်ဆံအိတ်များနှင့်ပစ္စည်းများခိုးယူသူ ဖမ်းမိ

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) နယ်မြေရဲစခန်းအပိုင် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းတိုက်များတွင် ခိုးမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်း၏ ညွှန်ကြားမှုဖြင့် အမှတ်(၇)နယ်မြေရဲစခန်းမှူး၊ အမှတ်(၈)ရဲကင်းမှ တပ်ဖွဲ့ဝင်များ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်း လှည့်ကင်း၊ ဝပ်ကင်းများဖြင့် စောင့်ကြပ်လျက်ရှိရာ အောက်တိုဘာ ၃ ရက် ည ၉ နာရီခွဲတွင် မသင်္ကာသူ အောင်မျိုးဦးက တိုက် ၃၃၀၇ အခန်း(၁၃)သို့ ဝင်ရောက်သွား၍ လိုက်လံကြည့်ရှုရာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားသဖြင့်၊ ကင်းပုန်းဝပ်၍ ထပ်မံစောင့်ဆိုင်း အခြေအနေအကဲခတ်စဉ် အောက်တိုဘာ ၄ ရက် နံနက် ၅ နာရီတွင် ဖမ်းဆီးရမိ၍ အမှတ်(၇) နယ်မြေရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းတိုက် အောက်ဆုံးထပ်အခန်းများမှ ပစ္စည်းနှင့် ပိုက်ဆံအိတ်များ အလစ်သုတ်ခိုးယူမှုများ ကျူးလွန်ခဲ့ကြောင်း၊ ထိုသို့ခိုးယူ၍ ရရှိသော ငွေကြေးနှင့် ပစ္စည်းများကို တိုက် ၃၃၀၇/၁၃ တွင် ဝှက်သိမ်းထားကြောင်း ထွက်ဆိုသဖြင့် သက်သေနှင့်အတူသွားရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အခန်းအတွင်းရှိ ကတ်ထူပုံးအတွင်းမှ ၁၀၀၀၀ ကျပ်တန် ၄၃ ရွက် ငွေကျပ် ၄၃၀၀၀၀၊ ၅၀၀၀ ကျပ် တန် ၂၂ ရွက် ငွေကျပ် ၁၁၀၀၀၀၊ ၅၀၀ ကျပ်တန် ခုနစ်ရွက် ငွေကျပ် ၃၅၀၀ စုစုပေါင်း ငွေကျပ် ၅၄၃၅၀၀၊ အမေရိကန်ဒေါ်လာ ၂၀ တန် တစ် ရွက်၊ ၁၀ တန် တစ်ရွက်၊ ငါးဒေါ်လာတန် တစ်ရွက်၊ တစ်ဒေါ်လာတန် တစ်ရွက်၊ စင်ကာပူဒေါ်လာ နှစ်ဒေါ်လာတန် တစ်ရွက်၊ ထိုင်းဘတ် ၂၀ တန် သုံးရွက် စုစုပေါင်းဘတ် ၆၀၊ ရွှေဆွဲကြိုးအတု တစ်ကုံး၊ ရွှေဟုထင်ရသော မောင်းကွင်း လက်စွပ်တစ်ကွင်းတို့ကို တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ပြီး ၎င်းပစ္စည်းများနှင့် ပတ်သက်၍ အောင်မျိုးဦး (၂၃ နှစ်) **(ယာပုံ)** စက်ပြင် အိုးအိမ်ဦးစီးဌာန တိုက် ၃၃၀၇ အခန်း(၁၃)ဉာဏသိဒ္ဓိရပ်ကွက် နေသူအား စစ်ဆေးနေစဉ် အောင်မျိုးဦးစီးနင်းသော မော်တော်ဆိုင်ကယ် အမှတ် ၃၄ယ/---- ကို တိုက်အမှတ် ၃၃၀၇ ဆင်ဝင်အောက်တွင် တွေ့ရှိရ၍ ဆိုင်ကယ်အား သိမ်းဆည်းပြီး ဆိုင်ကယ်တူးဘောက်စ် အတွင်းရှာဖွေရာ ကျပ် ၅၀၀၀ တန် အရွက် ၆၀ ငွေကျပ် သုံးသိန်း၊ ၁၀၀၀ ကျပ်တန် ၈၆ ရွက် ငွေကျပ် ၈၆၀၀၀၊ စုစုပေါင်း ၃၈၆၀၀၀ ကျပ်နှင့် မိန်းမပတ်နာရီ တစ်လုံးတို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ဆိုင်ကယ်နှင့်အတူ တွေ့ရှိရသောပစ္စည်းများအား မေးမြန်းရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်းမရှိသဖြင့် နေအိမ်တိုက်တာ အဆောက်အအုံတစ်ခုခုအတွင်းမှ ခိုးယူသည်ဟု သံသယရှိသဖြင့် အမှတ်(၈) နယ်မြေရဲကင်းမှူး ဒုရဲအုပ်အောင်မျိုးက တရားလိုပြုလုပ် တိုင်တန်းသဖြင့် အမှတ်(၇)နယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ပြီး အမြန်ဆုံး တရားစွဲတင်ပို့ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ ပထမအကြိမ် အစည်းအဝေးအား အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပထမဆုံးအကြိမ် အမျိုးသားအဆင့် လူမှုဖူလုံရေး အစည်းအဝေး ကျင်းပရခြင်းအနေဖြင့် မကြာမီတွင် ကျင့်သုံးမည့်လူမှုဖူလုံရေး ဥပဒေသစ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူမှု ဖူလုံရေးစီမံကိန်းအနေဖြင့် နိုင်ငံတော်၏ အခြေခံအကျဆုံးဖြစ်သော အလုပ်သမားလူတန်းစားများ၏ ဘဝအာမခံချက်ရရှိရေးအတွက် ဆောင်ရွက်ပေးနေသော စီမံကိန်းတစ်ရပ်ဖြစ်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပြင် ဖွံ့ဖြိုးပြီး နိုင်ငံများပါ မိမိနိုင်ငံ၏ စွမ်းအားရှိသလောက် အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိကြကြောင်း၊ ယနေ့ခေတ်ကာလတွင် အလုပ်ရှင်နှင့် အလုပ်သမားများသည် အကျိုးတူ စီးပွားဖက်များဖြစ်ပြီး အပြန်အလှန်အကျိုးပြု ပူးပေါင်းလုပ်ဆောင်နိုင်သည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်၍ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည့် Win-Win စနစ်ကို ကျင့်သုံး အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ လူမှုဖူလုံရေး စီမံကိန်းသည် အလုပ်သမားများ၏ အကျိုးအတွက် သက်သက်မဟုတ်ဘဲ အလုပ်ရှင်နှင့် အလုပ်သမားများ အပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် ရည်မှန်းပြုစုထားသည့် စီမံကိန်းမျိုးဖြစ်သဖြင့် လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

တက်ရောက်

အမျိုးသားအဆင့် လူမှုဖူလုံရေး အဖွဲ့ ပထမအကြိမ်အစည်းအဝေးသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အတည်ပြုပြဋ္ဌာန်းနိုင်

လူမှုဖူလုံရေးဥပဒေ စတင် အသုံးပြုမှုအနေဖြင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လူမှုဖူလုံရေး အက်ဥပဒေကို ၁၉၅၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်က စတင်ပြဋ္ဌာန်းခဲ့၍ စီမံကိန်းကို ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင် အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပြီး မျက်မှောက် အချိန်ကာလ၌ နိုင်ငံတကာ ကျင့်သုံးမှုများ၊ အိုင်အယ်လ်အို ကွန်ဗင်းရှင်းများနှင့် ကိုက်ညီဆီလျော်မှု မရှိတော့ခြင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်ပေးနိုင်မှု မရှိတော့ခြင်း စသည်တို့ကြောင့် ဥပဒေသစ် ပြင်ဆင်ရေးဆွဲခြင်းကို ၂၀၀၉ ခုနှစ်ကစ၍ အလုပ်သမား ဝန်ကြီးဌာနအနေနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ ပုဒ်မ (၁၅)အဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်ကျင်းပ

အဆိုပါ အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး နည်းဥပဒေရေးဆွဲပြီးစီးမှုကို အတည်ပြုခြင်း၊ လူမှုဖူလုံရေးအဖွဲ့ အလုပ်အမှုဆောင် ကော်မတီဖွဲ့စည်းခြင်း၊ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း၊ အယူခံခုံအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် မူဝါဒချမှတ်ခြင်း၊ ရုံးချုပ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) အား အတည်ပြုပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်းနှင့် ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်နိုင်မည့် အကြံပြုချက်များရယူပြီး ဆောင်ရွက်ရမည့် နည်းလမ်းများ ချမှတ်ခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့ အခမ်းအနား သီပေါ၌ ကျင်းပ

သီပေါ အောက်တိုဘာ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ဂါရဝတရားနှင့် မုဒိတာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်က ကမ္ဘာ့ဆရာများနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အငြိမ်းစားဆရာ ဆရာမကြီးများကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ရှိခိုးပူဇော်ကန်တော့ကြပြီး မြို့နယ်ပညာရေးမှူး (ငြိမ်း) ဆရာမကြီး ဒေါ်ကြင်ရီက ဩဝါဒစကားပြောကြားသည်။

ထို့နောက် ကျောင်းသားဟောင်းများက အငြိမ်းစားဆရာ ဆရာမကြီး ၁၆ ဦးတို့အား လှူဖွယ်ပစ္စည်းများ မေတ္တာလက်ဆောင် ပေးအပ်ပြီး ကျောင်းသားဟောင်းတစ်ဦးဖြစ်သည့် မန္တလေးရောက် သီပေါသားဖြစ်သူ ဦးခင်ဇော်အောင်က ဆရာ ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ စီ ပူဇော်လှူဒါန်းခဲ့ ကြောင်း သိရသည်။ **(အောက်ပုံ)**

စိုင်း(သီပေါ)

လေအေးပေးစက်ပါ RBE ရန်ကုန်မြို့ပတ် အထူးရထား စတင်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လေအေးပေး စက်ပါ RBE ရန်ကုန်မြို့ပတ်အထူး ရထားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အင်းစိန်ဘူတာမှ စတင် ပြေးဆွဲရာ အခမ်းအနားတွင် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြား ရေးမှူး ဦးသူရိန်ဝင်းက ရထားဖြင့် လိုက်ပါမည့် ခရီးသည်များကို ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ အထူးရထားသည် အင်းစိန်ဘူတာမှ နံနက် ၆ နာရီခွဲတွင် စတင်ပြေးဆွဲ ခဲ့သည်။

အဆိုပါ အထူးရထားသည် နေ့စဉ် အင်းစိန်၊ ရန်ကုန်၊ မင်္ဂလာဒုံသို့ ရှစ်ခေါက်ပြေးဆွဲပေးမည်ဖြစ်ပြီး ရပ်တန့်ပေးမည့်ဘူတာများမှာ ရန်ကုန် ဘူတာကြီးအပါအဝင် ပုဇွန်တောင်၊ မလွှကုန်း၊ ကန်ဘဲ့၊ တံတားလေး၊ ပုရွက်ဆိတ်ကုန်း၊ မင်္ဂလာဒုံ၊ တညင်းကုန်း၊ အင်းစိန်၊ သမိုင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဘုရားလမ်းတို့ဖြစ်သည်။ လက်မှတ်ခမှာ ခရီးစဉ်တစ်ခုအတွက် တစ်ဦးလျှင် ပုံသေ ၄၀၀ ကျပ်ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် နှစ်ဒေါ်လာဖြစ်ကြောင်း သိရသည်။ **(ရထားပို့ဆောင်ရေး)**

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစား ပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ကမ္ဘောဇဘဏ်လီမိတက်မှ ရေဘေးသင့်ပြည်သူများကို ထမင်းထုပ်များလှူဒါန်း

ကလေး အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့တွင် စက်တင်ဘာ ၂၉ ရက်က မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်း၊ မြောင်းများရေကြီး ရေလျှံမှုဖြစ်၍ ကလေးမြို့၏ အနိမ့်ပိုင်းဒေသများရေဝင်ရောက်ကာ ပြည်သူ ၄၀၇၅ ဦးကို ကယ်ဆယ်ရေးစခန်း ရှစ်နေရာ ဖွင့်လှစ်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဇဘဏ်လီမိတက်မှ ရေဘေးသင့်ပြည်သူများကို အောက်တိုဘာ ၃ ရက်မှ ၇ ရက် အထိ ထမင်းထုပ်များကို နေ့ည လှူဒါန်းပေးနေကြရာ ကလေးမြို့ဘဏ်ခွဲမှ ဝန်ထမ်းများနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အထောက်အကူပြု ကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီးဒေါ်နန်းသန်းထွေး မိသားစုတို့သည် ကလေးမြို့ ပင်လုံရပ်ကွက် မီးသတ်တပ်ဖွဲ့ မီးသတ်ကား ဝယ်ယူရန်အတွက် အလှူငွေကျပ် သိန်း ၂၅၀ ကို လည်းကောင်း၊ ကလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထောက်အကူပြု အဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်းကို လည်း လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

ပန်းကောက်	၆ ရက်	Oct 20,Nov16	ရွှေဘုန်းပြည်
ပန်းကောက်-ကမ္ဘောဒီးယား	၆ ရက်	Oct 20,Nov16	[illegible]
စင်ကာပူ	၄ ရက်	Oct 22,Nov16	[illegible]
ဗုဒ္ဓဂယာ ([illegible])	၈ ရက်	၇.၅ သိန်း	[illegible]
ဗုဒ္ဓဂယာ ([illegible])	၁၅ရက်	၉.၀ သိန်း	01-566101,09-73060048,
ဗုဒ္ဓဂယာ (Hotel)	၁၂ရက်	၁၅.၅ သိန်း	09-2011313,09-421014616

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အောင်ချမ်းသာ(၄)ရပ်ကွက်၊ ကွင်းအမှတ် ၆၇၂/အေ၊ ကျောင်းကုန်းမြောက်၊ ဦးပိုင်အမှတ် ၅၀/၁၊ ၅၀/၂၊ ၅၁/၂၊ ၄၉၊ ၅၆၊ ၅၇၊ ဧရိယာ ၄ဒသမ ၃၈၉၈ဧက အကျယ်အဝန်းရှိ လန(၃၉)ကျပြီး ဘိုးဘွားပိုင်အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်ခင်မျိုးဦး ၉/လမန(နိုင်)၀၉၅၁၉၇က ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသော မြေနှင့် အဆောက်အအုံဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးဦး ၉/လမန(နိုင်)၀၉၅၁၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (စဉ်-၅၇၇၃)၊ ဒေါ်လွင်မာ (စဉ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)
ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈၀)၊
ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း [illegible]

[illegible] (UMFCCI) [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက် ၆၀၊ အမှတ် ၂၁၂၂ ဦးတင်အုန်းအမည်ပေါက်မြေကွက်အား ဒေါ်လှလှဝင်း ၁၂/ကတတ(နိုင်) ၀၁၂၇၉၀က စာရွက်စာတမ်းအပြည့်အစုံနှင့် ဝယ်ယူပြီးဖြစ်ပါ၍ ဤမြေကွက်အား ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှဝင်း ၁၂/ကတတ(နိုင်)၀၁၂၇၉၀၊ ဖုန်း-၀၁-၂၅၆၆၁၆

ပြည်တွင်းသတင်း

နယ်စပ်၌ ဆန်ကြမ်း၊ ဆန်ကွဲဈေးနှုန်း ပြန်လည်မြင့်တက်

ရန်ကုန် အောက်တိုဘာ ၆

တရုတ်နယ်စပ်တွင် ဆန်ကြမ်း၊ ဆန်ကွဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာသဖြင့် ရန်ကုန်မှ မူဆယ်ဘက်သို့ ဆန်တင်ပို့မှုများ ယခုရက်ပိုင်းတွင် များပြားလာသော်လည်း ကားခမှာ ဆန်တစ်တန်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း(တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀) ဖြင့် ပြောင်းလဲမှုမရှိသေးကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ရန်ကုန်-မန္တလေး-မူဆယ်ကုန်ကားဂိတ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ရန်ကုန် ဆန်ဈေးကွက်တွင် တရုတ်နယ်စပ်ပို့လာမှု ပြန်လည်များပြားလာ၍ အဝယ်လိုက်လာကြောင်း၊ နှံ့ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀ ဝန်းကျင်မှ အောက်တိုဘာ ၅ ရက်တွင် ငွေကျပ် ၁၇၆၀၀ ဝန်းကျင်သို့ ဈေးမြင့်တက်လာကြောင်း၊ ၂-၃-၄ ဆန်ကွဲအသေး တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀ ဝန်းကျင်သို့ ဈေးနှုန်း ပြန်လည်မြင့်တက်လာသည်ဟု ဆန်ကုန်သည်များကဆိုသည်။

ဆန်ကြမ်းဈေးများ မြင့်တက်လာသော်လည်း ပေါ်ကွဲ၊ ပေါ်ဆန်းဆန်ဈေးများ မြင့်တက်မှုမရှိဘဲ ဈေးငြိမ်နေကြောင်း သိရသည်။ မြစ်ဝကျွန်းပေါ်ဒေသ ဒါးက၊ ကန်ကြီးဒေါင့်၊ ကျောင်းကုန်း၊ ရွာသစ်ကုန်းဒေသများတွင် ကောက်စောစပါးများ ရိတ်သိမ်းနေပြီး ပေါင် ၅၀ ကိုက် တင်းတစ်ရာလျှင် ငွေကျပ် ၃၅၅၀၀၀ နှုန်းဖြင့် ဝယ်ယူနေကြကြောင်း၊ အစိုဓာတ်ရှိသေး၍ အခြောက်ခံစက်တွင် လေးနာရီကြာ အခြောက်ခံပြီးမှ ကြိတ်ခွဲကြရကြောင်း၊ နတ်တလင်းဒေသတွင်မူ ပေါင် ၅၀ ကိုက် တင်းတစ်ရာလျှင် ငွေကျပ် ၃၆၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူသည်ဟု အဆိုပါဒေသများမှ ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

မြစ်ဝကျွန်းပေါ် ပုသိမ်ဒေသမှ ရန်ကုန်သို့ ဆန်တစ်အိတ် ကားခ ငွေကျပ် ၂၅၀ ရှိချိန်တွင် နတ်တလင်းဒေသမှ ရန်ကုန်သို့ ကားခ ငွေကျပ် ၆၀၀၊ ရန်ကုန်မြို့ ပုဇွန်တောင်စက်ဆန်းဂိုဒေါင်များသို့ ကားခ ငွေကျပ် ၈၀၀ ဖြင့် တင်ပို့နေရကြောင်း၊ ရန်ကုန်မှ နတ်တလင်းဒေသသို့ အပြန်ကုန်ရရှိမှုနည်း၍ ကားခဈေးမြင့်နေရခြင်းဖြစ်ကြောင်း နတ်တလင်းမှ ဆန်စပါးကုန်သည်တစ်ဦးက ဆိုသည်။

ဆန်ကြမ်း အသစ်တစ်အိတ်လျှင် ယခင် ငွေကျပ် ၁၃၅၀၀ မှ ၁၄၀၀၀ အတွင်းသာဈေးရသော်လည်း ယခုရက်တွင် ငွေကျပ် ၁၄၃၀၀ ဝန်းကျင်၊ ထိပ်စဆိုလျှင် ငွေကျပ် ၁၅၂၀၀ ဝန်းကျင်သို့ ဈေးမြင့် အဝယ်လိုက်လာကြောင်းသိရသည်။ ဆန်ကြမ်းအသစ်များမှာ အစိုဓာတ်ရှိ၍ သိုလှောင်ရန်မဖြစ်နိုင်ဘဲ လက်ရှိဈေးကွက်အနေအထားတွင် ဆန်ကြမ်းအဟောင်းနှစ်အိတ်၊ ဆန်ကြမ်းအသစ်တစ်အိတ်ရောနှောနေကြရကြောင်း၊ ၂း၁ ဖြင့် ရောခြင်းဖြင့် ဆန်သစ်တွင်ရှိသော အစိုဓာတ်ပါဝင်နှုန်းလျော့ကျသကဲ့သို့ ဆန်ကြမ်းတန်ဖိုးလည်း လျော့ကျလာကြောင်း၊ ဆန်ကြမ်းအသစ် သီးသန့်ပြန်လည်ရောင်းချမှုမျိုး လက်လီဈေးကွက်တွင်မတွေ့ရသေးကြောင်း ဆန်စပါးကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိ ပြည်ပဆန်ဈေးနှုန်းဖြင့်ဆိုလျှင် ပြည်တွင်းဆန်ကြမ်းဈေးနှုန်းများ ကျဆင်းမှုသာ အကျိုးအမြတ်ရှိမည်ဖြစ်၍ မိုးစပါးသစ်အလုံးအရင်းထွက်ပေါ်ချိန်တွင် ဆန်ကြမ်းဈေးနှုန်းများ ထပ်မံကျဆင်းလာနိုင်ကြောင်း၊ မိုးစပါးစိုက်ပျိုးသူ လယ်သမားများအနေဖြင့် ၄၆ ပေါင်ကိုက် စပါးတင်းတစ်ရာ ငွေကျပ် ၃၃၀၀၀၀ နှုန်းဝန်းကျင်အခြေခံရှိရန် မျှော်လင့်နေကြကြောင်း၊ အောက်တိုဘာ ၅ ရက် ဆန်ဈေးနှုန်းများမှာ ဆန်ကြမ်းအသစ်တစ်အိတ် ငွေကျပ် ၁၄၃၀၀-၁၅၂၀၀ အတွင်း၊ နှံ့ဆန်တစ်အိတ် ငွေကျပ် ၁၇၆၀၀ ဝန်းကျင်၊ ပေါ်ကွဲတစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၊ ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၈၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀-၃၄၀၀၀ အတွင်း၊ ရခိုင်ဒေသထွက် ပေါ်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀-၁၉၀၀၀ ဝန်းကျင်ဖြစ်ကြောင်း ဆန်ဈေးကွက်မှ သိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း ၆-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၀၀၀၀-၆၄၉၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၉၉၀၀-၆၄၉၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၅-၁၃၃၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၂.၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၇၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆-၁၅၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၄	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၈၀၀	ကျပ်
၂။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၃။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ညောင်ဦးတွင် ကျန်းမာရေးအခမဲ့ အလှူတော်ပွဲ ကျင်းပ

ညောင်ဦး အောက်တိုဘာ ၆

ညောင်ဦးခရိုင်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်အတွင်း၌ လူမျိုးမရွေး ဘာသာမရွေး ကျန်းမာရေး အခမဲ့စောင့်ရှောက်ကုသမှုပေးလျက်ရှိရာ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ အများအပြားလာရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ကုသမှုခံယူ

အဆိုပါ ပုဂံညောင်ဦးဒေသ ကျန်းမာရေးအလှူပွဲတွင် မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရိုးအကြော၊ အရေပြား၊ ကလေး၊ သားဖွားမီးယပ်၊ အထွေထွေခွဲစိတ်နှင့် အထွေထွေရောဂါစသည်တို့ကို အခမဲ့ကုသပေးလျက်ရှိကြောင်း၊ ညောင်ဦးခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရပ်ဝေးရပ်နီးရှိ ပြည်သူများ ဆေးကုသမှုလာရောက်ရာတွင် သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် နေထိုင်စားသောက်ရေးအတွက်လည်းကောင်း၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်း အဖွဲ့များ၏ နေ့စဉ်လှူဒါန်းကူညီမှုဖြင့် လည်းကောင်း ပြည်သူများ စိတ်ချမ်းသာစွာဖြင့် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

အမျိုးသမီးငယ်များအကြမ်းဖက်မှုမှ တားဆီးရေးအသိပညာပေး

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်းရှိ ပြည်သူများအား ရှေးဦးသူနာပြုစုကုသခြင်း သရုပ်ပြပွဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသော အဆိုပါ သရုပ်ပြဟောပြောပွဲတွင် "မိဘပြည်သူများသည် ကျန်းမာရေးနှင့် ပြည့်စုံရန်၊ အေးချမ်းသာယာမှုရှိစေရန် ဗဟုသုတများစွာလိုအပ်သည်ဟု ယုံကြည်ကြောင်း၊ ဗဟုသုတများစွာရှိမှသာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ဖြစ်လာမှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အဓိကကျသည်ဟု ယူဆသည့်အတွက်ကြောင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောမြင့်ထူးက သရုပ်ပြဟောပြောခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန် အနောက်ပိုင်းခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ဒုတိယတန်း)ဦးမောင်မောင်ဦးက လူတစ်ယောက်၏အသက်ကို မိနစ်ပိုင်းအတွင်းကယ်တင်ရန် လိုအပ်သော ရှေးဦးသူနာပြုစုကုသပုံကို တက်ရောက်လာသူများကို လက်တွေ့သရုပ်ပြသ၍ ဟောပြောဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကမာရွတ်မြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက လူကုန်ကူးမှုပြဿနာသည် မြန်မာနိုင်ငံအပြင် ကမ္ဘာနှင့်အဝန်း ပျံ့နှံ့ဖြစ်ပွားနေသော ဆိုးရွားသောမှုခင်းတစ်ခုဖြစ်ကြောင်း၊ မြန်မာလူမျိုးများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိခိုက်ပျက်ပြားစေမည့် အမျိုးသားရေးတာဝန် ဖြစ်သည့်အတွက် တားဆီးရမည့် တာဝန်ရှိကြောင်း၊ လူကုန်ကူးခံရသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များသည် ၈၀ ရာခိုင်နှုန်းခန့်တွေ့ရကြောင်း၊ ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူကုန်ကူးမှု ၁၅ မှုအထိ ဖြစ်ပွားခဲ့ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ကမာရွတ်မြို့နယ် ရပ်ကွက်များအတွင်း ဖြစ်ပွားခဲ့သော မှုခင်းများနှင့် ပတ်သက်၍တက်ရောက်လာသော ပြည်သူများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မှုခင်းများကျူးလွန်နေခြင်းကို ဝိုင်းဝန်းတားဆီးရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အကြံပြုထားသော လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးမှူးက မြို့နယ်အတွင်း နေထိုင်သော ပြည်သူများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို ဟောပြောဆွေးနွေးခဲ့သည်။

(၁၆၃)

အလုပ်ခွင်သင်တန်းသားဝန်ထမ်းများ အလိုရှိသည်

Forwarding, Supply Chain Management, Project Cargo Handling, Exhibition စသည့်လုပ်ငန်းများတွင် လိုအပ်သောနေရာများ၌ ခန့်ထားရန် On Job Training (OJT) ဝန်ထမ်းများ လိုအပ်ပါသည်။

(၁) OJT (တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များ) **ကျား/မ ၁၅ ဦး**

(၂) KEY ACCOUNT COORDINATOR (တက္ကသိုလ်ဘွဲ့ရ) **ကျား/မ ၅ ဦး**

(က) အင်္ဂလိပ်စာ ကျွမ်းကျင်ရန် လိုအပ်ပါသည်။ အင်္ဂလိပ်စာနှင့်အခြားဘာသာ ကျွမ်းကျင်ပါက ပို၍အခွင့်အလမ်း ရှိပါသည်။

(ခ) ငယ်ရွယ်သွက်လက်တက်ကြွ၍ လေ့လာသင်ယူဆည်းပူးနိုင်မှု၊ တာဝန်ယူနိုင်မှု၊ တိုးတက်အောင်မြင်အောင် စွမ်းဆောင်နိုင်မှုစသည့် ကိုယ်ပိုင်အရည်အချင်းများရှိရပါမည်။

(ဂ) OJT ဝန်ထမ်းများအား OJT ပြီးလျှင် သင့်လျော်ရာ ရာထူးနေရာဌာနများ၌ ခန့်အပ်ပါမည်။

(ဃ) တိုးချဲ့မည့်လုပ်ငန်းဌာနများဖြစ်၍ အရည်အချင်းရှိသူ လူငယ်များအတွက် လစာကောင်းသည့် အဆင့်မြင့်ရာထူးများ ရရှိနိုင်ပါသည်။

အမှတ် ၀၁-၀၁၊ ဒဂုံတာဝါ၊ ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၅၄၄၃၄၀၊ ၅၄၄၃၄၁၊ ၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၅၈၃၀၀

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၇၃၂၊ မြေကွက်တည်နေရာအမှတ် ၇၃၂၊ ဗန္ဓုလလမ်း၊ ၄၉ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးမြင့်သန်း AC-၀၄၃၉၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်သန်းကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/မရက(နိုင်)၀၆၀၀၄၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး (၅)၊ မြေတိုင်းအမှတ် ၁၇၊ အိမ်ကွက်အမှတ် ၅၅၀၊ ပေ(၄၀×၆၀)မြေကွက်အား ရောင်းချလိုပါသဖြင့် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းတင့် ၇/ပခန(နိုင်)၀၈၅၄၃၆

ဖုန်း-၀၉-၃၁၄၂၂၀၃၀

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၁၃၃၅) ဟု ခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ခြံကွက်နှင့် ၄င်းခြံမြေကွက်အပေါ်၌ ဆောက်လုပ်ပါရှိသော ၁½ တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန(မြေစီမံ)၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးထွန်းနိုင် ၁၂/ကတတ(နိုင်)၀၁၃၁၆၃ အမှတ် ၅၂၊ လေးလွှာ၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ ရောင်းချပိုင်ခွင့်ရှိသည်။ အထက်ပါမြေကွက်နှင့်အိမ်အား ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ချမှတ်ပေးချေပြီးဖြစ်ပါ၍ ဆိုရေးဆိုခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာလာစိုး ၁၂/သဃက(နိုင်)၀၁၃၇၆၃

အမှတ် ၁၁၈၁၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၁၃၂၉၀၂၊ ၀၉-၇၃၀၄၂၁၉၇၊ ၀၁-၅၈၁၀၈၅

စာအုပ်စာပေ လူ့မိတ်ဆွေ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

TAXI BB KIA Morning (2009)၊ **ဆီတစ်ဂါလန် ကီလို ၉၀ ရကား၊** ALL Auto AC(50000 km)၊ G-grade **ကျပ် ၉၅ သိန်း (ညှိနှိုင်း)။**

ဖုန်း-၇၃၁၁၉၆၃၂

ရက်ပေါင်း ၆၄ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ချယ်လ်ဆီးတို့ အဝေးကွင်းအနိုင်ကစား လူစားဝင်လာသူများ အနိုင်ဂိုးများဆက်တိုက်သွင်းယူ

လန်ဒန် အောက်တိုဘာ ၆

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲများကို အောက်တိုဘာ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက နော့ဝှစ်ချ်ကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချယ်လ်ဆီးအတွက် ဂိုးများကို လူစားဝင်လာသူ ဟာဇက်ဇ်နှင့် ဝီလျံတို့က ဒုတိယပိုင်းတွင် အနိုင်ဂိုးများ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးတို့ ယခုနှစ်ဘောလုံးရာသီ ဖလား ဆွတ်ခူးနိုင်ရေး လမ်းကြောင်းကို စတင်လိုက်ပြီဖြစ်သည်။

ညှိသည့်အသင်း ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲစပြီး လေးမိနစ်အကြာတွင် အော်စကာက သွင်းယူပေးခဲ့သည်။ သို့သော် အိမ်ရှင်နော့ဝှစ်ချ်တို့ ချေပဂိုးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်း ပွဲချိန် ၆၈မိနစ်တွင် ပီကင်တန်က ခေါင်းတိုက်ဂိုးဖြင့် ချေပခဲ့သည်။

ချယ်လ်ဆီးတို့ အနိုင်ဂိုးများ သွင်းယူနိုင်ရေး နည်းပြမော်ရင်ဟိုက ဟာဇက်ဇ်နှင့် ဝီလျံတို့ကို လူစားအဖြစ် ထည့်သွင်းကစားခဲ့ရာ ပွဲချိန် ၈၅ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ဆက်တိုက်ဂိုးများသွင်းယူခဲ့သည်။ မော်ရင်ဟို အမှန်တကယ်လိုအပ်နေသော အဝေးကွင်းအနိုင်ပွဲကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့အိမ်ကွင်းမှာလည်း ရာနှုန်းပြည့်အောင်ပွဲခံလျက်ရှိသည်။

ကောင်းမြတ်သူ

မန္တလေးကားဝယ်ရောင်းသမားများ ငွေကျပ်သိန်းပေါင်းသောင်းချီ၍ အကွက်ချလိမ်လည်မှုခံခဲ့ရသည့်အပေါ် တရားစွဲမည်

မန္တလေး အောက်တိုဘာ ၆

မန္တလေးမြို့မှ ကားဝယ်ရောင်းသမားများသည် ငွေကျပ်သိန်းပေါင်း လေးသောင်းကျော်အကွက်ချ လိမ်လည်မှုခံခဲ့ရသည့်အတွက် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီက Oriental House ၌ သတင်းစာ ရှင်းလင်းပွဲကျင်းပခဲ့သည်။

ပေါ်ပေါက်လာ

လွန်ခဲ့သည့် ငါးလခန့်(မေလ) လောက်ကစ၍ မန္တလေးမြို့ကားပြပွဲများ၊ ကားကုမ္ပဏီများမှ အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည့် မော်တော်ယာဉ်များနှင့်ပတ်သက်၍ ယာဉ်လိုင်စင်၊ ယာဉ်နံပါတ်၊ စလစ်စသည့် ကညနဆိုင်ရာ လုပ်ငန်းများအတွက် ကားတင်သွင်းသည့် မူလကုမ္ပဏီများက ငွေကြေးတောင်းခံရာမှစပြီး လိမ်လည်မှုပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

"ကားရောင်းဝယ်လုပ်တော့ ယာဉ်လိုင်စင်၊ နံပါတ် ကညနကိစ္စတွေ အစအဆုံး တာဝန်ယူတယ်ဆိုပြီး ယုံကြည်စွာဝယ်ခဲ့တယ်။ မန္တလေးမြို့ ကမ်းနားလမ်းက ခြံထဲမှာ ကားသွားထုတ်ရတယ်။ ရန်ကုန်က ကားတွေကို ခြံမှာထားပြီး ရောင်းတာ။ မူရင်းကားတင်သွင်းတဲ့ ကုမ္ပဏီတွေက စလစ်တန်ဖိုးနဲ့ ကညန နံပါတ်အတွက် သိန်း ၁၄၀ တောင်းတယ်။ ကျွန်တော်တို့က အဲဒီကျသင့်ငွေတွေအားလုံးပေးပြီးသားပါ။ ကျော်ခိုင်စိုးကို စုံစမ်းတော့ ထွက်ပြေးသွားပြီ" ဟု တရားစွဲဆိုရေး ဦးဆောင်သည့်အဖွဲ့မှ ကိုအောင်က ပြောကြားသည်။

ဆုံးရှုံးနစ်နာ

ရန်ကုန်ကုမ္ပဏီမှ ကားတစ်စီးလျှင် ငွေကျပ်သိန်း ၃၀၀ ခန့် ပေါက်ဈေးရှိရာ မန္တလေးသို့သယ်ယူ၍ ငွေကျပ်သိန်း ၂၅၀ ဝန်းကျင်နှင့် ရောင်းချကြောင်း၊ ဈေးနှုန်းကွာဟမှုအပေါ် မန္တလေးကားဝယ် ရောင်းသမားများက ဝယ်ယူခြင်း၊ တစ်ဆင့်ရောင်းချခြင်း ပြုလုပ်ခဲ့ကြကြောင်း၊ မန္တလေးမြို့၌ လိုင်စင်မလုပ်ရသေးသော ကားအစီးရေ ၂၅၀၊ ပိုင်ရှင်စာအုပ်(Owner Book) မရသေးသော ကားအစီးရေ ၉၉ စီးရှိနေကြောင်း၊ ကားတစ်စီးတန်ဖိုးငွေကျပ် သိန်း ၂၀၀ ကျော်နှင့်တွက်ချက်လျှင် ငွေကျပ်သိန်းပေါင်း လေးသောင်းခန့် ဆုံးရှုံးနစ်နာမှုရှိနေ၍ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အခြေစိုက် ကားကုမ္ပဏီ ၁၁ ခုနဲ့ ချိတ်ဆက်အရောင်းအဝယ် လုပ်တယ်လို့သိရတယ်။ ကားတန်ဖိုးအကျေပေးသွင်းပြီး ယာဉ်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းအတွက် ငွေကျပ်သိန်း ၂၀ ဝန်းကျင် ချန်ထားတဲ့ ကားလောက စည်းကမ်းရှိပေမယ့် မူရင်းကားကုမ္ပဏီတွေဆီကို လိမ်လည်သူက စလစ်ဖိုး ငွေကျပ်သိန်း ၁၀၀ ကျော် မသွင်းဘဲ ချန်ထားတာမျိုးတွေရှိလို့ ကျွန်တော်တို့ဝယ်သူတွေဆီကို စလစ်ဖိုးနဲ့ ကညနကြေးအားလုံးအတွက် ငွေကျပ်သိန်း ၁၄၀ လောက် ထပ်တောင်းတာပါ။ မရရင် ကုမ္ပဏီက လိုင်စင်လုပ်မပေးဘူးလို့ ပြောတယ်။ နံပါတ်မရရင် Without ကားဖြစ်သွားပြီ" ဟု ကိုအောင်နိုင်ဝင်းက ပြောကြားသည်။

ထိုသို့ ကားအရောင်း/အဝယ်ကို အခြေခံ၍ ငွေကြေးအလွဲသုံးစားလုပ်သူနှင့် ပူးပေါင်းပါဝင်သူတို့ကို တရားစွဲဆိုသွားရန် စီစဉ်နေပြီး ၎င်းကိစ္စများနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်ထဲမဟုတ်ဘဲ ဒေသခံများစွာနစ်နာမှုကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြထားသည်ဟု ဆိုသည်။

တင်မောင်(မန္တလေး)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စက်တင်ဘာ ၆ ရက် ဘောလုံးပွဲ အနိုင်၊ အရှုံး

ပရီမီယာလိဂ် ပွဲစဉ်(၇)

နော့ဝှစ်ချ်	၁ - ၃	ချယ်လ်ဆီး
ဆောက်သမ်တန်	၂ - ၀	ဆွမ်ဆီး
စပါး	၀ - ၃	ဝက်စ်ဟမ်း
ဝက်စ်ဘရွန်း	၁ - ၁	အာဆင်နယ်

စီးရီးအေ ပွဲစဉ်(၈)

ပါးမား	၃ - ၁	ဆာစူအိုလို
ကာတာနီးယား	၁ - ၁	ဂျီနိုအာ
နာပိုလီ	၄ - ၀	လီဗော်နို
ဆမ်ဒိုးရီးယား	၂ - ၂	တိုရီနို
အူဒီးနိစ်	၂ - ၀	ကာဂလီရာရီ
ဘိုလော့ဂ်နာ	၁ - ၄	ဗီရိုနာ

ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီက မျိုးဆက်သစ်လူငယ်ဘောလုံးသမားကောင်းများ ထွက်ပေါ်လာစေရေးနှင့် ရှမ်းပြည်နယ်ကိုယ်စားပြုမှုသည် နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားကောင်းများ ထွက်ပေါ်လာစေရေးရည်ရွယ်ချက်များဖြင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဖလား အမျိုးသားလေးခရိုင် အလွတ်တန်းဘောလုံးပြိုင်ပွဲကို ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းကြီး၌ အောက်တိုဘာ ၁၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

အားကစားဆိုင်ရာ ကြော်ငြာများအတွက် အခွင့်အလမ်း

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်နှင့်ဆေးဝါးများ၊ အခြားကုန်ပစ္စည်းကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း "လူမှုစီးပွားအားကစား" အထူးထုတ်တွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

အောက်တိုဘာ ညီအစ်မ နှစ်ဖော်အတွက်
[illegible]

အောက်တိုဘာ ညီအစ်မ နှစ်ဖော်အတွက်
[illegible]

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့သည် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၁၉)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Pajero	၁ စီး
(ခ)	Van	၅၉ စီး
(ဂ)	Pick Up	၅၉ စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၂၀၀၀ဝိ/-(ကျပ်နှစ်သောင်းတိတိ)ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ၁-၁၀-၂၀၁၃ ရက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ထံလိပ်မူ၍ ၁၄-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၅-၁၀-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၀၀၂၈၈နှင့် ၀၈၁-၂၁၂၁၃၄၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ ၁-၁၀-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ ပါ ကြော်ငြာအား ဤကြော်ငြာဖြင့် ပြင်ဆင်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုပ်ချုပ်ရေးမှူး
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်

ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်မှ အောက်ဖော်ပြပါ စက်ကြီးယန္တရားအသစ် (Brand New)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	မြေကော်စက် (Excavator)	၆ စီး
(ခ)	မြေတူးစက် (Bulldozer)	၆ စီး
(ဂ)	လမ်းကြိတ်စက် (Road Roller)	၆ စီး
(ဃ)	မြေသယ်ယာဉ် (Dump Truck)	၁၈ စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား စက်ကြီးယန္တရားများ တင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း ၈-၁၀-၂၀၁၃ ရက်မှ ၁၇-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် ဌာနမှထုတ်ပေးထားသည့် အဆိုပြုလွှာပါ စာရွက်စာတမ်းများကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်တွင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၇၇၊ ၀၆၇-၄၀၆၃၂၀၊ ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၁၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

နိုင်ငံတကာအားကစားသတင်း

စီရိုနယ်ဒိုဂိုးနဲ့ သိက္ခာဆယ်နိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ်(၈)ကို ရီးရဲမက်ဒရစ်တို့ စိတ်မောလူမောနဲ့ ကျော်ဖြတ်ခဲ့ရပါတယ်။ ရှုံးပွဲတွေနဲ့ ဖိအားများပြီး နိုင်ပွဲလိုအပ်နေတဲ့ ရီးရဲမက်ဒရစ်ဟာ နောက်ဆုံးစက္ကန့်အထိ ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရတာမို့ နည်းပြအန်ဆယ်လော့တီအတွက် သောကပွေစေခဲ့တဲ့ပွဲပါပဲ။

လီဗန်တေးရဲ့ကွင်းမှာ သွားကစားခဲ့ရတဲ့ ရီးရဲမက်ဒရစ်ဟာ စီရိုနယ်ဒို ဦးဆောင်တဲ့ တိုက်စစ်မှူးတွေ ပထမပိုင်းပွဲချိန်အတွင်း လုပ်ရကိုင်ရ ခက်ခဲစေခဲ့ပါတယ်။ လီဗန်တေးဟာ ရီးရဲမက်ဒရစ်ကို အမှားအယွင်းနည်းစွာနဲ့ ကစားခဲ့ပြီး အခွင့်အရေးကောင်းတွေ မပေးခဲ့ပါဘူး။

လီဗန်တေးဟာ ပထမပိုင်းမှာ ရီးရဲမက်ဒရစ်ရဲ့ ကစားအားကို ထိန်းချုပ်နိုင်ရေးကြိုးစားခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၅၇ မိနစ်မှာ ဒိုင်ယာဝါရာရဲ့ သွင်းဂိုးနဲ့ အဖွင့်ဂိုးစတင်ရယူနိုင်ခဲ့ပါတယ်။ အဖွင့်ဂိုးပေးလိုက်ရလို့ ရီးရဲမက်ဒရစ်ဟာ ချက်ချင်းချေပဂိုးရရှိရေး ကြိုးစားခဲ့တာကြောင့် ပွဲချိန် ၆၁ မိနစ်မှာ ရာမို့စ်က ချေပဂိုးသွင်းယူခဲ့ပါတယ်။

ရီးရဲမက်ဒရစ်ကွင်းလယ်နဲ့ တိုက်စစ်မှူးတွေဟာ တိုက်စစ်ပိုင်းမှာ အပိုအလိုတွေဖြစ်နေပြီး လီဗန်တေးနောက်တန်းကို နေရာစုံကထိုးဖောက်နိုင်ရေး ကြိုးစားခဲ့ပေမယ့် ထိရောက်မှုမရှိခဲ့ပါဘူး။ ပွဲချိန် ၈၆ မိနစ်မှာ လီဗန်တေးအတွက် အီဇာက ဂိုးသွင်းယူခဲ့လို့ ဦးဆောင်ဂိုးရရှိသွားခဲ့ပေမယ့် မိုရာတာက ရီးရဲမက်ဒရစ်အတွက် မိနစ် ၉၀ မှာ ချေပဂိုးသွင်းယူခဲ့လို့ နှစ်ဂိုးစီ ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် နာကျင်အချိန်ပိုမှာ စီရိုနယ်ဒိုက တစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ ကံကောင်းစွာနဲ့ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

ဗီလာရီးရဲနှင့် ဂရန်နာဒါ

အိမ်ကွင်းမှာ နိုင်မှုဖြစ်မယ့် စိတ်ဓာတ်နဲ့ ကစားခဲ့တဲ့ ဗီလာရီးရဲဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးသွင်းယူနိုင်ရေး ဖိအားပေးကစားခဲ့ပါတယ်။ ဗီလာရီးရဲရဲ့ အဖွင့်ဂိုးကို ပွဲချိန် မိနစ် ၃၀ မှာ ဘရူနိုက ဂိုးဧရိယာအစပ်မှ ကန်သွင်းချက်နဲ့ ရယူခဲ့ပါတယ်။ ဒုတိယပိုင်းပွဲအစ ၄၉ မိနစ်မှာ ဒေ့ါဆန်းတို့စ်က ပါရဲယား ဖြတ်ပေးလိုက်တဲ့ ဘောလုံးကို ကန်သွင်းယူခဲ့လို့ ဒုတိယဂိုးရရှိသွားခဲ့ပါတယ်။ ဂရန်နာဒါဟာ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် အရာမထင်ဖြစ်ခဲ့ပြီး ပွဲချိန် ၈၂ မိနစ်မှာ တိုမက်ပီနာက ခေါင်းတိုက်သွင်းယူခဲ့လို့ ပွဲအပြီးမှာ ဗီလာရီးရဲတို့က သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာနှင့် ဗယ်လာဒိုလစ်

ဒီပွဲမှာ ဗယ်လာဒိုလစ်မှဂွာရာက ပွဲချိန် ၁၀ မိနစ်မှာ အဖွင့်ဂိုးသွင်းယူခဲ့ပေမယ့် ၁၄ မိနစ်မှာ ဆန်ချက်စ်၊ ၅၂ မိနစ်မှာ ဟာနန်ဒက်ဇ်၊ ၆၄ မိနစ်မှာ ဆန်ချက်ဇ်နဲ့ မိနစ် ၇၀ မှာ နေမာတို့က တစ်ဂိုးစီသွင်းယူခဲ့လို့ ဘာစီလိုနာက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။

ဒေါ်ဆင်ကို စပါးသုံးနှစ်ထပ်မံစာချုပ်

စပါးအသင်းခေါင်းဆောင် မိုက်ကယ်ဒေါ်ဆင်အား ပွိုက်ဟတ်လိမ်းက သုံးနှစ်ထပ်မံစာချုပ်လိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ ဒေါ်ဆင်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လက ဗီးလက်ဘိုစ် စပါးနည်းပြဖြစ်လာပြီးနောက် ကျူပီအာသို့ သွားရောက်ကစားခဲ့ရသည်။ သို့သော်လည်း အင်္ဂလန်ဗဟိုခံစစ်မှူး ဒေါ်ဆင်သည် ၂၀၁၆ ခုနှစ် ဇွန်လတိုင်အောင် ကစားပေးရတော့မည်ဖြစ်သည်။

၄င်းသည် ပြီးခဲ့သည့်နှစ်မှစပြီး ပုံမှန်ပွဲထွက်ကစားခွင့်ရရှိလာသည်။ ဒေါ်ဆင်သည် ၂၀၀၅ ခုနှစ်က နော့တင်ဟမ်ဖောရက်စ်မှ ပေါင်ရှစ်သန်းဖြင့် စပါးသို့ ပြောင်းရွှေ့ခဲ့သည်။

ပွဲပေါင်း ၂၉၃ပွဲတွင် ၁၀ ဂိုးသွင်းယူပေးထားသည်။ အင်္ဂလန်အသင်းအတွက်လည်း လေးပွဲပါဝင်ကစားပေးခဲ့သည်။ ယခုနှစ်ရာသီတွင် စပါးအတွက် အစပွဲခြောက်ပွဲ ပါဝင်ကစားပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ချိုင်းနားအိုးပင်း ဆီရီနာဖိုင်နယ်ပွဲ တက်ပြီ



ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံသည် ချိုင်းနားအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာကို အနိုင်ရပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် ၆-၂၊ ၆-၂ဖြင့် ရက်ဝမ်စကာကို အနိုင်ရလိုက်ခြင်းဖြစ်သည်။ မိမိအနေဖြင့် ကျောဒဏ်ရာရထားသည့်ကြားမှ အနိုင်ကစားနိုင်၍ ဝမ်းသာမိကြောင်း အသက် ၃၂ နှစ်အရွယ် ဆီရီနာဝီလျံက ပြောသည်။ ၄င်းသည် ဖိုင်နယ်ပွဲတွင် ယန်ကိုဗစ်နှင့် ကစားရမည်ဖြစ်သည်။ ယန်ကိုဗစ်သည် ဗစ်တိုးဗားအား ၆-၇(၇-၉)၊ ၆-၁၊၆-၁ဖြင့် အနိုင်ရပြီး ဖိုင်နယ်ပွဲ တက်လာခြင်းဖြစ်သည်။

ဆီရီနာဝီလျံသည် ၂၀၁၃ ခုနှစ်အတွင်း ပြင်သစ်အိုးပင်း၊ အမေရိကန်အိုးပင်းဖလားများကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် အခြားဖလား ခုနစ်လုံးကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အောက်တိုဘာ ၅/၆ ဘောလုံးပွဲရလဒ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၇		
ဆန်းဒါးလန်း	၁-၂	မန်ယူ
ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်-၈		
လေဗာကူဆင်	၁-၁	ဘိုင်ယန်မြူးနစ်
အီတလီစီးရီးအေ ပွဲစဉ်-၇		
ချီယေဗို	၀-၁	အတ္တလန်တာ
အင်တာ	၀-၃	ရိုးမား
စပိန်လာလီဂါ ပွဲစဉ်-၈		
အဲလ်ချီ	၂-၁	အက်စ်ပန်ညို
ဗယ်လက်ကာနို	၁-၀	ဆိုစီဒက်
လီဗန်တေး	၂-၃	ရီးရဲလ်မက်ဒရစ်
ဘာစီလိုနာ	၄-၁	ဗယ်လာဒိုလစ်
ပြင်သစ်လီဂူး ပွဲစဉ်-၉		
မိုနာကို	၂-၁	စိန့်အက်တီယန်
ဂူအင်ဂမ့်	၂-၀	ရန်းနက်စ်
လိုင်လီ	၃-၀	အဂျာစီယို
နန့်တက်စ်	၃-၀	အီဗီယန်
တူးလော့စ်	၁-၀	နိုက်
ဗလင်စီနက်	၁-၁	ရိမ်း
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၁၁		
ဘာမင်ဂမ်	၁-၂	ဘော်လ်တန်
ကျူပီအာ	၂-၀	ဘန်စလေ
ဘန်လေ	၂-၁	ရီးဒင်း
ဟက်ဒါဖီး	၁-၂	ဝက်ဖို့ဒ်
ဒွန်ကတ်စတာ	၁-၀	လက်စတာ
ဒါဘီ	၃-၁	လိဒ်
ချာလ်တန်	၀-၀	ဘလက်ပူး
ဘုန်းမောက်	၅-၂	မီဝေါလ်
မစ်ဒယ်ဘရော့	၄-၁	ယီအိုဗီး
ရှက်ဖီးဝမ်းနက်စ်ဒေး	၁-၁	အစ်ဆွစ်ချ်
ဘရိုက်တန်	၁-၃	နော်တင်ဟမ်

ဆောင်းပါးနှင့်နယ်သတင်း

ဝိုင်ယာရှော့ခ်နှင့်အပူလွန်ကဲမှုကြောင့်ဖြစ်သည့် မီးလောင်မှုအန္တရာယ်ကြိုတင်ကာကွယ်

မြန်မာနိုင်ငံအနှံ့အပြားတွင် မီးလောင်မှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ထိုသို့သော မီးလောင်မှုများထဲတွင် လျှပ်စစ်ကြောင့် မီးလောင်မှုများမှာ အများဆုံးပါဝင်နေသည်။ လျှပ်စစ်ကြောင့် မီးလောင်မှုတို့မှာလည်း ဝိုင်ယာရှော့ခ်ကြောင့်ဟု သိရသည်။ ထို့ကြောင့် ဝိုင်ယာရှော့ခ်ကို လူသိများလာသည်။ မီးလောင်မှုဖြစ်ကြောင်း ကြားတိုင်း ဝိုင်ယာရှော့ခ်ဟု လွယ်လွယ်ပြောနေကြသည်။

ဖြစ်ပွားခဲ့သော လျှပ်စစ်ဖြင့် မီးလောင်မှုဖြစ်စဉ်များကို လေ့လာရာတွင် မီးလောင်မှုအချို့တို့မှာ လျှပ်စစ်ဖြင့် ထမင်းဟင်းချက်ခြင်း၊ ရေနွေးအိုးကျိုခြင်းစသည်တို့ကိုပြုလုပ်စဉ် မေ့လျော့နေခြင်းကြောင့်လည်းကောင်း၊ မီးခလုတ်မပိတ်ဘဲ အပြင်သို့ထွက်သွားခြင်းများကြောင့်လည်းကောင်း၊ အသုံးပြုသောအိုး(ဒန်အိုး၊ ဒန်ခွက်)များ ရေခန်းကာ မီးလောင်မှုဖြစ်ခြင်း၊ လျှပ်စစ်ဖြင့်ချက်ပြုတ်နေစဉ် မီးပျက်သွားသော်လည်း မီးခလုတ်မပိတ်မိ၍ လျှပ်စစ်မီးပြန်လည်ရရှိသည့်အခါတွင် မီးလောင်မှုဖြစ်ပွားခြင်း၊ မီးအားမြှင့်စက်ကိုမြှင့်တင်ထားပြီး အပြင်သို့ထွက်ခွာသွားခြင်းကြောင့်လည်းကောင်း၊ အိပ်ပျော်နေခြင်းကြောင့်လည်းကောင်း၊ လုပ်ငန်းဆောင်တာများကြောင့် မေ့လျော့နေခြင်းကြောင့်လည်းကောင်း မီးအားမြင့်တက်လာပြီး မီးလောင်မှုဖြစ်ပွားခြင်း၊ မီးအားမြှင့်စက်ကို အသုံးပြုထားစဉ် မီးပျက်ချိန်တွင် မီးခလုတ်ကို မပိတ်မိခြင်းကြောင့် မီးပြန်လာချိန်၌ မီးအားမြင့်တက်၍ မီးလောင်မှုဖြစ်ပွားခြင်း၊ အင်ဗာတာ(INVERTER)နှင့် တွဲဖက်အသုံးပြုသော ဘက်ထရီအိုးများ ရေခန်းနေသည်ကို မသိဘဲ မီးအားသွင်းရာမှ ဘက်ထရီအိုးများ ပေါက်ကွဲမီးလောင်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံး ကျောက်စက်၊ ဖြတ်စက်၊ ဂဟေဆော်စက် စသည်များ အသုံးပြုစဉ် မီးပွား၊ မီးပန်းများ ထွက်လာ၍ လောင်စာနှင့်ထိတွေ့ပြီး မီးလောင်မှုဖြစ်ပွားခြင်း၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ ကွန်ပျူတာစသည်တို့တွင် လျှပ်စစ်ဗို့အားများခြင်း၊ နည်းခြင်းတို့အတွက် ကာကွယ်ရန်တပ်ဆင်ထားသော (Safe Guard)များကို မီးလောင်လွယ်ကူသော ခန်းဆီး၊ လိုက်ကာပစ္စည်းများနှင့်အတူ ကပ်ထား၍ မီးလောင်ခြင်း၊ အဲယားကွန်းအပူလွန်ကဲ၍ မီးလောင်ခြင်း၊ လျှပ်စစ်ဓာတ်အား အသုံးများသော ကွန်ပျူတာခန်းတွင် လူမရှိဘဲ ကွန်ပျူတာများ ဖွင့်ထားခြင်းကြောင့် မီးလောင်ခြင်း၊ ကွဲအက်ပျက်စီးနေသော လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ (Electric Accessories) ကိုအသုံးပြုခြင်းကြောင့် မီးလောင်ခြင်းနှင့် ပလပ်တံ (Plug) နှင့်ပလပ်ပေါက် (Socket) မထိတထိ (Loose Contect)ဖြစ်ခြင်းကြောင့် မီးလောင်ခြင်းတို့ဖြစ်သည်ကို တွေ့ရှိရသည်။

ဖော်ပြပါအချက်များကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းများသည် ဝိုင်ယာရှော့ခ်ကြောင့်မဟုတ်ပါ။ လျှပ်စစ်ဓာတ်အားအသုံးပြုသူများ၏ ပေါ့ဆမှုကြောင့် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဝိုင်ယာရှော့ခ်နှင့်ပတ်သက်၍ လျှပ်စစ်ဝိုင်ယာကြိုးများအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်သည် အေစီ(၃)သွင်၊ (၄) ကြိုး (AC-3 phase 4 wire system)စနစ်ဖြစ်ပါသည်။ အိမ်သုံး ၂၃၀ ဗို့၊ စက်မှုသုံး ၄၀၀ ဗို့အားနှင့် ကြိမ်နှုန်း (Frequency)၅၀ဆိုင်ကယ်/ စက္ကန့် သတ်မှတ်ထားပါသည်။ အိမ်သုံးတွင် (၁)သွင်သုံး (Single Phase) စနစ်ဖြင့် သွင်ကြိုး (Phase)တစ်ချောင်းနှင့် နကြိုး (Neutral)တစ်ချောင်းကိုသုံး၍ စက်မှုသုံးအဖြစ် (၃)သွင် (၃)ကြိုးစနစ်နှင့် (၃)သွင် (၄)ကြိုးစနစ်တို့ကို သုံးပါသည်။ အချုပ်ဆိုရသော် အိမ်များတွင် ဝိုင်ယာ(၂) ကြိုးကိုသုံး၍ စက်ရုံများတွင် ဝိုင်ယာ(၃)ကြိုး သို့မဟုတ် (၄)ကြိုးတို့ကိုသုံးသည်။

ဝိုင်ယာကြိုးများမှာလည်း (၁)ကြိုး (Single Wire)၊ (၂)ကြိုးတွဲ (Twin wire)၊ (၃)ကြိုးတွဲ (3core)နှင့် (၄)ကြိုးတွဲ (4core)ဟူ၍ရှိပါသည်။ ထို့အပြင် ဝိုင်ယာကြိုးများပေါ်တွင် လျှပ်ကာပစ္စည်း (Insulator)အဖြစ် ပိုးကြိုး၊ ချည်ကြိုး၊ ရော်ဘာ၊ ပလတ်စတစ်စသည်တို့ကို ဖုံးအုပ်ထားပါသည်။ အသုံးများသောဝိုင်ယာမှာ ပလတ်စတစ်အုပ် (PVC)ဝိုင်ယာများဖြစ်သည်။ ဝိုင်ယာပေါ်တွင် ဖုံးအုပ်ထားသော လျှပ်ကာများအရ လျှပ်ကာတစ်ထပ် (one cover) နှင့် လျှပ်ကာ နှစ်ထပ်(two cover)ဟူ၍လည်းရှိပါသည်။ လျှပ်ကာ နှစ်ထပ်ပါသော ဝိုင်ယာကြိုးမှာ လျှပ်တားခုခံမှု(Insulation Resistance)ပို၍ ကောင်းပါသည်။

ဝိုင်ယာရှော့ခ်ဆိုသည်မှာ အင်္ဂလိပ်ဝေါဟာရ (wire short)ကိုတိုက်ရိုက်ခေါ်ဆိုခြင်းဖြစ်သည်။ လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်အရ ပတ်လမ်းတိုဖြစ်ခြင်း (short circuit)မှ ဆင်းသက်လာခြင်းဖြစ်သည်။ ယေဘုယျပြောရလျှင် အသုံးပြုသောဝိုင်ယာကြိုးများပူးခြင်း (short circuit)ကြောင့် မီးလောင်ရခြင်းဖြစ်သည်။ ဝိုင်ယာကြိုးများမှာ သွင်ကြိုးအချင်းချင်းသော်လည်းကောင်း၊ သွင်ကြိုးနှင့်နကြိုးသော်လည်းကောင်း ပူးနိုင်ပါသည်။ သွင်ကြိုးပြတ်၍ မြေပေါ်သို့ကျရောက်ခြင်းကြောင့်လည်း မြေဓာတ်မိ (Ground Fault)၍ မီးလောင်မှုဖြစ်နိုင်ပါသည်။

စက်ရုံများနှင့်အိမ်များတွင် တပ်ဆင်ထားသော ဝိုင်ယာကြိုးများမှာ လျှပ်ကာပစ္စည်း ဖုံးအုပ်ထား၍ လက်ဖြင့်ကိုင်သည့်တိုင် ဓာတ်မလိုက်နိုင်ပါ။ ထို့အပြင် ဝိုင်ယာကြိုးများမှာ သာမန်ပူးရုံနှင့်တော့ ဝါယာရှော့ခ်မဖြစ်နိုင်ပါ။ သို့ရာတွင် အပူလွန်ကဲခြင်း၊ ရာသီဥတုဒဏ်နှင့်တိရစ္ဆာန်များ(ကြွက်)ကိုက် ဖြတ်ခြင်းကြောင့် ဝိုင်ယာကြိုးများပေါ်ဖုံးအုပ်ထားသော လျှပ်ကာပစ္စည်းများ ကွဲအက်ပေါက်ပြဲကာ ဝိုင်ယာအတွင်းမှ ကြေးကြိုးများပေါ်ထွက်လာပြီး ထိုမှ ဝိုင်ယာအချင်းချင်းပူးမိ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခြင်းဖြစ်သည်။ ထို့အပြင် လျှပ်စစ်ဝိုင်ယာကြိုးအဆက်များ(Wire Joint)နှင့် ဝိုင်ယာအဝင်ကြိုးများ(Wire Connection)စနစ်တကျဆက်သွယ်မှုမရှိခဲ့လျှင် ဝိုင်ယာရှော့ခ်ဖြစ်နိုင်သည်။ စံချိန်စံညွှန်းနှင့် မကိုက်ညီသော ဝိုင်ယာကြိုးများသည်လည်း အပူချိန်လွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်နိုင်သည်။ ဝိုင်ယာကြိုးများ အပူလွန်ရခြင်းအဓိကအကြောင်းမှာ ဝန်ပို(Over Load) သုံးခြင်းကြောင့်ဖြစ်သည်။ လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ ဝိုင်ယာကြိုး၊ မီးခလုတ်၊ ပလပ်ပေါက်၊ ပလပ်တံ၊ မီးဆက်ခေါင်းစသည်များတွင် အသုံးပြုနိုင်သော လျှပ်စီးများကို သတ်မှတ်ဖော်ပြထားပါသည်။ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများဖြစ်သော လျှပ်စစ်မီးပူ၊ မီးဖို၊ ထမင်းချက်အိုး၊ အဲယားကွန်းစသည်တို့ကို အသုံးပြုရာတွင် လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ၏ သတ်မှတ်လျှပ်စီးထက်ပိုနေလျှင် ဝန်ပိုသုံးသည်ဟု ဆိုနိုင်သည်။ ထိုသို့သုံးစွဲပါက လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများမှာ ပူ၍လာပါမည်။ အချိန်ကြာကြာ အသုံးပြုပါက ပို၍ပူလာပြီး နောက်ဆုံးတွင် လျှပ်ကာများ အရည်ပျော်လာမည်။ ထိုမှ မီးလောင်ကျွမ်းသည်အထိ ဖြစ်လာမည်။

လျှပ်စစ်ကြောင့် မီးလောင်ရခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ များပြားပါသည်။ လျှပ်စစ်ဝိုင်ယာသွယ်တန်းတပ်ဆင်မှုနှင့်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များလည်းရှိပြီးဖြစ်သည်။ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ပါက လျှပ်စစ်အန္တရာယ် ကင်းဝေးစေပါမည်။

လျှပ်စစ်ဓာတ်အားကိုပေါ့ဆစွာ အသုံးမပြုပါနှင့်၊ မိမိ၏အိမ်ကို သော့ပိတ်၍ အပြင်သို့ထွက်လျှင် အိမ်တွင်တပ်ဆင်ထားသော ပင်မမိန်းခလုတ် (Main switch,Breaker)များကိုပိတ်ခဲ့ပါ၊ ဝပ်အား (Watt)များသော လျှပ်စစ်ဓာတ်အားသုံး လျှပ်စစ်ပစ္စည်းများ(မီးဖို၊မီးပူ၊ထမင်းအိုး၊ရေနွေးကရား၊ အဲယားကွန်း)စသည်တို့ကို တစ်ပြိုင်နက်တည်း အချိန်ကြာမြင့်စွာ မသုံးပါနှင့်၊ ညဘက်အိပ်ချိန်တွင် မီးအားမြှင့်စက်ကိုလျှော့ချပါ သို့မဟုတ် တိုက်ရိုက် (Direct) ခလုတ်တွင် ထားပါ၊ အင်ဗာတာနှင့်တွဲသုံးသော ဘက်ထရီကို အက်စစ်ရည်ရှိမရှိစစ်ပါ။ အသုံးမပြုလျှင်ပိတ်ထားပါ၊ ကွဲအက်ပျက်စီးနေသော လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ၊ ခလုတ်၊ ပလပ်တံ၊ ဆော့ကတ် နှင့်မီးခေါင်း စသည်များကို မသုံးပါနှင့်၊ လျှပ်ကာနှစ်ထပ်ပါသော ဝိုင်ယာကြိုးကို ကွန်ဂျူပိုက်အတွင်းသို့ ထည့်သွင်း၍ ဝိုင်ယာသွယ်ပါ၊ လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများနှင့် လျှပ်စစ်သုံးပစ္စည်းများအနီးတွင် မီးလောင်လွယ်ကူသော ပစ္စည်းများ မထားပါနှင့်၊ လျှပ်စစ်ဓာတ်အား ရုတ်တရက်ပျက်ခဲ့လျှင် အသုံးပြုနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၏ ခလုတ်များကို ချက်ချင်းပိတ်ပါ၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသော လျှပ်စစ်ပစ္စည်းများကို သာသုံးပါ၊ ဝန်ပိုသုံးခြင်းမှရှောင်ပါ။ မိမိ၏ နေအိမ်တွင် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ပစ္စည်းများ ဝန်ပိုဖြစ်၊ မဖြစ်ကို လျှပ်စစ်ပညာတတ်သိနားလည်သူများအား မေးမြန်းပါ၊ လျှပ်စစ်ဝိုင်ယာ သွယ်တန်းတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်းများပြုလုပ်လိုပါက လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရ လျှပ်စစ်ကျွမ်းကျင်လုပ်သားနှင့်သာ ဆောင်ရွက်ပါ။

ဖော်ပြပါ အကြံပြုချက်များကို လိုက်နာခဲ့လျှင် ဝိုင်ယာရှော့ခ်နှင့် အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်မည်ဟု ထင်မြင်မိပါကြောင်းဖြင့် တင်ပြလိုက်ပါသည်။

ကြူစိန်

ရန်ကုန်တိုင်းဒေသကြီး အကြိမ်(၂၀)မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆိုကရေးတီးပြိုင်ပွဲတွင်သွားရောက်ယှဉ်ပြိုင်ကြမည့်အရှေ့ပိုင်းခရိုင် ဆို၊ က၊ ရေး၊ တီးအဖွဲ့ခေါင်းဆောင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးအား အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန်း အောင်နိုင်ရေးအလံပေးအပ်စဉ်။

သန်းမောင် (ရန်ကင်း)

မြိတ်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ရှောင်တခင်စစ်ဆေး

မြိတ် အောက်တိုဘာ ၆

တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာစေရေး၊ ယာဉ်မတော်တဆထိခိုက်မှုများ၊ ဒဏ်ရာရသေဆုံးသူများ လျော့နည်းပပျောက်စေရေးနှင့် ယာဉ်မတော်တဆမှုများ ကျဆင်းရေးအတွက် အမှတ်(၅၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်မောင်မျိုးနှင့်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(မြိတ်)တို့ ပါဝင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့သည် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ထားဝယ်စုရပ် အိသပြေလမ်းဆုံတွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး စည်းကမ်းမဲ့ ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အဆောက်အအုံများအား အထွေထွေပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန် ၃၁-၁၀-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီ။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်) ဖုန်း-၀၆၄-၂၃၅၈၀၊ ၀၉-၄၀၂၇၃၉၈၀၅ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် Copier, Printer, Scanner, Fax, Projector, Screen, Camera, Air Con, Lawn Mower,Generator, Fan, Refrigera-tor, Motor, Compressor, Stablizer, Drinking Water Treatment, Television နှင့် အခြားစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး(ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရွေးရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	ရုံးသုံးပရိဘောဂပစ္စည်း	၈ မျိုး
(ခ)	Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း	၄ မျိုး
(ဂ)	စာရေးကိရိယာ	၆ မျိုး
(ဃ)	Copier Toner & Printer Toner Catridge	၉ မျိုး
(င)	သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း	၉ မျိုး
(စ)	မြို့ပြရေသွယ်ပစ္စည်း	၇ မျိုး
(ဆ)	X-Ray Tube(For XRD-6000 Shimudzu)	၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂း၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ကွန်ပျူတာတင် စားပွဲခုံ ၂၀ လုံး
(ခ) လက်တန်းပါ ပလတ်စတစ်ထိုင်ခုံ ၂၀ လုံး

တင်ဒါပုံစံ ထုတ်ယူရန်စတင်ရက် - ၁-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၁၀-၂၀၁၃ရက်
ဆက်သွယ်ရန် ဖုန်းနံပါတ်များ - ၀၉-၅၃၃၇၁၄၉၊ ၀၆၀-၂၁၀၆၁

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ)အတွက် အောက်ပါပရိဘောဂကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

Computer Table ၁၅ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၈-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁၀-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ပါသည်။

၃။ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ)သို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ)၊ ဖုန်း-၀၄၃-၂၁၅၆၈

အမည်ပြောင်း

ဦးတင်ဝင်း၏သား ဒေါ်ပုံအထက(၁) နဝမတန်း(A)တွင် ပညာသင်ကြားနေသော မောင်တိုးဝေဖြိုးအား မောင်ဖြိုးတေဇာကျော် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးတေဇာကျော်

အမည်ပြောင်း

ဦးနေလင်း၏သား မြောင်းမြမြို့ အထက(၁) ပထမတန်း(က)မှ မောင်ကောင်းမြတ်ကိုအား မောင်ကောင်းမြတ်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြတ်ထက်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြောက်အိုးတွေ ထာဝရ...ပပျောက်ပါစေကြောင်း

ဝါလကင်းလွတ်သည့် သီတင်းကျွတ်လရာသီသို့ပင် မရောက်သေး။ နေရာအတော်များများမှာ ပြောက်အိုးဖောက်သံ၊ ပေသီးခွဲသံ သောသောညံစ ပြုနေပြီဖြစ်သည်။ ရန်ကုန်၊ မန္တလေးလိုမြို့ကြီးများကို မဆိုထားဘိ၊ နေပြည်တော်မှာပင် နေ့လယ်ခင်းကြောင်တောင်သာမက ညကြီးမိုးချုပ်တိုင် ပြောက်အိုးသံတွေ စကြားနေရချေပြီ။ ဝိသမလောဘဇောခတ်သည့် ရောင်းသူများက အာဏာပိုင်များအား မသိမသာသွေးတိုးစမ်းမှုအသံများဟုသာ တင်စားလိုတော့သည်။

နှစ်စဉ် နှစ်တိုင်း ဒီအချိန်၊ ဒီရာသီရောက်လျှင် ပြောက်အိုး ပြောက်သံ သောသောညံမှုကို နားကွဲမတတ် ခံစားခဲ့ရစမြဲမို့ ဒီနှစ်မှာတော့ မခံစားချင်တော့တာ အမှန်ပင်။ တကယ်တမ်း ပြန်စဉ်းစားကြည့်ပါက ပြောက်အိုး၊ ပေသီးစသည့် ကြောက်မက်ဖွယ်ရာ အသံဆိုးများကိုသာ ဖန်တီးပေးတတ်သောကစားနည်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် လားလားမျှ မသက်ဆိုင်။ အများအားဖြင့် ပြောက်အိုးဖောက်ကစားခြင်းကို အန္တရာယ်ဟုမမြင်ဘဲ ပျော်ရွှင်စရာဟု ထင်မြင်ယူဆကြသူအများစုသည် အပြစ်ကင်းစင်သည့် ကလေးသူငယ်အရွယ်များသာဖြစ်သည်။ ဤအချက်ကို ဝိသမလောဘဇောတိုက်နေသည့် စီးပွားရေးသမားများက အပိုင်သေချာစွာ တွက်ဆထားကြသည်။ ကလေးများက ပူဆာတောင့်တလျှင် မိဘဟူသည်ကား ဖြည့်ဆည်းပေးလိုသည်ချည်းသာဖြစ်၏။

ထို့အတွက် ကလေးငယ်များ လိုလားတောင့်တမှုရှိလာစေရန် စီးပွားရေးသမားများက အကွက်ချ၍ စီစဉ်လေတော့သည်။ ကလေးဟူသည်ကား ဘာကိုမျှ အလေးအနက်ထား နားလည်သည်ဟူ၍မရှိ။ ဝုန်း. . . ခနဲ၊ ဒိုင်း. . . ခနဲ အသံမျိုးကြားရလျှင် အလွန်အံ့သြဝမ်းမြောက်ကြသည်ချည်းသာ ဖြစ်၍ မိဘကို ပူဆာတောင့်တသည်၊ မိဘကလည်း မဖြစ်စလောက်သော ငွေကြေးပမာဏပေမို့ မစဉ်းစားတော့။ ဝယ်ပေးသည်။ အတိုင်းအထွာနှင့် အန္တရာယ်ကို မမြင်နိုင်သေးသည့် အရွယ်ပေမို့ ကလေးကလည်း စိတ်ထင်တိုင်း ဆော့ကစားလေသောအခါ ဖိတ်ခေါ်မထားသည့် အန္တရာယ်များသည် အလွယ်တကူရောက်ရှိ လာချေတော့သည်။ ပြောက်အိုး ဖောက်ကစားမှုကြောင့် နားအကြားအာရုံ၊ မျက်စိအမြင်အာရုံ ထိခိုက်ပျက်စီးသွားသည့် ကလေးသူငယ်များ အများအပြား တွေ့ခဲ့ဖူးသည်။ ထိုအချိန်မှရသည့် မိဘတို့၏ နှောင်းနောင်တသည်ကား ရင်နင့်စရာ။ ထို့အတွက် မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးရင်သွေးငယ်များကို အမှန်တကယ်ချစ်သည်ဆိုပါက အလိုမလိုက်သင့်သည့်ကိစ္စရပ်များအပေါ် အလိုမလိုက်သင့်ကြောင်း တိုက်တွန်းလိုသည်။ တစ်ဘဝတာလုံး နောင်တမရစေဖို့ တစ်ခဏတာလေးကို အလိုမလိုက်သင့်ကြောင်း အကြံပြုလိုခြင်း ဖြစ်သည်။

အလားတူ ဝါလကင်းလွတ်တော့မည့်ကာလတွင် သတင်းစာများမှတစ်ဆင့် ပြောက်အိုး၊ ပေသီး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ဆော့ကစားခြင်း၊ ရောင်းချခြင်းများမပြုလုပ်ရန် သက်ဆိုင်ရာမှ တာဝန်ရှိသူများက သတိပေးတားမြစ်ခြင်းနှင့်အသိပေးထုတ်ပြန်ခြင်းများကို ဆောင်ရွက်ပေတော့မည်ဖြစ်သည်။ ဒါကလည်း နှစ်စဉ်နှစ်တိုင်း လုပ်ဆောင်နေကျ ဆောင်ရွက်ချက်များဖြစ်သည်။ သို့ပင်ငြား ဥပဒေကို လက်တစ်လုံးခြားနှင့်ပမာမခန့်ပြုကာ ရောင်းသူတို့က နှစ်စဉ်မပျက်ရောင်းချမြဲ။ နှစ်စဉ်နှစ်တိုင်း ပြောက်အိုးဖောက်သံ၊ မီးရှူးမီးပန်းပစ်ဖောက်သံများက နေပြည်တော်အပါအဝင် နိုင်ငံအနှံ့တွင် လွှမ်းခြုံနေဆဲ။

ကလေးတွေကတော့ ရောင်းသူရှိလျှင် ဝယ်ယူဆော့ကစားချင်မှာ ဓမ္မတာပင်။ ပြီးလျှင် အန္တရာယ်က လက်တစ်ကမ်းအကွာနားမှာ ရောက်နေပေလိမ့်မည်။ မိဘများ သတိထားဖို့တော့ လိုပါသည်။ တာဝန်ရှိသူများအနေဖြင့်လည်း ဤကိစ္စကို အလေးထား၍ ဖြေရှင်းပေးနိုင်ပါစေကြောင်း မျှော်လင့်မိပါသည်။ နိုင်ငံတစ်ဝန်းတွင် အများပြည်သူ ထိတ်လန့်တကြားဖြစ်စေကာ မသမာသူတို့အတွက်လည်း အခွင့်အရေးယူစရာ အခြေအနေမျိုးမရောက်ရှိရလေအောင် ယခုမှစ၍ အားလုံးတူညီသတိဖြင့် ဝိုင်းဝန်းသတိပြုကာကွယ်နိုင်ပါစေကြောင်း။ ။

ကိုပေါက်(နေပြည်တော်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ထွန်းထွန်းက ကျောင်းသား ကျောင်းသူများကို စက်ဘီးစီးရာတွင် ရင်ပေါင်တန်း၍ နှစ်စီး သုံးစီးမစီးရန်၊ ဆိုင်ကယ်စီးရာတွင် ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ မေးသိုင်းကြိုးတပ်စီးရန်၊ မီးပွိုင့်ဖြတ်ရာတွင်လည်း အချက်ပြမီးကို သေချာစွာကြည့်၍ ဂရုတစိုက်ကူးကြရန်နှင့်လမ်းလျှောက်သူများ ပလက်ဖောင်းပေါ်မှလျှောက်ကြရန် ပညာပေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

(၁၆၂)

မြိတ်မြို့၌ လစဉ်ပုံမှန် ယူစီအိုင် ကာကွယ်ဆေးထိုး

မြိတ် အောက်တိုဘာ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန် ယူစီအိုင်ကာကွယ်ဆေးထိုးနှံခြင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မြိတ်မြို့ ကန်ခေါင်းရပ်ကွက် ကန်ခေါင်း မီးသတ်တပ်ဖွဲ့ရုံး၌ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေး ဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်ဝင်းဝင်းဝါနှင့် သူနာပြုဆရာမများက ရပ်ကွက်အတွင်းရှိအသက်တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ငါးမျိုးစပ်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးများ ရောစပ်၍ ရပ်ကွက်အတွင်းမှ မိခင်နှင့်ကလေး စုစုပေါင်း ၃၅ ဦးကို အောက်တိုဘာ ၄ရက် နံနက်၈နာရီမှ ၁၁ နာရီအထိ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) မိုးဟိန်း(မြိတ်)**

လျှပ်စစ်အန္တရာယ် ဖြေရှင်းရေး ဆောင်ရွက်

မိတ္ထီလာ အောက်တိုဘာ ၆

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ (၉) ဥတ္တရလမ်းအနီးရှိ ထရန်စဖော်မာအိုး အနီးရှိ မန်ကျည်းပင်ကြီး လဲပြိုရာမှာ မန်ကျည်းပင်ကြီးနှင့်တွဲချိတ်ထားသည့် ထရန်စဖော်မာအိုးဆိုင်းကြိုးမှာ အောက်တိုဘာ ၃ ရက် ညပိုင်းက ပြတ်တောက်သွားသဖြင့် ရပ်ကွက်နေ တာဝန်သိပြည်သူများက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနသို့ အသိပေး အကြောင်းကြားခဲ့သည်။

လာရောက် ပြုပြင်

ထို့ကြောင့် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ထရန်စဖော်မာအိုး ဆိုင်းကြိုးပြတ်တောက်မှုကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနဝန်ထမ်းများက လာရောက်ပြုပြင်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ခရိုင်အဆင့် မဟာပဋ္ဌာန်းကျမ်းရွတ်ဆိုပူဇော်မှုအကောင်းဆုံး ရွေးချယ်ဆုချီးမြှင့်

မိတ္ထီလာ အောက်တိုဘာ ၆

မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့်ခရိုင်အဆင့်မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဆိုပူဇော်မှုအကောင်းဆုံးရွေးချယ်ပွဲ ဆုချီးမြှင့်သည့်အခမ်းအနားကို အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီက နဂါးရုံမဟာဗောဓိစေတီ ပညာဓိကတန်ဆောင်းတော်အတွင်း ကျင်းပရာ နဂါးရုံမဟာဗောဓိစေတီတော်နဝကမ္မ၊ ဂေါပကအဖွဲ့ဝေယျာဝစ္စအလှူတော်ငွေများနှင့်အကဲဖြတ်ဒိုင်အဖွဲ့ ဆရာတော်များအား လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်ကြသည်။

ထို့နောက် အကောင်းဆုံးရွတ်ဆိုပူဇော်မှု ပထမဆုရ မိတ္ထီလာဝတ်အသင်း၊ ဒုတိယဆုရ သာစည်ဝတ်အသင်း၊ တတိယဆုရ မလှိုင်ဝတ်အသင်း နှင့် နှစ်သိမ့်ဆုရ ဝမ်းတွင်းဝတ်အသင်းတို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

ချမ်းသာ(မိတ္ထီလာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးသိပ္ပံပညာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် အုတ်တံတိုင်းတည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပုံစံပိတ်ရက်/အချိန် - ၄-၁၁-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းကမ်းများနှင့်အချက်အလက်များကို သိရှိလိုပါက သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၆၀၇၄၊ ၀၉-၃၃၀၇၉၁၀၀ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်

တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အခြေခံရက်ကန်းကျောင်း၊ မြစ်ကြီးနားမြို့၊ ရုံးခန်းနှင့် ကွန်ပျူတာခန်းတွဲလျက်ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အခြေခံရက်ကန်းကျောင်းတွင် လာရောက်ထုတ်ယူပြီး ၃၀-၁၀-၂၀၁၃ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အခြေခံရက်ကန်းကျောင်း၊ ကျောင်းအုပ် ရုံးဖုန်း-၀၇၄-၂၂၂၅၃ တွင် စုံစမ်းနိုင်ပါသည်။

အခြေခံရက်ကန်းကျောင်း၊ မြစ်ကြီးနားမြို့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း (Sludge Oil) များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်ရက်** - ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန် - ၁၃း၃၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၉-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၁၉သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ခေါ်ယူသည့်တင်ဒါ	- ရန်ကုန်တက္ကသိုလ်၏ (၁၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင် ခန်းမအတွင်း ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး လုပ်ငန်း
၂။ တင်ဒါသက်တမ်း	- ၂၃-၁၁-၂၀၁၃ ရက်မှ ၂၅-၁၁-၂၀၁၃ ရက်အထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ	- စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရန်ကုန်တက္ကသိုလ် (AE-15)
၄။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၈-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)
၅။ တင်ဒါပုံစံပိတ်မည့်ရက်	- ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)
၆။ တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ	- ၂၂-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၁း၀၀ နာရီ၊ ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၃၄၀၉၈သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်တက္ကသိုလ်

တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ်ရန်ပုံငွေဖြင့် မြောင်းမြမြို့တွင် အောက်ပါအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ် ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နှောင်ရိုး (၂) အားကစားရုံသစ်ဆောက်လုပ်ခြင်း ပေ (၁၂၀×၆၀)
(ခ) နှောင်ရိုး (၃) အားကစားရုံသစ်ဆောက်လုပ်ခြင်း ပေ (၁၂၀×၅၀)
(ဂ) နှောင်ရိုး (၁) အားကစားရုံအကြီးစားပြင်ဆင်ခြင်း

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရပါမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ ရက်မှစတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၅-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီနောက်ဆုံးတင်သွင်းရမည်ဖြစ် ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွား မည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃၊ ၂၅၂၇၇တို့သို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံသတင်း

အမှိုက်ပုံးစနစ်နှင့် ခေတ်မီအမှိုက်သိမ်းကားစနစ်များ တိုးချဲ့ဆောင်ရွက်မည်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်မြို့တွင်းမှ နေ့စဉ်အမှိုက်တန်ချိန်ပေါင်း၁၆၀၀ခန့်ထွက်ရှိပြီးရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နေ့စဉ်သိမ်းဆည်းသော အမှိုက်တန်ချိန်၁၅၅၀ကျော်ခန့်ရှိပြီးကြောင်း၊အမှိုက်သိမ်းကားများကိုယခင်ကားဟောင်းများအစား ပိုမိုကောင်းမွန်သော နိုင်ငံတကာသုံး အမှိုက်သိမ်းယာဉ်အမျိုးအစားများကို အစားထိုးသုံးစွဲလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ သိရသည်။

"အမှိုက်တွေ စွန့်ပစ်ရာမှာ အသုံးပြုတဲ့အမှိုက်ကားတွေအနေနဲ့ကတော့ အရင်က ကားအစီးရေ ၂၂၀ လောက်ရှိခဲ့တယ်။ ဒီကားတွေက သက်တမ်းအားဖြင့် အနည်းဆုံး နှစ် ၂၀ ကနေ ငါးနှစ်အတွင်းရှိတဲ့ ယာဉ်တွေပေါ့။ သတ်မှတ်ချိန်မှာ မသွားနိုင်ဘဲ လမ်းမှာပျက်တာတွေများလာတယ်။ ဒါကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီး အခုလက်ရှိ အချိန်ထိ ၁၂၄စီးဝယ်ယူခဲ့တယ်။ အမှိုက်သိမ်းယာဉ် စုစုပေါင်း ၂၉၀ ရှိတယ်။ အသစ်ဝယ်ထားတဲ့ယာဉ်တွေမှာ ၃၈ စီးက အရင်ကလို လူအင်အားအများကြီးမလိုတော့ဘဲ ချထားတဲ့အမှိုက်ပုံးတွေကို ချိတ်တင်ပြီး ယာဉ်အတွင်း သွန်ချပေးနိုင်တဲ့ Hydraulic System သုံး နိုင်ငံတကာစနစ်ရှိတဲ့အမှိုက်သိမ်းယာဉ် Compactor Garbage Truck တွေပါဝင်တယ်။ အရင်ကားတွေလို ပတ်ဝန်းကျင်ထိခိုက်စေတဲ့အနံ့အသက်ရှိတဲ့ အမိုးပွင့်အမှိုက်သိမ်းကားအမျိုးအစားတွေ မဟုတ်တော့ဘူး။ ဒီကားမျိုးတွေကို မနှစ်က ၃၈ စီးဝယ်ယူနိုင်ခဲ့တယ်။ နောက်လည်း တဖြည်းဖြည်း ဘတ်ဂျက်အလိုက် ဝယ်ယူသွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးသန်းလွင်ဦးက ဖြေကြားသည်။

ယခုကားများကို ရန်ကုန်မြို့နယ် ၂၈ မြို့နယ်အတွင်း သုံးစွဲလျက်ရှိကြောင်း သိရသည်။ ယခင်အမှိုက်သိမ်းကားများမှာ သုံးတန်ခန့်သာ ဆံ့ပြီး ယခုကားများမှာ ရှစ်တန်ခန့်ဆံ့သဖြင့် သုံးဆခန့်ပိုဆံ့ကြောင်း သိရသည်။

ချထားပေးသော အမှိုက်ပုံးစနစ်ရှိလာသဖြင့် အချိန်မရွေးသွားရောက်စွန့်ပစ်၍ရခြင်းကြောင့် အမှိုက်ပုံးထားသည့်စနစ်ကို ပို၍သဘောကျလာကြောင်းသိရသည်။

"လူတွေပိုသဘောကျတဲ့ အမှိုက်ပုံးစနစ်ကို ပိုပြီးတွင်ကျယ်လာအောင် တစ်မြို့လုံးမှာ လုံလုံလောက်လောက်ထားပေးနိုင်ဖို့ဆိုလျှင် အမှိုက်ပုံး ၂၁၀၀၀ လောက်မှ လုံလောက်ပါမယ်။ အခုချထားတဲ့ အမှိုက်ပုံးတွေက ၄၀၀၀ ကျော်လောက်ရှိတယ်။ ဒီနှစ်ထဲမှာ ထပ်ဝယ်ယူဖို့ရှိပါတယ်။ပြီးလျှင် ထပ်ချပေးမယ်။ အမှိုက်ကန်နဲ့ အမှိုက်ပုံး မထားပေးနိုင်သေးတဲ့ မြို့နယ် ၂၃ မြို့နယ်မှာ အမှိုက်သိမ်းလှည်း ၁၀၀၀ ကျော်ကို သန့်ရှင်းရေးဝန်ထမ်းတွေနဲ့ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်နဲ့ ဆောင်ရွက်နေပါတယ်"ဟု ဌာနမှူးဦးသန်းလွင်ဦးက ပြောကြားသည်။

"ရန်ကုန်မြို့မှာ YCDC က နေ့စဉ်စွန့်ပစ်တဲ့ အမှိုက်တန်ချိန် ၁၅၅၀ ကျော်ကို စွန့်ပစ်ပေးတဲ့ သန့်ရှင်းရေးလုပ်သား အင်အားက လက်ရှိမှာ ၄၃၀၀ ကျော်ရှိပါတယ်။ ဒါပေမယ့် အမှိုက်ကနေ့လည်းပစ်၊ ညလည်းပစ်ဆိုတော့ နံနက် ဝန်ထမ်းအင်အား ၃၀၀၀၊ ည ၁၀၀၀ ကျော်နဲ့ အင်အားခွဲပြီး သိမ်းဆည်းနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့ရှိ မြို့နယ် ၁၈ မြို့နယ်၌ လမ်းကြောင်း ၆၀၀ ကျော်တွင် နောက်ဖေးလမ်းကြား၌ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေကြသည်။ စည်ပင်သာယာဥပဒေ၌ နောက်ဖေးလမ်းကြား အမှိုက်မစွန့်ပစ်ရန် တားမြစ်သတ်မှတ်ထားသော်လည်း ရှိသည့်ဝန်ထမ်းအင်အားဖြင့် စောင့်ကြည့်အရေးယူမှုပြုရန် ခက်ခဲခြင်းတို့ကြောင့် နောက်ဖေးလမ်းကြား အမှိုက်များကို ရှင်းလင်းလိုပါက သက်ဆိုင်ရာ စွန့်ပစ်သည့်လမ်းများက ၎င်းတို့အစီအစဉ်ဖြင့် ကျခံရှင်းလင်းစုစည်းမှသာ ညပိုင်းဝန်ထမ်းတချို့ ငှားရမ်းအသုံးပြုစေခြင်း၊ အမှိုက်သိမ်းယာဉ်ဖြင့် သယ်ယူပေးခြင်းစနစ်ဖြင့် စည်ပင်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အဓိကလိုက်နာစေချင်တာကတော့ အမှိုက်စွန့်ပစ်သူတွေအားလုံး သတ်မှတ်ထားတဲ့ အမှိုက်စွန့်ပစ်ရာနေရာတွေမှာသာ လုံခြုံအောင် ချည်နှောင်ပါ၊ သတ်မှတ်ထားချိန်မှာ အတတ်နိုင်ဆုံးပစ်ကြပါ"ဟု ဌာနမှူး ဦးသန်းလွင်ဦးက ပြောကြားသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် သတ်မှတ်ထားသည့် အမှိုက်သိမ်းစနစ်များတွင် သတ်မှတ်ထားသည့် စွန့်ပစ်အမှိုက်များကို စွန့်ပစ်မှုစနစ်အတိုင်း စနစ်တကျစွန့်ပစ်ရန် အထူးလိုအပ်ပါသည်။

မြတ်စန္ဒီသင်းဇော်

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး အဆင့်မြှင့်အလုပ်ရုံဆွေးနွေးပွဲ လှိုင်ကော်မြို့၌ကျင်းပ

လှိုင်ကော် အောက်တိုဘာ ၆

ကယားပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာ့ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေး ပူးပေါင်းအဖွဲ့ Myanmar Consortium For Community Resilience (MCCR)တို့ကပူးပေါင်းကျင်းပသော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အဆင့်မြှင့်အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ် (UN-Habitat)မှ DRR Specialist Mr.Jaiganesh Murugesan ကမိတ်ဆက်အမှာစကားပြောကြား၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးသည် ရေရှည်တည်တံ့ပြီး ဘေးဒဏ်ခံနိုင်စွမ်းရှိသော ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ စီမံကိန်းအင်ဂျင်နီယာ ဒေါက်တာကျော်သူက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်မြို့နယ် စာရေးဆရာအသင်း အမှတ်(၁၆)အကြီးစားစက်ရုံလေ့လာ

ပြည် အောက်တိုဘာ ၆

ပြည်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင် ဦးဆောင်၍ ပြည်မြို့နယ်စာရေးဆရာအသင်းဝင်များသည် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအမှတ်(၁၆)အကြီးစားစက်ရုံသို့သွားရောက်၍ စက်ရုံအကြောင်း သိကောင်းစရာများကို သွားရောက်လေ့လာခဲ့သည်။

အခမ်းအနားတွင် အမှတ်(၁၆) အကြီးစားစက်ရုံအထွေထွေမန်နေဂျာ ဦးမြတ်ထွန်းက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အရှိန်အဟုန်မြှင့်ကူးပြောင်းနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးပေးနေကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရွှေဝင်း(ပြည်)

အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ တောင်ငူမြို့၌ကျင်းပ

တောင်ငူ အောက်တိုဘာ ၆

၂၀၁၃ခုနှစ် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အဆင့် လူရွေးချယ်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ် ခပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၂၈ ဦးက မဟာဂီတ၊ ကာလပေါ်၊ ခေတ်အကြိုက်အဆို ခြောက်မျိုး၊ ဆိုင်းအဖွဲ့လိုက် အတီးတစ်မျိုး စုစုပေါင်း ဘာသာရပ်ခုနစ်မျိုးတို့အတွက် လူစိစစ်ရွေးချယ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင် တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ကျင်းပရေးညှိနှိုင်း

ပြင်ဦးလွင် အောက်တိုဘာ ၆

နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကြီးကို မြန်မာသက္ကရာဇ် ၁၃၇၅ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်မှတန်ဆောင်မုန်းလပြည့်ကျော် ၁ရက် (နိုဝင်ဘာ ၁၄ ရက်မှ ၁၈ရက်အထိ)ငါးရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်မှုများအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် ပွဲတော်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဆိုင်ခန်းများနေရာချထားရေး၊ ပွဲတော်ကျင်းပမည့်ကွင်းပြင်ဆင်ရေးလုပ်ငန်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ပွဲတော်ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းများအပေါ် တက်ရောက်လာကြသူများက ဆွေးနွေးကြပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြင်ဦးလွင်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံးဝင်း၊ ဘားအံမြို့တွင် ဓာတ်ခွဲခန်းတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းတို့အတွက် တရားဝင် အသိအမှတ်ပြု (အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပေ (၅၀×၃၀×၁၁)အရွယ်အစား ဓာတ်ခွဲခန်းတစ်ခုတည်ဆောက်ခြင်း၊
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း၊
- မျိုးစေ့ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း၊
- မြေအသုံးချရေး ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း၊
- သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းသုံး ပစ္စည်းများဝယ်ယူခြင်း

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၄-၁၀-၂၀၁၃ ရက်
တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၂၅-၁၀-၂၀၁၃ ရက်

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် ၈-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါကဖုန်း-၀၅၈-၂၂၀၆၅၊ ၀၅၈-၂၁၀၇၁၊၀၉-၈၇၃၀၆၃၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်
ဘားအံမြို့

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန် အင်းစိန်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဒသမ ၇၇၂ဧကခန့်တွင် ရန်ကုန် အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင် အဆင့်မြင့်ဝန်ထမ်းအိမ်ရာများကို ရေမီးအပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်။

(က) အရာရှိကြီးအိမ်ရာ (လေးခန်းတွဲ ၁၂ထပ်) (၁)လုံး
(ခ) အရာရှိငယ်အိမ်ရာ (ရှစ်ခန်းတွဲ ၁၂ထပ်) (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ (ရှစ်ခန်းတွဲ ၁၂ထပ်) (၃)လုံး
(ဃ) 10 MVA Substation
(င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များဖော်ပြထားသည့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများပါဝင်သည့် တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ငွေကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ဖြင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်း အမှတ်သို့ပေးသွင်း၍ ငွေသွင်းချလန်ရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည် မဟုတ်ပါ။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ ၁၆:၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆
(Fax) ၀၆၇-၄၀၈၁၉၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာကောလိပ်(မိုးညှင်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာကောလိပ်(မိုးညှင်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

[illegible]	[illegible]	[illegible]
၁။	[illegible]	[illegible]
၂။	White board(6'x4')	[illegible]
၃။	Computer table	[illegible]

[illegible]

ပြည်တွင်းသတင်းနှင့်ဖျော်ဖြေရေးသတင်း

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် အောက်တိုဘာ ၄ ရက် နံနက်က တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စုနှင့် နွယ်ရစ်ကျေးရွာအုပ်စုတို့သို့ ကွင်းဆင်းခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်/ကျေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အုပ်စု၊ ကွင်းအမှတ်(၁၄၁၁-)ကွင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေရရှိရေးလုပ်ငန်းမှ ဆောင်ရွက်ပြီးဖြစ်သော ၁၀ လက်မ အဝီစိတွင်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အဝီစိတွင်းမှရေဖြင့် လယ်ဧက ၁၁၀ နှင့် အခြားသီးနှံစိုက်ခင်းများကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၂၁)**

မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လယ်ဝေးမြို့တွင် သရုပ်ပြ

လယ်ဝေး အောက်တိုဘာ ၆

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သီရိရတနာမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက သီရိရတနာဈေး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

အခမ်းအနားတွင် နေပြည်တော်မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှူးလက်ထောက်ညွှန်ကြားမှူး ဦးဝင်းနိုင်ဦးက မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်၊ မီးသတ်ယာဉ်များဖြင့် မီးသတ်စွမ်းရည်သရုပ်ပြခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကိုရူပ(နေပြည်တော်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရေတွင်းထဲမှ လူသေအလောင်းတွေ့ရှိ

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု ကာယ(၁၀)လမ်း နေအိမ် ခြံဝင်းအတွင်းရှိ အကာအရံမဲ့ ရေတွင်းထဲတွင် အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်းသိရသည်။

အောက်တိုဘာ ၃ ရက် နံနက်က မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု ကာယ (၁၀) လမ်းနေ ဒေါ်အုန်းကြည်၏ နေအိမ်ခြံဝင်းအတွင်းရှိ အကာအရံမဲ့ရေတွင်းထဲတွင် အမျိုးသမီးတစ်ဦးပြုတ်ကျနေကြောင်း သတင်းအရ မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်သန်းစိုးပါ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မအေးအေးမူ (၃၄နှစ်)ဖြစ်ပြီး ရေတွင်းအနက် ၁၂ ပေ၊ ရေအမြင့် ၁၁ ပေ၊ ရေတွင်း အကျယ် ၄ ပေ ပတ်လည်ရှိ အကာအရံမဲ့ လက်ယက် ရေတွင်းထဲ၌ မှောက်လျက်အနေအထားဖြင့် ရေနစ်သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် မအေးအေးမူအားရေတွင်းထဲမှ ဆယ်ယူကာ မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းမှအမှုဖွင့်ထားကြောင်း သိရသည်။ **မျိုးသန့်(အင်းစိန်)**

ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေကြဆဲ

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဧရာဝတီမြစ်အတွင်း မိုးစစ်ကျေးရွာနှင့် ရေလဲရွာဦးကျောင်းအတွင်း ဘက်ထရီဖြင့် ရှော့ခ်တိုက်ငါးဖမ်းလျက်ရှိနေသည့် မြင်ကွင်းတစ်ရပ်ကို ယခုရက်သတ္တပတ်အတွင်းက တွေ့ရပုံဖြစ်သည်။ သက်ဆိုင်ရာဌာနများအနေဖြင့် သိရှိအရေးယူဆောင်ရွက်နိုင်ရန် ဖော်ပြလိုက်ပါသည်။ **(ဝ၇၃)**

အင်းတော်မြို့နယ် တာပေါရွာအနီး နွားမှောင်ခိုများ ဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တာပေါကျေးရွာအနီးတွင် တရားမဝင်နွားမှောင်ခိုများကို သက်သေခံနွားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ညနေပိုင်းက အင်းတော် ရဲစခန်းမှူး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သောင်းစိန်ထွန်းနှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ တရားမဝင်နွားမှောင်ခို ပပျောက်ရေးစီမံချက်အရ သက်သေများနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် သတင်းအရ တာပေါရွာအနီး တောစပ်တွင် စောင့်ဆိုင်းခဲ့ရာ မင်းကိုဦးနှင့်သိန်းဝင်းတို့ နှစ်ဦးအား နွားငါးကောင်ကို ခွင့်ပြုချက်အထောက်အထားမပါဘဲ ပင်လည်ဘူးမြို့နယ်အတွင်းမှ ဝယ်ယူသယ်ဆောင်လာပြီး အင်းတော်မြို့နယ်မှတစ်ဆင့် ကချင်ပြည်နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။ ဖမ်းဆီးရမိသော သက်သေခံပစ္စည်း နွားထီးငါးကောင်၏ ကာလတန်ဖိုးမှာ ငွေကျပ် ၂၅ သိန်းဖြစ်ကြောင်း သိရသည်။

အရေးယူထား

အဆိုပါအမှုနှင့်ပတ်သက်၍ မင်းကိုဦး (၂၅နှစ်)တောင်သူ ရေပုတ်ကျေးရွာ ကသာမြို့နယ်နေသူနှင့် သိန်းဝင်း (၄၇နှစ်) တောင်သူ ရေပုတ်ကျေးရွာ ကသာမြို့နယ် နေသူတို့အား (ပ)၂၁၆/၂၀၁၃၊ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုအရ အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၉)ရပ်ကွက် မြို့ရှောင်လမ်းပေါ်တွင် တရားမဝင် ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများ ဖမ်းဆီးရမိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃ ရက် ညနေ ၃နာရီက ကသာမြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် တောအုပ်ကြီး ဦးကျော်ဦး၊ ကသာရဲစခန်းမှ ဒုရဲအုပ် သန်းထွန်းနှင့်အဖွဲ့၊ အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနီဝင်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကသာမြို့ အမှတ်(၉)ရပ်ကွက် မြို့ရှောင်လမ်း၌ နံပါတ်မပါ ထော်လာဂျီ နှစ်စီးပေါ်၌ တရားမဝင် ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ကျွန်းသစ်လုံး လေးလုံး ဝ ဒသမ ၉၀၀တန်၊ ကျွန်းရောင်ခြမ်းသုံးခြမ်း ဝ ဒသမ ၇၈၄ တန်၊ ကျွန်းခွဲသား တစ်ချောင်း ဝ ဒသမ ဝ၄၅ တန် စုစုပေါင်း ၁ ဒသမ ၇၂၉ တန်နှင့် ထော်လာဂျီ ယာဉ်နှစ်စီးတို့ဖြစ်ကြောင်း သိရှိရသည်။

ဦးစောနေအောင် ကသာမြို့နေသူ၊ ယာဉ်မောင်း ဖိုးငယ် ကသာမြို့နှင့် ထွန်းနိုင် လမ်းခွရွာ ကသာမြို့နေသူတို့အား ကသာမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

လူအောင် (ကသာ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဓာတ်အားစနစ်အတွင်း OPGW ကြိုးများလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) **ဓာတ်အားပိတ်ဆောင်ရွက်နိုင်မည့် ဓာတ်အားလိုင်းများ**
(က) ၂၃၀ ကေဗွီ လှော်ကား-သာကေတလိုင်း (22.29 km)
(ခ)၂၃၀ ကေဗွီ နေပြည်တော်-တောင်တွင်းကြီး (75.00 km)
(၂) **ဓာတ်အားမပိတ်ဘဲ (Live Line)ဆောင်ရွက်ရမည့် ဓာတ်အားလိုင်းများ**
(က) ၂၃၀ ကေဗွီ ရွှေမြို့-ပျဉ်းမနား (33.37 km)
(ခ)၂၃၀ ကေဗွီ သာစည်-ရွှေမြို့ (107.21 km)
(ဂ)၂၃၀ ကေဗွီ သာစည်-သပြေ (25.05 km)
(ဃ) ၂၃၀ ကေဗွီ ရွှေစာရံ-ဘဲလင်း (27.58 km)

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမည်ပြောင်း ဦးညွန့်သင်း၏သမီး အထက်တန်းရှေ့နေ မယဉ်မင်းပိုက် ၁၀/ပမန(နိုင်)၁၄၀၂၁၈ အား ယနေ့မှစ၍ မယွန်းမှီမှီဟု ပြောင်းလဲခေါ်ဆိုပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သထုံဓာတ်အားပေးစက်ရုံရှိ ချို့ယွင်းသွားသော Load Gear Box အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမည်ဖြည့်စွက်ခေါ်ပါရန် ကျိုင်းတုံမြို့၊ ကျိုင်းအင်းရပ်နေ ဦးဟောင်၏သား ဦးစိုင်းရွက် ၁၃/ကတန(နိုင်)၀၁၂၄၁၃ အား ဦးစိုင်းရွက်(ခ)စိုင်းရွက်ဟောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁-၁၉၅၄ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
ဖားကန့်မြို့နယ်၊ ဒွန်ဘန်ကျေးရွာ၊ ရပ်ကွက်(၃)နေ ဦးဂမ်ရိန်၏သား မောင်ဆွတ်မျိုးဂျတ်(ခ) မောင်ဆွတ်မြူးဂျပ် ၁/ကမန(နိုင်)၀၄၉၂၀၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မိုးကောင်းမြို့၊ အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(C)ခန်းမှ မကျော့ကျော့သက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်(ခ)ဦးဘိုးသက် ၁/မကတ(နိုင်)၀၉၈၅၄၈ ဖြစ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့မီးရထားပိုင် မန္တလေးဘူတာကြီး ၇၈လမ်းနှင့် ၃၀လမ်းရှိ ပုပ္ပားဟိုတယ် အမှတ် (၁)ဟု ခေါ်တွင်သော ဧရိယာ (အလျားပေ ၁၀၀× အနံပေ ၄၀)ကျယ်ဝန်းသော အခန်း (၄၂)ခန်းပါ သုံးထပ်အဆောက်အအုံနှင့် ၇၈လမ်းပေါ် (၂၈လမ်းနှင့် ၂၉လမ်း) ကြားရှိ ပုပ္ပားဟိုတယ် အမှတ် (၂)ဟုခေါ်တွင်သော (အလျားပေ၁၀၀×အနံပေ၁၀၀)ရှိ အခန်း ၁၂ ခန်းပါ နှစ်ထပ်အဆောက်အအုံပါ လုပ်ငန်းနှစ်ခုကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့်အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ် (၃)ရုံး မန္တလေးဘူတာကြီး၌ တစ်စောင်လျှင် (၁၀၀၀ဝိ/)နှုန်းဖြင့် ၇-၁၀-၂၀၁၃ရက်မှစ၍ ၂၈-၁၀-၂၀၁၃ရက် ၁၆:၃၀နာရီ အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။
၃။ အဆိုပါငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) ရုံးခန်းသို့ ၂၉-၁၀-၂၀၁၃ရက် ၁၃:၀၀နာရီ နောက်ဆုံးထားပေးပို့ရန်နှင့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၉-၁၀-၂၀၁၃ရက် ၁၃:၃၀နာရီတွင် မန္တလေးဘူတာကြီး အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊ ၀၂-၃၅၈၂၉၊ ၀၆၇- ၇၇၀၄၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွေးသက္ကရာဇ်အမှန် ညောင်တုန်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ ဦးထွန်းမြင့်၏သမီး မပိုးအိစံ ၁၄/ညတန(နိုင်)၁၉၇၂၁၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၃-၉၇ ဖြစ်ပါသည်။ **ဦးထွန်းမြင့်**

တက္ကသိုလ်အဆင့်ပညာရေး အဆင့်မြှင့်တင်ရေးဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၆

မြန်မာနိုင်ငံတွင်တက္ကသိုလ်အဆင့် ပညာရေးအဆင့်အတန်းမြှင့်တင်ရေး အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း သိပ္ပံဆောင်၌ ဖွင့်လှစ်ထားသည့် International Center Of Excellence (ICOE)က ကူညီပံ့ပိုး လျက်ရှိသည်။

ထိုသို့ ကူညီပံ့ပိုးပေးမှုအဖြစ် ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်၌ ဂျွန်ဟော့ကင်း တက္ကသိုလ်နှင့် Perdana University Graduate School Of Medicine မှ Dean ဖြစ်သူ Dr. Charles M. Wiener နှင့် Dr. Brian Garibaldi တို့က အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ နောက်ဆုံးပေါ် တွေ့ရှိချက်များကို အပြန်အလှန် ဆွေးနွေးပွဲအဖြစ် စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၁ရက်အထိ ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံမှာတက္ကသိုလ်အဆင့် ပညာရေးအဆင့်အတန်းမြှင့်တင်ရေးမှာ ကျွန်မတို့က တတ်စွမ်းတဲ့အပိုင်းက ဝိုင်းဝန်းကူညီပေးတာ ဖြစ်ပါတယ်၊ ဒါဟာ ဘာသာရပ်ဆိုင်ရာအလိုက် နိုင်ငံတကာတက္ကသိုလ်တွေက ပညာရှင်တွေ ဖိတ်ခေါ်ပြီး ပြည်တွင်းမှာ သင်တန်းပေးတာ၊အလုပ်ရုံဆွေးနွေးပွဲ ကျင်းပတာ၊ ဆွေးနွေးပွဲတွေကျင်းပတာတွေ ပြုလုပ်ပေးနေပါတယ်။ ဒါကအချိန်တိုအတွင်း ပညာရပ်ပိုင်းဆိုင်ရာ နီးနှောဖလှယ်ခွင့်တွေ၊ သိရှိခွင့်တွေကို မိမိနိုင်ငံအတွင်းမှာ ရရှိစေမှာဖြစ်ပါတယ်၊ ခေတ်နဲ့အညီ ဖွံ့ဖြိုးနေတဲ့ နည်းပညာရပ်တွေကို နိုင်ငံတကာကကျွမ်းကျင်သူနဲ့ဆွေးနွေးခွင့်၊ ဖလှယ်ခွင့် ရရှိစေမှာဖြစ်ပါတယ်၊ ဒါက ရေတိုစီမံကိန်းပါ။

ရေရှည်စီမံကိန်းအနေနဲ့ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဖြစ်တဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ကဆရာတွေနဲ့ နိုင်ငံတကာတက္ကသိုလ်ကဆရာတွေလာသင်ပေးဖို့စီစဉ်ထားပြီး တက္ကသိုလ်အဆင့် ဆရာ၊ ဆရာမတွေကို အဓိကထား သင်ကြားပေးမှာဖြစ်ပါတယ်"ဟု International Center Of Excellence မှတွဲဖက်ဉက္ကဋ္ဌဒေါ်ယူဇာမော်ထွန်းက ပြောကြားသည်။

ယခုပြုလုပ်နေသည့် ပထမဆုံး အကြိမ် ခေတ်မီဆေးပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်သည့် Update in Respiratory Disease အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ သူနာပြုတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊အလုပ်သမားဆေးရုံ၊ အင်းစိန်ဆေးရုံ၊ မင်္ဂလာဒုံဆေးရုံ၊ မဟာမြိုင်ဆေးရုံ၊ ပန်းလှိုင်ဆေးရုံ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံဆေးပညာကောင်စီ၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းနှင့် ပါမောက္ခချုပ်၊ လက်ထောက်ပါမောက္ခချုပ်၊ ကထိကနှင့် နည်းပြများ ၅၀ခန့် တက်ရောက် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့် ပညာရေးအဆင့်အတန်း မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ တက္ကသိုလ်များမှ ဆရာ ဆရာမများကို အမေရိကန် အီလီနွိုက်တက္ကသိုလ်မှ ပညာရှင်များ၊ တောင်ကိုရီးယားတက္ကသိုလ်မှ ပညာရှင်များနှင့်လည်း ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ဆက်လက်ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

(မြန်မာ့အလင်း)

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်တက္ကသိုလ်အတွင်း ဘွဲ့နှင်းသဘင်အဆောက်အအုံကို ဤသို့တွေ့ရစဉ်။



မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ တာမွေ၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ၃ရက်နံနက်၉နာရီခွဲက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အန္တရာယ်ပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အိဗာက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်မြကလူကုန်ကူးမှုပပျောက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှမြင့်က အနာဂတ် ကြယ်ပွင့်များ ထွန်းတောက်စေချင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်အထူးအဖွဲ့မှရဲအုပ်ဆန်းဦးက မူးယစ်ဆေးဝါး ဆိုးကျိုးများခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်မျိုးနိုင်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ကျောင်းသားကျောင်းသူ ၄၄၀ တက်ရောက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဖုန်းကတ်များရောင်းချရာတွင် သတ်မှတ်စည်းကမ်းများနှင့်မညီပါက ပါဝင်သူအားလုံးကို အရေးယူမည်

ရန်ကုန် အောက်တိုဘာ ၆

စက်တင်ဘာလအတွက် တန်ဖိုးနည်းဖုန်း(ခေါ်) ကျပ်၁၅၀၀တန် ဖုန်းကတ်များကို ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတွင် ရပ်ကွက်အလိုက် ခွဲတမ်းကျ မဲစနစ်ဖြင့် ရောင်းချပေးနေပြီကို သတင်းစာ စာမျက်နှာများပေါ်မှ သိနေရပြီဖြစ်သည်။

ယခု စက်တင်ဘာလအတွက် ပေးသည့် ဖုန်းကတ်များမှာ ယခင်လများကကဲ့သို့ CDMA (M.E.C 800 MHz) နှင့် G.S.M နှစ်မျိုးသာမက ကမ်းရိုးတန်းဖုန်းခေါ် WCDMA ကတ်တစ်မျိုးပါ တိုးလာသည့်အတွက် သုံးမျိုးသုံးစား ဖြစ်လာသည်ကို တွေ့ရသည်။ **(ယာပုံ)**

ပြီးခဲ့သောအပတ်က အပတ်စဉ် ပြုလုပ်ခဲ့သည့် ကြည့်မြင်တိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံသည့် အစည်းအဝေး၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက တိုင်းဒေသကြီးဝန်ကြီးချုပ်၏အမှာစကားအရ ဖုန်းကတ်များ ရောင်းချရာတွင် လျှောက်လွှာဖြင့် ရောင်းချခြင်းမပြုရန်၊ ငွေကြေးအပိုလုံးဝကောက်ခံခြင်းမပြုရန်၊ ခွဲတမ်းကတ်များကို ချန်လှပ်၍ ရောင်းချခြင်း မပြုရန်တို့ကို မှာကြားခဲ့သည်။

ထို့အပြင် ယင်းသတ်မှတ်ချက်များအားဖောက်ဖျက်ကြ၊ မသမာမှုပြု ရောင်းချသည်ကို ရပ်ကွက်ပြည်သူတို့အနေဖြင့် တိုင်ကြားလာပါက ရပ်ကွက် ဖုန်းကတ်ရောင်းချရေးကော်မတီဉက္ကဋ္ဌ(ရပ်ကွက်အုပ်ချုပ်ရေးမှူး)အပြင် ကော်မတီ၌ ပါဝင်သောသူများကိုပါ ခုံရုံးဖွဲ့စစ်ဆေးမည်ဖြစ်ပြီး မသမာမှုပြုကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွက် CDMA ,G.S.M, WCDMA၁၃၅ ကတ်ကို ရပ်ကွက်၂၂ရပ်ကွက်သို့ စက်တင်ဘာ၃၀ရက်မွန်းလွဲ၁နာရီကရပ်ကွက် အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ပြီး မိမိရပ်ကွက်အစီအစဉ်ဖြင့် အောက်တိုဘာ ၁ရက်မှ ၃ရက်အတွင်း အပြီးရောင်းချပေးရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်
(စက်မှုဆေးဝါး)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)
မြိတ်တက္ကသိုလ် (၂)ထပ်စာကြည့်တိုက်
အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ မြိတ်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူတည်ဆောက်မည့် (၂)ထပ်စာကြည့်တိုက် အဆောက်အအုံအတွက် လိုအပ်လျက်ရှိသော အောက်ပါတည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၁။	ဘိလပ်မြေ	(၃၆၂၃)	အိတ်
၂။	သံချောင်း(ရွယ်စုံ)	(၃၅·၃)	တန်
၃။	တောသစ်(ရွယ်စုံ)	(၆၇·၆)	တန်
၄။	သဲကြမ်း	(၁၂၈·၅)	ကျင်း
၅။	သဲချော	(၂၆·၅)	ကျင်း
၆။	ကျောက်စရစ်	(၁၂၂)	ကျင်း
၇။	အုတ်	(၁၄၁၈၇၉)	ချပ်
၈။	သစ်မာ(ရွယ်စုံ)	(၂၀·၆၀)	တန်
၉။	(၂'×၂')မျက်နှာကြက်ပြား	(၁၉၃၇)	ချပ်
၁၀။	(၈'×၈')ကြမ်းခင်းကြွေပြား	(၁၂၄၇)	ချပ်
၁၁။	(၈''×၁၀'')နံရံကြွေပြား	(၂၈၀၇)	ချပ်
၁၂။	သံပန်း	(၂၁၆၂·၅)	စ/ပေ
၁၃။	တံခါး+ပြတင်း ကျည်းပေါင်	(၂၆၅၃)	ပေ
၁၄။	တံခါးရွက် ပြတင်းရွက်	(၂၅၅၂·၅)	စ/ပေ
၁၅။	ရေဆေး	(၂၁၂)	ဂါလန်
၁၆။	ဆီဆေး	(၈၁)	ဂါလန်
၁၇။	၃၀ ဂိတ် အမိုးသွပ်ပြား	(၄၉၇၄)	ပေ

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** - ၅-၁၀-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၁၀-၂၀၁၃ရက် ၁၇း၀၀နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၈-၁၀-၂၀၁၃ရက် ၁၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မြိတ်ခရိုင်၊ မြိတ်မြို့၊
ဖုန်း-၀၅၉-၄၁၀၀၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014
(က) Micom Relay (P 643) (4) Nos
Tender No. 17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61) Nos
Tender No. 18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA (2) Sets
Tender No. 19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများ(ကချင်ပြည်နယ်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ကချင်ပြည်နယ်အတွင်းမှ သူနာပြု/သားဖွားသင်တန်းကျောင်းများ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

စဉ်	သင်တန်းကျောင်း	တည်ရှိရာမြို့	ဆက်သွယ်ရန်
၁	သူနာပြုနှင့်သားဖွား သင်တန်းကျောင်း	မြစ်ကြီးနား	ကျောင်းအုပ် ဖုန်း-၀၇၄-၂၂၉၈၈
၂	သူနာပြုသင်တန်းကျောင်း	ဗန်းမော်	ကျောင်းအုပ် ဖုန်း-၀၇၄-၅၀၆၃၂

၂။ တည်ဆောက်ပြုပြင်ရမည့် လုပ်ငန်းအသေးစိတ်ကို သက်ဆိုင်ရာကျောင်းအုပ်များနှင့်ဆက်သွယ်၍ ကွင်းဆင်းလေ့လာနိုင်ပါသည်။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သက်ဆိုင်ရာ ကျောင်းအုပ်များထံတွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက်-၂၀-၁၀-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
တင်ဒါတင်သွင်းရန်နေရာ-သူနာပြု/သားဖွားသင်တန်းကျောင်း၊ မြစ်ကြီးနားမြို့

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ တက္ကသိုလ်ဝင်တန်း(က)မှ မသဲစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးနေစိုး ၉/ရမသ(နိုင်)၀၅၅၅၃၂ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးစိန်ဝင်း၏သမီး လားရှိုးတက္ကသိုလ် 3rd Yr: Chem မှ မငွေငင်းဟွမ်နှင့် နန်းမွေငင်းဟွမ် ၁၃/လရန(နိုင်)၁၃၈၀၃၆တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးကြော်ငြာ

ဝန် ထမ်း အ လို ရှိ သည်

(AGTI Civil : B.Tech Civil : B.E Civil)

အမြန်အလိုရှိသည်

Admin Office

Sales & Marketing

Sales Administrator

Royal Mart Supermarket

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ စက်ရုံတည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ပါဝန်ထမ်း (၂)ဦး အလိုရှိပါသည်-

(က) လ/ထ အင်ဂျင်နီယာချုပ် - ကျား/မ(၁)ဦး
(Assistant Chief Engineer)

B.E (Civil) ဘွဲ့ရရှိသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိပြီး စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ အသက် (၄၀)မှ (၅၅)နှစ်အတွင်း ရှိရမည်။

(ခ) ဒု-အင်ဂျင်နီယာမှူးကြီး - ကျား/မ(၁)ဦး
(Deputy Senior Engineer)

B.E (Civil) ဘွဲ့ရရှိသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၇)နှစ်ရှိပြီး စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ အသက် (၄၀)မှ (၅၀)အတွင်း ရှိရမည်။

၂။ စက်ရုံများရှိ စက်ပိုင်းဆိုင်ရာများကို ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ရန် အောက်ပါဝန်ထမ်း(၂)ဦး အလိုရှိပါသည်-

(က) လ/ထ အင်ဂျင်နီယာချုပ် - ကျား/မ(၁)ဦး
(Assistant Chief Engineer)

B.E (Mechanical) ဘွဲ့ရရှိသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိပြီး စက်ရုံများရှိ စက်ပိုင်းဆိုင်ရာများကို ထိန်းသိမ်းစီမံဆောင်ရွက်နိုင်သူဖြစ်ရမည်။ အသက် (၄၀)မှ (၅၅)နှစ်အတွင်း ရှိရမည်။

(ခ) ဒု-အင်ဂျင်နီယာမှူးကြီး - ကျား/မ(၁)ဦး
(Deputy Senior Engineer)

B.E (Mechanical) ဘွဲ့ရရှိသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၇)နှစ်ရှိပြီး စက်ရုံများရှိ စက်ပိုင်းဆိုင်ရာများကို ထိန်းသိမ်းစီမံဆောင်ရွက်နိုင်သူဖြစ်ရမည်။ အသက် (၄၀)မှ (၅၀)အတွင်း ရှိရမည်။

၃။ လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်း/ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ ပတ်(စ်)ပို့ကာလာဓာတ်ပုံ(၂)ပုံ တို့နှင့်အတူ အမှတ် F(၁၉/၂၀)၊ အောင်ဆန်းကွင်းအနောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ **Original Great Popular Co.,Ltd.** ဖုန်း-၃၉၄၈၂၀၊ ၃၈၄၆၂၃တို့သို့ လူကိုယ်တိုင်လာရောက်၍ အလုပ်လျှောက်လွှာပုံစံများကို အခမဲ့ထုတ်ယူပြီး ၂၂-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်တော် မျိုးခိုင်ဝင်း ၁၂/ဗဟန(နိုင်)၀၁၆၇၀၃ ၏ Passport - ၃၂၁၅၅၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၃၁၀၆၃၉၁၁

ဝန်ထမ်းအလိုရှိသည်

(၁) ယာဉ်မောင်း **ကျား ၂ ဦး**

Auto, Manual ကားကြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ လိုင်စင်(အနီ)ဖြစ်ပြီး သက်တမ်းအနည်းဆုံး(၂)နှစ်ရှိသူ ဖြစ်ရမည်။ အဆောင်နေနိုင်သူကို ဦးစားပေးမည်။

(၂) စာရင်းကိုင် **ကျား + မ ၅ ဦး**

ဘွဲ့ရပြီးသူဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(၃) စာရင်းသွင်း **မ ၃ ဦး**

လက်ရေးလက်သားကောင်းမွန်ပြီး Calculator ကို ကျွမ်းကျင်စွာကိုင်နိုင်သူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်သူ၊ ဆက်ဆံရေးကောင်းမွန်ပြီး ယုဇနပလာဇာတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) အရောင်းဝန်ထမ်း **ကျား + မ ၁၀ ဦး**

အရောင်းအဝယ်စိတ်ဝင်စား၍ သွက်လက်ဖျတ်လတ်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်သူ၊ ဆက်ဆံရေးကောင်းမွန်ပြီး ယုဇနပလာဇာတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၅) ဂိုဒေါင်အုပ်ချုပ်ရေးမှူး **ကျား + မ ၁ ဦး**

၁၀ တန်း/ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဂိုဒေါင်စာရင်းဇယားနှင့် ပစ္စည်းထိန်းသိမ်းခြင်းလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရမည်။ အသက် (၃၅)နှစ်အထက် လုပ်ငန်းတာဝန်များကို တက်ကြွပြီး ရိုးသားစွာဖြင့် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၆) Designer **မ ၂ ဦး**

၁၀ တန်း/ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာ/ဒီဇိုင်းအမြင်ရှိရမည်။ ကိုယ်တိုင် Sample Complete ပြီးသည်အထိ တာဝန်ယူနိုင်သူဖြစ်ပြီး တောင်ဒဂုံစက်ရုံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူတို့နှင့်အတူ ၇-၁၀-၂၀၁၃ရက် လာရောက်လျှောက်ထားနိုင်ပါသည်။

(ယုဇနပလာဇာ) အထည်ဆိုင်
အမှတ် (11) B-စံပယ် ၇ လမ်း၊ အောင်မင်္ဂလာ
ဖုန်း-၀၁-၂၉၃၄၅၆၊ ၀၉-၇၃၂၁၆၂၂၇၊ ၀၉-၇၃၀၆၈၃၉၄

အမြန်အလိုရှိသည်

မိုးနတ်မယ်
အမျိုးသား/အမျိုးသမီး
အလှပြုပြင်ရေး

အမှတ် ၇၀၊ သဟာရလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ Ph-09-43029747

၁။ **ညှပ်/ဆေးဆိုး(ကျွမ်းကျင်) ကျား (၁)**
80000 + 10%၊ သုံးလပြည့်လျှင် 100000 + 10% ပေးမည်။

၂။ **လျှော်ကျွမ်းကျင်** **မ (၁)**
50000 + နေ + စား

ရောင်းမည်

၁။ မင်္ဂလာဒုံ၊ ကုန်းတလပေါင်း၊ ရွှေစေတီ ၃ လမ်း၊ ပေ (၆၀×၇၀) သိန်း ၂၈၀။

၂။ ဖောင်ကြီး-ပဲခူး၊ ကြီးလေး ကြီးလမ်းမကြီးဘေး ပေ(၄၃×၆၆) ရွာမြေ၊ သိန်း ၁၀၀ (ပွဲစားမလိုပါ)။

ဖုန်း-၀၉-၄၄၈၀၁၆၂၁၆

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ မာလာနွယ်လမ်း၊ တိုက်(၇၃၇-၇၄၁)၊ အခန်း(၀၀၁)သည် ဦးဘိုးစာအမည်ဖြင့် တည်ရှိသောအခန်းဖြစ်ပါသည်။ ဦးဘိုးစာမှာ ကွယ်လွန်သွားပြီးဖြစ်၍ သမီးဒေါ်ကြည်ကြည်လှိုင်ထံမှ ဒေါ်ခင်စိန် ၁၂/ဗတထ(နိုင်)၀၀၄၈၅၂က တရားဝင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်း၌ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝန်ထမ်းအမြန်အလိုရှိသည်

- AGTI / B.Tech / B.E (Civil & Mechanical Engineer) **ကျား/မ (၃)ဦး**
(Steel Structure လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။)

- AGTI / B.Tech / B.E (Civil & Mechanical Engineer) **ကျား/မ (၂)ဦး**
(Shop Drawing / 2D အတွေ့အကြုံရှိသူ ဦးစားပေးမည်)

အထက်ပါရာထူးနေရာအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ (၃)ပုံ၊ သက်ဆိုင်ရာဘွဲ့လက်မှတ်မိတ္တူ၊ မျှော်မှန်းလစာတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း အခန်း (၁၀၃)၊ တိုက် ၂၆/၁၊ သုမင်္ဂလာအိမ်ရာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမ၊ ကာချီးယားမှတ်တိုင်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၅၀၀၀၅၉၉၈ သို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

MOON SUN Trading Co., Ltd.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Chief Accountant** **(၁)ဦး**
B.Com ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။

၂။ **Cashier** **မ(၇)ဦး**
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။

၃။ **Pump Man** **ကျား(၂၀)ဦး**
ဘွဲ့ရ၊ ကွန်ပျူတာအခြေခံနားလည်ရမည်။

၄။ **Driver** **ကျား(၂)ဦး**
Light Truck မောင်းရန်။
- ရန်ကုန်မြို့တွင်း နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။
- ရွှေပြည်သာမြို့နယ်တွင်း နေထိုင်သူဦးစားပေးမည်။

လျှောက်လွှာနှင့်အတူ ပူးတွဲတင်ရန်
- CV Form
- ဘွဲ့/အောင်လက်မှတ်မိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- နိုင်ငံသားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ
- ရပ်ကွက်ထောက်ခံစာ/ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ
- ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ -Moon Sun Trading Co.,Ltd.
အမှတ် (၁၆၃/၁)၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၉၅၁၆၉၂၄၈၂၊ ၀၁-၆၉၁၃၆၆၊ Fax-၉၅၁၆၉၂၄၈၂
(သတင်းစာတွင်ကြော်ငြာပါပြီး တစ်ပတ်အတွင်းလျှောက်ထားရန်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃/နဝဒေးရပ်၊ လူနေရပ်ကွက် အမှတ် နဝဒေးရပ်ကွက်၊ မြေကွက်အမှတ် (ပစ-B-၈၇၅)၊ ဧရိယာ ၀ ဒသမ၁၁၀ ဧက၏ အမည်ပေါက်ပိုင်ရှင် ဒုအရာခံဗိုလ်ဝင်းသိန်း ၁၂/သကတ(နိုင်)၀၇၅၆၅၃ (ဘ)ဦးဘသိန်း ကွယ်လွန်သွားပါသဖြင့် အမွေခံဇနီး ဒေါ်ခင်မေမြင့် ၁၂/သကတ(နိုင်)၀၇၄၆၇၇ (ဘ)ဦးကျော်သိန်းမှ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အားသစ် နိုင်ငံခြားဘာသာ

(A) Sat, Sun 12:30(pm)-3:30(pm)
(B) Tues,Wed,Thus 5:00(pm)-7:00(pm)

09 500 1599, 09 8632973, 09 73172556

ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားစာ

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၆နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၄

ဦးမောင်ဝင်း	နှင့်	ဦးညီညီအောင်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဦးညီညီအောင်၊ မန်နေဂျင်းဒါရိုက်တာ၊ ကုန်းဘောင်ကုမ္ပဏီလီမိတက်၊ အမှတ်(၃၄)၊ အင်းစိန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၆ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမောင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးအောင်)
ခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၈/၂၀၁၃)
နေပြည်တော် ၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော်၁၂ရက် (၂၀၁၃ခုနှစ် အောက်တိုဘာ ၁ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင် လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၄င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက်မှ နိုဝင်ဘာ ၅ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့် အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင် လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၁ ခုနှစ် ဇာရီမှုအမှတ် (၁၁၁)

မန်နေဂျာ **နှင့်** ၁။ ဒေါ်ကျင်ရွှေ ပါ-၃
မြန်မာ့စီးပွားရေးဘဏ်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၃၂၃ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း (၁/က)၊ ဦးပိုင်အမှတ် (၂/ည)၊ မြေကွက်အမှတ် (၂/၁၇၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း လူနေအိမ်တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၇၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ဂေါ်ဒင်မြေ
ဗုဒ္ဓဂယာ နှင့် ပြည်တွင်း ခရီးသွားလှည့်ခန်း
Promotion (၁၀)ဦး + (၁)ဦး အခမဲ့
*ဗုဒ္ဓဂယာ၊ နာလန္ဒာ၊ ရာဇဂြိုဟ် (၃) ည (၄) ရက်
*ဗုဒ္ဓဂယာ၊ နာလန္ဒာ၊ ရာဇဂြိုဟ်၊ ဗာရာဏသီ (၄) ည (၅) ရက်
*သာဝတ္ထိနယ်လေးဌာန၊ လုမ္ဗိနီ၊ ရာဇဂြိုဟ် (၇) ည (၈) ရက်
*(သာဝတ္ထိ + အဝိဇဟိတ) လေးဌာန၊ နယူးဒေလီ (၁၄) ည (၁၅) ရက်
Promotion (၃)ဦး + (၁)ဦး အခမဲ့
Oct 17 Oct 18
Oct 18 Oct 18
Ph: 09.73340050, 09.73340051, 09.73340052, 09.420187871, 09.420187872

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် စာသင်ဆောင်နှင့် ဆရာ ဆရာမဆောင်များ တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စာသင်ဆောင်နှင့် ဆရာ၊ဆရာမဆောင်များတည်ဆောက်ခြင်းလုပ်ငန်း

(က)ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
ဆရာ၊ ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄) ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း
(ခ) နည်းပညာတက္ကသိုလ် (မုံရွာ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဂ) နည်းပညာတက္ကသိုလ် (စစ်ကိုင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဃ)နည်းပညာတက္ကသိုလ် (ရမည်းသင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(င) နည်းပညာတက္ကသိုလ် (မကွေး)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(စ)နည်းပညာတက္ကသိုလ် (မှော်ဘီ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဆ) နည်းပညာတက္ကသိုလ် (ပုသိမ်)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဇ) နည်းပညာတက္ကသိုလ် (စစ်တွေ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဈ)အစိုးရနည်းပညာကောလိပ် (မိုးညှင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ည) အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဋ) အစိုးရနည်းပညာအထက်တန်းကျောင်း (ကျိုက်လတ်)
(၁) ပင်မနှစ်ထပ်စာသင်ဆောင် ပေ (၂၁၇×၁၃၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(၂) ခြောက်ခန်းတွဲနှစ်ထပ် လူနေဆောင် ပေ (၁၄၇×၄၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(ဌ) အစိုးရနည်းပညာအထက်တန်းကျောင်း (လပွတ္တာ)
(၁) ပင်မနှစ်ထပ်စာသင်ဆောင် ပေ (၂၁၇×၁၃၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(၂) ခြောက်ခန်းတွဲနှစ်ထပ် လူနေဆောင် ပေ (၁၄၇×၄၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(ဍ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဎ)ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း
(ဏ)မန္တလေးကွန်ပျူတာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ(၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် သံကူကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်း
(တ)ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄) ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၇-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ (၄)ခန်းတွဲ ငါးထပ်တိုက်ခန်းများအနက် MALAKHA COMPLEX၊ တိုက်(၂)၊ အခန်းအမှတ် ၄၀၂၊ စတုတ္ထထပ်တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဦးစံဝင်း၏သား ဦးတင်ဝင်း ၁၂/သခန (နိုင်)၀၀၀၃၃၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ဝင်း B.A (Eco), H.G.P, R.L
တရားလွှတ်တော်ရှေ့နေ၊ စဥ်-၄၈၅၈
အမှတ် ၅၅၊ အခန်း ၁၅(က)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၂၇၈၅၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၂၀၁၅၊ Kenbo, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၉/မနမ(နိုင်)၀၇၈၂၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၉၁၄၁၊ Kenbo 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးနန်း ၉/မရမ(နိုင်)၀၉၂၈၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၀၉၁ Toyota Mark II 6×81 S/L (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၉/မရမ(နိုင်)၀၈၁၁၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၉၆၈၄၅ Star Diamond M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမင်း ၉/ခမစ(နိုင်)၀၀၀၃၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၁၆၂ New-Sumbo 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၉/မရမ(နိုင်)၀၁၀၉၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မဥ္ဇူလမ်းနှင့်သော်ကလမ်းကြား၊ မြေကွက်အမှတ် ၂၅၄၊ အကျယ်ပေ($\frac{၁၅၀'}{၂၀'}$ × $\frac{၂၀၀'}{၁၀၀'\times၁၀၀'}$)ရှိ မြေကွက်အားဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်ရှင်မိနှောင်း ၉/ရမသ(နိုင်)၀၀၁၉၅၅ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်မာလွင် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးပိုင်အမှတ် ၄၂၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ ကွင်းအမှတ် ၁၁၁၅/ငါးဟစ်ကန်၊ မြေအကျယ်အဝန်း (အလျား ၄၆၅ပေ×အနံ ပေ၈၀)ရှိ တဲပိုင်းကြီး ဘိုးဘွားပိုင်ခြံမြေအား တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ရီ ၁၂/လကန(နိုင်)၀၈၆၈၅၁၊ ဦးမြသွင် ၁၂/လကန(နိုင်)၁၂၃၀၉၃၊ ဒေါ်အုန်းသိန်း HGU-၁၂၆၃၂၈ နှင့် ဦးစံငွေး ၁၂/ကတန(နိုင်)၀၀၄၆၉၃ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သင်းသင်းနိုင် LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ (စဥ်-၂၃၀၀၇)
အမှတ် ၁၅/ပထမထပ်၊ ဇမ္ဗူရစ်လမ်း၊
ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၇၃၀၇၆၅၇၂

အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ စကုမြို့၊ ပင်လယ်သက်ကျေးရွာအုပ်စု၊ ပင်လယ်သက်ကျေးရွာနေ၊ အိမ်အမှတ် ၉၃ အမည်တွင်သော ဦးသောင်းကြည်၊ ဒေါ်မြင့်သန်း၊ မရီရီသန့်မိသားစုတို့ပိုင် ပေ(၃၀×၁၀၀)ရှိ အိမ်နှင့်ဝိုင်းမြေကွက်တို့ကို ပင်လယ်သက်ကျေးရွာနေ ဒေါ်အိအိဖြူမှ ကာလတန်ဖိုးဖြင့် ၁၇-၇-၂၀၁၃ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ၄င်းဝယ်ယူခဲ့သည့်မြေကွက်ပေါ်ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အိအိဖြူ တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်အိအိဖြူ	**ဦးချမ်းမြေ့ငွေး LL.B**
၈/မဘန(နိုင်)၀၈၀၆၆၀	**အထက်တန်းရှေ့နေ (စဥ်-၃၇၉၅၆)**
ပင်လယ်သက်ကျေးရွာ၊ စကုမြို့	**ဖုန်း-၀၉-၃၆၁၇၇၇၆၀**

အများသိစေရန်ကြေညာချက်

[illegible]

တောင်းပန်ကြောင်းနှင့် ဝန်ခံကတိပြုခြင်း

လားရှိုးမြို့နယ်၊ တာပုံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀)၊ (တာပုံမြောက်)ရှိ ဦးကျော်စွာမြင့်၊ ၉/မနမ(နိုင်)၁၂၂၈၈၈ ပိုင်ဆိုင်သော မြေဧက ၂၀ဒသမ၁၆ အတွင်းသို့ ကောင်းကြဲပိတ်အုပ်စု ကုန်းဆုံကျေးရွာနေ ဦးလိုင်းခမ်းမတ်၏သား ဦးအောင်ဘ ၁၃/လရန(နိုင်)၀၄၀၀၁၁၊ ဦးအောင်ယော၏သား ဦးဆန်အွမ်(ခ)စိုင်းကျော်လှ (LSO. ၁၆၆၈၉၂) ဦးအိုက်ရီ၏သား ဦးဆန်အေး ၁၃/လရန(နိုင်)၁၁၁၁၂၀ တို့ သုံးဦးသည် ခွင့်ပြုချက်မရရှိဘဲ ဦးကျော်စွာမြင့် ပိုင်ဆိုင်သော မြေယာအတွင်းသို့ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခဲ့ပါသည်။

ကျွန်တော်တို့သုံးဦးမှ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခဲ့သည်မှာ မှားယွင်းပါသဖြင့် ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကြော်ငြာပြီးသည့်ရက်မှစ၍ နောက်နောင်တွင် ဤကဲ့သို့ နှောင့်ယှက်လုပ်ကိုင်ခြင်းမျိုး မပြုလုပ်ပါကြောင်း ဝန်ခံကတိပြုပါသည်။ ဤမြေကွက်နှင့်မြေကွက်ဥပစာအတွင်း၌ စိုက်ပျိုးထားသမျှအားလုံးသည်လည်း ကျွန်တော်တို့သုံးဦးပိုင်ဆိုင်ပတ်သက်မှုမရှိကြောင်း ဦးကျော်စွာမြင့်မှ တစ်ဦးတည်းပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိမိဆန္ဒအလျောက် ဝန်ခံကတိပြုသူများ-

(၁)	ဦးအောင်ဘ	၁၃/လရန(နိုင်)၀၄၀၀၁၁၊
(၂)	ဦးဆန်အွမ်(ခ)စိုင်းကျော်လှ	(LSO.၁၆၆၈၉၂)
(၃)	ဦးဆန်အေး	၁၃/လရန(နိုင်)၁၁၁၁၂၀

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်
ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်းခေါင်းစဉ်(၆၀)၊ ပညာရေး(၄)၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန(ဖြည့်စွက်လုပ်ငန်း)ငွေလုံးငွေရင်း ခေါင်းစဉ်အောက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ကျိုက်ထိုမြို့နယ်တွင် ၁၁ ကျောင်း၊ မော်လမြိုင်မြို့နယ်တွင် ၁၀ ကျောင်း၊ မုဒုံမြို့နယ်တွင် ၁၄ ကျောင်း၊ စုစုပေါင်းကျောင်း ၃၅ ကျောင်းအား ကျောင်းဆောင်အသစ် ဆောက်လုပ်နိုင်ရေးအတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၁၀-၂၀၁၃ ရက် ၉း၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၃၀-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၅၇-၂၅၈၁၅ (လူမှုရေးဝန်ကြီးဌာနရုံးခန်း)
(ခ) ၀၅၇-၂၇၃၀၃ (မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ၀၅၇-၂၇၁၄၉ (ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး)

တင်ဒါခေါ်ယူရေးအဖွဲ့၊ မွန်ပြည်နယ်

မြင့်သန်းကျော်
တာနိုးအာကာနင့်
ဘာ[illegible]ဆောင်းပါးများ

[illegible]

FORD LINCOLN NAVIGATOR ရောင်းမည်။ (၄၈၀သိန်း)
STATION WAGON၊ ၇ယောက်စီး၊ 5.4 CC၊ ဓါတ်ဆီ၊
2006 MODEL၊ TV ၂လုံး၊ အဖြူ၊ ၇င၊ ၆၃၀၀၀ မိုင်၊
အမည်ပေါက်။ ဆက်သွယ်ရန် 09 430 21001

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၅၅၇၇၁၊ Honda Wave NF 125 MT ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၆/ကသန(နိုင်)၀၄၀၉၁၈သည် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(သာယာဝတီ)**

ကန့်ကွက်နိုင်ပါသည်

[illegible]

B.Sc (Phy), H.G.P, M.A (Business Law),
D.B.L, D.M.L, D.I.L, D.B.S, D.A.Psy, D.A.E
Post Graduate Diploma in Law 1st Batch

[illegible]

Email:umyokyaw1966@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈-E ၁၊ မြေကွက်အမှတ် ၉၅၊ မြေကွက်တည်နေရာအမှတ်-၃၅၊ ၄က်ပျောတောလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်သိန်းမြိုင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းမြိုင်နှင့်ခင်ပွန်း ဦးချစ်ဖေတို့ ကွယ်လွန်သဖြင့် (၁)ဦးလှမြင့် ၁၂/စခန(နိုင်)၀၂၁၆၈၉၊ (၂)ဦးချစ်ရွှေ ၁၂/စခန(နိုင်)၀၄၆၅၂၇၊ (၃)ဦးသိန်းလွင် ၈/ပခက(နိုင်)၀၇၆၂၆၄၊ (၄)ဒေါ်သိန်းသိန်းဦး ၁၂/စခန(နိုင်)၀၂၁၆၈၇၊ (၅)ဦးအောင်မင်း ၁၂/စခန(နိုင်)၀၂၁၆၈၂တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ် ၁၀၄၀၊ မြေကွက်တည်နေရာအမှတ်-၁၀၄၀၊ မုဒိတာလမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးမောင်ရွှေ ၁၂/စခန(နိုင်)၀၇၁၆၄၄ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ရွှေနှင့်ဇနီး ဒေါ်အဝင်းကွယ်လွန်သဖြင့် (၁)ဦးကျော်မင်းဦး ၁၂/ကတတ (နိုင်)၀၀၉၅၇၀၊ (၂)ဒေါ်မမြတ်စိုး ၁၂/ကတတ(နိုင်)၀၂၆၀၁၅၊ (၃)ဒေါ်အေးမင်းစိုး ၁၂/ကတတ(နိုင်)၀၀၂၅၅၃၊ (၄)ဦးနေလင်းထွန်း ၁၂/ကတတ(နိုင်)၀၂၆၀၅၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

(၁)နှစ်ပြည့်အမှတ်တရ / (၁)နှစ်ပြည့်အမှျပေးဝေခြင်း

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးထွန်းလှ
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
(၇-၁၀-၂၀၁၂)-(၇-၁၀-၂၀၁၃)

ဖခင်ကြီး ကွယ်လွန်သွားသည်မှာ ၇-၁၀-၂၀၁၃ ရက်တွင် (၁)နှစ်ပြည့်မြောက်ပြီးဖြစ်ပါသည်။ (၁)နှစ်တာကာလအတွင်း ရည်စူး၍ ပြုလုပ်ခဲ့သောကုသိုလ်အပေါင်းကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ ကြားသိနိုင်ပြီး သာဓုခေါ်ပါ။

ဖခင်ကြီးရေ အမျှ-အမျှ-အမျှ

ဇနီး- ဒေါ်သာသာ (စက်မှု-၂၊ ငြိမ်း)
သမီး- ဒေါက်တာမြမြခင် (**Nanyan Technical University Singapore)**
မြေးများ-ဒေါက်တာမင်းသစ်နိုင်(အလုပ်သင်ဆရာဝန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကိုစိုးသူအောင် (နည်းပညာတက္ကသိုလ်၊ အနောက်ပိုင်း)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်ဝေ
အသက်(၆၁)နှစ်

ဦးတင်စွမ်း (OK ပူတင်းပေါင်မုန့်တိုက်)၏ဇနီး ဒေါ်မြင့်မြင့်ဝေ အသက်(၆၁)နှစ်သည် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်မာလာထွန်း
တွံတေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဈေး ၈လမ်း၊ အမှတ် ၁၈၇ ပေ(၄၀×၆၀) ၏ခြေရင်းခြမ်း ပေ(၂၀×၆၀) မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြောက်ဒဂုံမြို့နယ်၊ ၃၅ရပ်ကွက်၊ ကန်သာယာ (၁)လမ်း၊ အမှတ် ၁၂၁၆နေ ဒေါ်ခင်စန်းရှင် ၁၂/ဥကမ(နိုင်)၀၈၂၂၀၂၈ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟန်ထွန်း ၈/ခမန(နိုင်)၁၀၇၆၀၁ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤအကြောင်းကြားစာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးမင်းကိုလွင် (စဥ်-၄၁၄၂၈)
အထက်တန်းရှေ့နေ
အမှတ် ၂၆၈၊ ၁၂ ရပ်ကွက်၊
တပင်ရွှေထီးလမ်း၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၄၂၅၃၀၄၉၃၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၀)၊ လူနေရပ်ကွက်အမှတ် (၃၀) ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် (၁၀)၊ အခန်း (၂၀) ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသူရဝင်း ၁၂/ရကန(နိုင်)၀၁၃၉၈၆ ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြတ်စိုး ၇/တငန(နိုင်)၀၀၈၂၆၄ က တိုက်ခန်းအမည်ပေါက်ပြောင်းလဲပေးပါရန်နှင့် နေထိုင်ခွင့်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

[illegible]

ကန်ထရိုက်တာ ဦးအေးဝင်း ၁၂/စခန(နိုင်)၀၀၄၂၉၇ အမှတ် ၄၄ မြေညီထပ်၊ ဌာနလမ်း၊

ကြည့်မြင်တိုင်၊ ရန်ကုန်မြို့နှင့် အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ မင်္ဂလာလမ်း၊ အမှတ် ၃၆၁ နေ မြေအမည်ပေါက်ပိုင်ရှင် ဒေါ်ပု(ခ)ဒေါ်ခင်ပု၏လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေကြီး ဦးမောင်မောင်ဦး၏ ၁၆-၉-၂၀၁၃ရက်စွဲပါ ပြန်ကြားစာအား ပြန်လည်ရှင်းလင်းကြေညာတောင်းဆိုပါသည်။ ပြန်ကြားစာ၌ ဖော်ပြထားသည့်အချက်များသည် စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ မုန့်လက်ဆောင်းကုန်း၊ တောင်ရပ်ကွက်၊ အမှတ် ၈၀၊ နှစ်ထပ်အိမ်ဟောင်းအား ခြောက်ထပ်တိုက်သစ်ပြန်ဆောက်ရန် မြေရှင်ဒေါ်ခင်ပုနှင့် မူလအိမ်ငှားများကြား ချုပ်ဆိုခဲ့သော ၂၆-၈-၂၀၀၅ စာချုပ်ပါ သဘောတူညီချက်များနှင့် မညီ၍ မှန်ကန်မှုမရှိပါ။ ဦးအေးဝင်း၏ အလုပ်သမားများ တရားဝင်နေကြောင်း ဖော်ပြချက်သည်မမှန်ပါ။ ဒေါ်ခင်ပု၏ နှုတ်သဘောတူချက်အရ မြေဂရန်နှင့် ကိုယ်စားလှယ်လွှဲစာများ ပေါင်နှံကြောင်း လုံးဝမှန်ကန်မှုမရှိပါ။ ဦးအေးဝင်းက (၅)နှစ်ကျော်သည်အထိ ခြောက်ထပ်တိုက်သစ်မဆောက်ခဲ့၍ ၉-၉-၂၀၁၃ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့လျက် သဘောတူစာချုပ်နှင့် ကိုယ်စားလှယ်စာနှစ်စောင်ကို ဖျက်သိမ်းရုပ်သိမ်းခဲ့ရခြင်းဖြစ်ပါသည်။ သို့ပါ၍ ၁-၁၀-၂၀၀၈ ရက်စွဲပါ ခြောက်ထပ်တိုက် ဆောက်ရန် သဘောတူစာချုပ်၊ ကိုယ်စားလှယ်စာအမှတ် (၆၈၄၅/၀၄)နှင့် (၁၁၅၉၄/၀၈)အား ဦးအေးဝင်း၏ ကတိပဋိညာဉ် ဖောက်ဖျက်ပျက်ကွက်မှုကြောင့် ကြေညာဖျက်သိမ်းကြောင်းနှင့် ၉-၉-၂၀၁၃ ရက်စွဲပါ နို့တစ်စာကို ထပ်မံအတည်ပြုကြောင်း ရှင်းလင်းကြေညာပါသည်။ ထို့ကြောင့် တိုက်သစ်မဆောက်ဖြစ်ဘဲ အိမ်ပေါ်နေထိုင်သူ အလုပ်သမားဆိုသူများသည် ၃၀-၁၀-၂၀၁၃ရက်နောက်ဆုံးထားဖယ်ရှား ထွက်ခွာပေးရန်နှင့် ဂရန်မူရင်းနှင့် ကိုယ်စားလှယ်လွှဲစာ မူရင်းနှစ်စောင်အား ပြန်လည်ပေးအပ်ရန် ကြေညာတောင်းဆိုပါသည်။ ရှေ့နေကြီး ဦးမောင်မောင်ဦးသို့လည်း ရှင်းလင်းပြန်ကြားစာ ပေးပို့ပြီးဖြစ်ပါသည်။ **ဒေါ်ပု(ခ)ဒေါ်ခင်ပု၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးအေးနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၄၀၆၅/၈၇
အမှတ်-၆၈၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၈၆၅၅၉၊ ၀၉-၅၄၀၁၂၉၂

အထူးဝမ်းနည်းကြေကွဲခြင်း
ဝဏ္ဏကျော်ထင်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဝိပဿနာတရားပြဆရာကြီး
ဦးဆတယာနာရားယန်ဂိုအင်ကာ(ဦးဂိုအင်ကာ)
အသက်(၉၀)

ဦးမောင်ရွှေ(ခ)Mr.B.L.Goenka ၏ဖခင်၊ ဦးမောင်စိန်(ခ)Mr.Rajul Goenka၏ အဘိုးဆရာကြီးဦးဂိုအင်ကာသည် ၂၉-၉-၂၀၁၃ရက် မြန်မာစံတော်ချိန် ၂၃း၄၀နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **ဆရီဆသ်နာရာယန်းဘုရားကျောင်းကော်မတီ၊ တောင်ကြီးမြို့**

အထူးဝမ်းနည်းကြေကွဲခြင်း
ဝဏ္ဏကျော်ထင်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဝိပဿနာတရားပြဆရာကြီး
ဦးဆတယာနာရားယန်ဂိုအင်ကာ(ဦးဂိုအင်ကာ)
အသက်(၉၀)

ဦးမောင်ရွှေ(ခ)Mr.B.L.Goenka ၏ဖခင်၊ ဦးမောင်စိန်(ခ)Mr.Rajul Goenka၏ အဘိုးဆရာကြီးဦးဂိုအင်ကာသည် ၂၉-၉-၂၀၁၃ရက် မြန်မာစံတော်ချိန် ၂၃း၄၀နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **တောင်ကြီးမြို့နယ်ဟိန္ဒူဘာသာရေးအဖွဲ့ခွဲအမှုဆောင်အဖွဲ့**

ဝမ်းနည်းခြင်းကြေကွဲခြင်း

[illegible]

Amazing Hotels & Resorts

ဝမ်းနည်းခြင်းကြေကွဲခြင်း

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အောင်မြင့်
ဆရာမ(ငြိမ်း)၊ အထက(၁)တောင်ငူ
အသက်(၇၀)

ဦးဖိုးသင်မောင်(ထူးကုမ္ပဏီများအုပ်စု)၏မိခင် ဒေါ်ခင်အောင်မြင့် အသက် (၇၀)သည် ၃-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၄၀ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

